ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 24 April 2020 ၉၉၈၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်




နေပြည်တော် ဧပြီ ၂၃

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

❍ **COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲရာ၌ စနစ်တကျရှိရေး၊ စက်ရုံ အလုပ်ရုံများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်နိုင်ရေး၊ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ လျင်မြန်ချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး**

**အမှာစကား ပြောကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို မေလ (၁၅)ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းစကားပါး

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို မေလ (၁၅)ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

COVID–19 ကာကွယ် ထိန်းချုပ် ကုသရေး ဗဟိုကော်မတီက ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ ညွှန်ကြားချက်တွေကို ဧပြီလ(၃၀)ရက်နေ့မှ မေလ (၁၅) ရက်နေ့အထိ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## အမုန်းစကားမလိုလား မေတ္တာတရားလွှမ်းခြုံ

ထိခိုက်နာကျင်မှု ခံစားနေရသောအခါ၌လည်းကောင်း၊ စိုးရိမ်ပူပန်မှု ကြုံတွေ့နေရသောအခါ၌လည်းကောင်း၊ စိတ်နှလုံးညှိုးငယ် မွန်းကျပ်နေသောအခါ၌လည်းကောင်း မေတ္တာတရား၊ ကရုဏာတရားများသည်သာ စိတ်ဓာတ်ခွန်အားတစ်ရပ်ဖြစ်စေပြီး ကြုံတွေ့ခံစားနေရမှုများအားလုံးကို အတိုင်းအတာတစ်ခုအထိ အေးငြိမ်းချမ်းသာ သာယာချမ်းမြေ့မှုကို ဖြစ်စေနိုင်ပါသည်။

ယနေ့ကာလတွင် အများပြည်သူတို့မှာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသာယာမှုကို အထူးလိုအပ်နေသော အခါကာလဖြစ်ပါသည်။ ထိုကာလတွင် လူအချင်းချင်း မေတ္တာသက်ဝင်ရှိရမည့်အစား အမုန်းစကားများဖြင့် ရန်ငြိုးပွားပြီး သောကအပူမီးကို ထပ်တိုးလောင်မြိုက်စေမည့် အပြုအမူများကို ရှောင်ရှားကြဖို့လိုမည် ဖြစ်သည်။ ယနေ့ကာလတွင် လူအချင်းချင်းဆက်ဆံခြင်းမှဖြစ်စေ၊ လူမှုကွန်ရက်အချင်းချင်း ထိတွေ့ခြင်းမှဖြစ်စေ အမုန်းတရားများ တိုးပွားစေမည့် ပြုမူဆက်ဆံမှုများရှိလာသည်ကို တွေ့ရပါသည်။

"အမုန်းစကား" ဆိုသည်မှာ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား၊ မ သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည်လည်း အမုန်းစကားပင် ဖြစ်ပါသည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့ကို ဖြစ်ပေါ်စေပြီး လူ့အသိုက်အဝန်းအတွင်း ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တတို့ကိုလည်း ထိခိုက်စေပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုစည်းနေထိုင်သည့် လူ့အဖွဲ့အစည်းဖြစ်ပြီး လူတိုင်းလူတိုင်းသည် ဂုဏ်သိက္ခာရှိစွာဖြင့် ဘဝရပ်တည်နေထိုင်နိုင်ရန်၊ လူအချင်းချင်း လေးစားစွာဆက်ဆံမှုကို ခံယူနိုင်ရန်၊ ကြောက်ရွံ့မှုကင်းစွာဖြင့် နေထိုင်နိုင်ရန် အခွင့်အရေးရှိသည်ဖြစ်၍ မေတ္တာတရားကိုအခြေခံပြီး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုစသည်တို့ကို အခြေတည်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရန်အတွက် အမုန်းတရားများကို ငြိမ်းအေးပယ်သတ်နိုင်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားများ တိုးပွားလာအောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတိုးတက်နေသောကာလ၌ ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို အသုံးချ၍ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု၊ အများပြည်သူလုံခြုံမှုကို ထိခိုက်စေသည့် အပြုအမူ အကြောင်းအရာများကို ဖယ်ရှားကြရမည် ဖြစ်ပါသည်။

အများနှင့်သက်ဆိုင်သော အကြောင်းအရာကိစ္စရပ်များကို လွတ်လပ်စွာ ပြောဆိုခွင့်ရှိသော်လည်း အနိုင်ကျင့်ခြင်း၊ အရှက်ခွဲခြင်း၊ နိုင်ထက်စီးနင်း နှောင့်ယှက်ခြင်းတို့ကို တိုက်ဖျက်ဖယ်ရှားကြရမည် ဖြစ်ပါသည်။ တစ်ပါးသူတို့၏ လူမျိုး၊ နိုင်ငံ၊ ဘာသာ၊ ဒေသ၊ ကျား၊ မ လိင်ကွဲပြားမှု၊ မသန်စွမ်းသူများနှင့် ရောဂါဘယဖြင့် ကျန်းမာရေးထိခိုက်သူများအပေါ် အကြောင်းမဲ့ထိခိုက်နာကျင်စေသော အမုန်းစကားများကို ဝိုင်းဝန်းဖယ်ရှား ဆန့်ကျင်ကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည် မိမိတို့၏ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ဝန်ထမ်းများအားလုံးပါဝင်ရန်နှင့် ပံ့ပိုးရန် အားပေးရမည်ဟု ဧပြီလ ၂၀ ရက်နေ့က နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားပါသည်။

သို့ဖြစ်ရာ အမုန်းတရားများကို မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများဖြင့် ငြိမ်းသတ်ကြရမည်ဖြစ်ပြီး မငြိမ်းနိုင်သည့် အမုန်းစကားများကို ဝန်ထမ်းအဖွဲ့အစည်းများအားလုံး၊ ပြည်သူ ပြည်သားများအားလုံးတို့က ဆန့်ကျင်ရှုတ်ချ လှုပ်ရှားမှုများပြုလုပ်ကြပြီး တားဆီးကာကွယ်ပေးကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက်ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၃-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၅၀၀ | ၁,၁၄၆ | ၁၁,၉၆၇,၅၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၀၀ | ၂,၂၇၆ | ၈,၂၄၇,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၃

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၃၀/၄၇၀ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၉၅/၅၃၅ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၄၀/၃၉၀ | ကျပ် | ၃၄၀/၃၉၀ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၅/၅၀၀ | ကျပ် | ၄၇၅/၅၀၀ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၀/၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၉၅/၄၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၅၀/၂၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၀.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂.၀၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၂၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၇၈၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၉.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၂၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇.၃၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**❍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အစည်းအဝေးသို့ ဗဟိုကော်မတီအတွင်းရေးမှူးများနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးများနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မေ ၃၀ ရက်အထိ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ထပ်မံကာလတိုးမြှင့်ရေး၊ နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာမည့် တိုင်းရင်းသားများအား ၎င်းတို့၏နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးရေးနှင့် Community Based Facility Quarantine ၂၁ ရက်ထားရှိရေး၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲရာ၌ စနစ်တကျ ရှိရေး၊ စက်ရုံ အလုပ်ရုံများ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လည်ပတ်နိုင်ရေး၊ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ လျင်မြန်ချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ဆုံးဖြတ်ချက်များ ချမှတ်ပေး**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တင်ပြချက်များနှင့်ပတ်သက်၍ လမ်းညွှန်မှုများ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

❂ ရှေ့ဖုံးမှ
တိုးမြှင့်သတ်မှတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်မတို့ပြည်သူတွေ စိတ်မောသွားကြပြီလား။ တာဝေးပြေးပွဲကြီးဆိုတော့ ခံနိုင်ရည်မွေးရမှာပါပဲ။ ယခုထိ ဘယ်နိုင်ငံမှ COVID–19 ရောဂါ ပြဿနာကို အောင်နိုင်ပြီလို့ မပြောနိုင်သေးပါဘူး။ အချို့ နိုင်ငံတွေဆိုရင် ပထမလှိုင်းကျသွားပြီးလို့ ဒုတိယလှိုင်းထလာပြီလို့တောင် ဆိုပါတယ်။

မြန်မာနိုင်ငံမှာ COVID ပထမလှိုင်းကြီးတောင် မပြီးပြတ်သေးပါဘူး။ လှိုင်းထိပ်က ဘယ်လောက်ထိ မြင့်နိုင်မယ်ဆိုတာ မသိနိုင်သေးသလို၊ ဘယ်တော့ ပြန်ကျမယ်ဆိုတာလည်း မသိနိုင်သေးပါဘူး။ အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ပြင်ထားရတာပါ။


မေ (၃၁) ရက်နေ့ထိ စောင့်ဖို့ ပန်ကြားထားလို့ နယ်စပ်မှာ စောင့်နေကြတဲ့ အလုပ်သမားများစွာလည်း ပြန်လာဖို့ရှိပါတယ်။ ကိုယ့်ရပ်၊ ကိုယ့်ရွာကို အေးဆေးလုံခြုံစွာပြန်နိုင်ဖို့ ကျန်းမာရေး အစီအစဉ်တွေ၊ quarantine အစီအစဉ်တွေ၊ ပို့ဆောင်ရေး အစီအစဉ်တွေလည်း ချမှတ်နေပါပြီ။

COVID တိုက်ပွဲကြီးမှာ အရေးပါတဲ့ကဏ္ဍက ပါဝင်နေတဲ့ စေတနာ့ဝန်ထမ်းများရဲ့ အင်အားတွေကို နိုင်ငံတော်အတွက် စနစ်တကျသုံးနိုင်အောင် ဖွဲ့ဖို့စီစဉ်နေပါတယ်။ အဖွဲ့အတွက် ဆောင်ပုဒ်ကတော့ မေတ္တာ၊ စာဂ၊ ဝီရိယပါ။

နိုင်ငံအတွက် မေတ္တာ၊ စာဂ၊ ဝီရိယ။

**မြန်မာနိုင်ငံမှာ COVID ပထမလှိုင်းကြီးတောင် မပြီးပြတ်သေးပါဘူး။ လှိုင်းထိပ်က ဘယ်လောက်ထိ မြင့်နိုင်မယ်ဆိုတာ မသိနိုင်သေးသလို၊ ဘယ်တော့ ပြန်ကျမယ်ဆိုတာလည်း မသိနိုင်သေးပါဘူး။ အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ပြင်ထားရတာပါ။**

**COVID တိုက်ပွဲကြီးမှာ အရေးပါတဲ့ကဏ္ဍက ပါဝင်နေတဲ့ စေတနာ့ဝန်ထမ်းများရဲ့ အင်အားတွေကို နိုင်ငံတော်အတွက် စနစ်တကျ သုံးနိုင်အောင် ဖွဲ့ဖို့စီစဉ်နေပါတယ်။ အဖွဲ့အတွက် ဆောင်ပုဒ်ကတော့ မေတ္တာ၊ စာဂ၊ ဝီရိယပါ။**




❖ ကျောဖုံးမှ
အစည်းအဝေးသို့ အာဆီယံအဖွဲ့နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးဖလှယ်**

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်–၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှု–စီးပွားထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရေးတို့အတွက် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်နေကြသည့် အစီအမံများနှင့် အတွေ့အကြုံကောင်းများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးများက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေး၊ လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေး မြှင့်တင်ရေးတို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်ရန် ထပ်လောင်းကတိပြုကြောင်း၊ ကိုဗစ်–၁၉ အပါအဝင် ကူးစက်ရောဂါများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ရာတွင် အာဆီယံ–အမေရိကန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေးသည် အရေးကြီးကြောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များ၊ ကူးစက်ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ကာကွယ်ဆေးနှင့်ဆေးဝါးများ ထုတ်လုပ်ရေးဆိုင်ရာအတွေ့အကြုံနှင့်အလေ့အကျင့်ကောင်းများကို ဖလှယ်ရန်နှင့် အကျပ်အတည်းကာလတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အထောက်အကူပြုပစ္စည်းများ၊ အရေးပါသည့် လယ်ယာထွက်ကုန်များနှင့် အခြားမရှိမဖြစ် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားပြီး ကိုဗစ်–၁၉ ကူးစက်ရောဂါ ပူးပေါင်းတိုက်ဖျက်ရန်နှင့် ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်တို့အတွက် လက်ရှိယန္တရားများမှတစ်ဆင့် အာဆီယံ–အမေရိကန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် လူမှု–စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ ထိခိုက်နစ်နာမှုများကို ဖြေရှင်းရန်အတွက် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလတွင် ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ရှင်းလင်းအသိပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေးသည်။

ထို့သို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် ပြည်သူအင်အားကို စုစည်းရယူခြင်း၊ ပြည်သူများအား ကိုဗစ်–၁၉ ကူးစက်ရောဂါအကြောင်း အသိပညာပေးခြင်း၊ ပြည်သူများ၏ပူးပေါင်းပါဝင်မှုကို ရယူခြင်းများပြုလုပ်ကာ အစိုးရအဖွဲ့တစ်ရပ်လုံးပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူကို ကျင့်သုံးလျက် ကူးစက်ရောဂါအကြောင်း အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများ၊ အကျဉ်းစခန်းနှင့် ထောင်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ အသိုက်အဝန်းများအားလုံးထံသို့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေအသိပေးလျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း ကူးစက်ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ချမှတ်၍ နိုင်ငံတစ်ဝန်းရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်း ၁၂၈ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

ကိုဗစ်–၁၉ ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အာဆီယံ–အမေရိကန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်ခိုင်မာစေခြင်း၊ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အကျပ်အတည်းကာလတွင် အရေးပေါ်လိုအပ်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ကူညီပံ့ပိုးပေးခြင်းတို့မှတစ်ဆင့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာတို့၏ ကူးစက်ရောဂါတုံ့ပြန်မှုစွမ်းရည်မြှင့်တင်ရေးအတွက် အာဆီယံနှင့် အမေရိကန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်လိုအပ်ကြောင်း၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အမေရိကန်အနေဖြင့် မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၃ သန်း ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများနှင့် ကျောင်းသားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များ သင်ကြားနိုင်မည့် ပညာသင်ဆုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ပိုမိုတိုးမြှင့်ပေးအပ်စေလိုကြောင်း၊ စီးပွားရေးအပေါ် ကိုဗစ်–၁၉ ကူးစက်ရောဂါ၏ ထိခိုက်မှုသည် ကြီးမားကျယ်ပြန့်လာရန်ရှိရာ ပို့ဆောင်ရေးကွင်းဆက်လမ်းကြောင်း မပြတ်တောက်စေရေးနှင့် စားနပ်ရိက္ခာနှင့် မရှိမဖြစ်ကုန်ပစ္စည်းများ အထူးသဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါနှင့် သက်ဆိုင်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ကြရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

**○ ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အမေရိကန်အနေဖြင့် မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၃ သန်း ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိ**

**○ ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများနှင့် ကျောင်းသားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များ သင်ကြားနိုင်မည့် ပညာသင်ဆုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ပိုမိုတိုးမြှင့်ပေးအပ်စေလို**

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပုသိမ်ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်လူနာများ ထားရှိမည့်နေရာ ပြင်ဆင်ထား

**ပုသိမ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးရှိ ကိုဗစ်–၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်လူနာများ ထားရှိမည့်နေရာများ ပြင်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ် (ပင်းတယမီးအိမ်ရှင်)က Plan A, Plan B ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ကိုဗစ်–၁၉ ရောဂါ လူနာ ၂၀ အတွက် အခန်းများပြင်ဆင်ထားရှိမှု၊ စက်ပစ္စည်းများဖြည့်တင်းထားရှိမှု၊ ဆေးရုံအတွင်း ဆောင်ရွက်နေသည့် တည်ဆောက်ပြုပြင်လုပ်ငန်းများ၊ လူနာစောင့်များအတွက် အိမ်သာနှင့် ရေချိုးဆောင်၊ ဆရာမများအိပ်ဆောင်နှင့် ခွဲစိတ်ခန်းအမိုးပြုပြင်နေမှု၊ လူနာဆောင် အမိုးပြင်ဆင်ရန် လိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)



## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

**ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



## တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၃) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၃) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ အဆိုပါဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်းသည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၁၅၇ ဗိုလ်လောင်း မင်းဇင်ဦးအား ငွေဓားဆု ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ပြန်လည်ထွက်ခွာသည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်ခန်းမဆောင်၌ ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သင်တန်းဆင်းဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများအား တုံ့ပြန်မည့်အစီအစဉ်ရေးဆွဲရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၃**

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှုများအား တုံ့ပြန်မည့်အစီအစဉ်ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ကွက်ငယ်တောင်သူများနှင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများအတွက် ငွေကြေးထောက်ပံ့မည့် အစီအစဉ်များ၊ ဈေးကွက်ခိုင်မာရေးနှင့် နည်းပညာပံ့ပိုးပေးမည့် အစီအစဉ်များ၊ ကျေးလက်နေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမည့် အစီအစဉ်များနှင့် Cash for work ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ပေးလျက်ရှိ သွင်းကုန်ပစ္စည်း ၁၉၀ ကျော် ထပ်မံထုတ်ပေးသွားမည်

**ရန်ကုန် မေ ၂၃**

အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ပေးလျက်ရှိရာ တတိယအကြိမ်အဖြစ် သွင်းကုန်ပစ္စည်း ၁၉၀ ကျော်ကို ထပ်မံတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ယနေ့ ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ အရေးပေါ်ကာလအတွင်း အွန်လိုင်းစနစ်ဖြင့် မေ ၁ ရက်မှစတင်၍ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးလျက်ရှိရာ ပထမအကြိမ်တွင် သွင်းကုန်ပစ္စည်း ၉၁ မျိုးနှင့် ပို့ကုန်ပစ္စည်း ၇၃ မျိုး၊ ဒုတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၄၅၅ မျိုး၊ တတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၁၉၆ မျိုးတို့၏ HS line များ လျှောက်ထားထုတ်ပေးခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အွန်လိုင်းစနစ်တွင် အဆိုပါ HS line များအတိုင်း အကျုံးဝင်သည့် ကုန်ပစ္စည်းများကိုသာ လျှောက်ထားနိုင်ပြီး လိုင်စင် Application ပါအချက်အလက်များ ဖြည့်သွင်းရမည်ဖြစ်ကာ သက်ဆိုင်ရာ လျှောက်ထားမည့်လိုင်စင်၏ ကုန်ပို့လွှာနှင့် ထောက်ခံချက်လိုအပ်သည့် လိုင်စင်များအတွက် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ကို PDF format ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်သည်။

ထို့ပြင် လိုအပ်သည့် အချက်အလက်များနှင့်စနစ်အသုံးပြုပုံအား လျှောက်ထားမည့် ဝက်ဘ်ဆိုက်တွင် တင်ပြထားမည်ဖြစ်ပြီး လုပ်ငန်းရှင်မှ ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် လိုင်စင်လျှောက်ထားမှုအခြေအနေအား သက်ဆိုင်ရာလုပ်ငန်းရှင်၏ Deskboard တွင် အချိန်နှင့်တစ်ပြေးညီ တွေ့ရှိနိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ပြန့်ပွားလျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများထံသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် လူလူချင်းထိတွေ့မှုများ ဟန့်တားနိုင်ရေး၊ ဗိုင်းရပ်စ်ပိုး ကူးစက်မှုများအား လျှော့ထားနိုင်ရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပို့ကုန်သွင်းကုန် လျှောက်ထားမှုအတွက် www.myanmartradenet.com.mm မှတစ်ဆင့် ဝင်ရောက်လျှောက်ထားနိုင်သည်။ **ငြိမ်းငြိမ်း**

## မေ ၂၃ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ ၁၃၂ ဦးရှိ ၅ ဦး သေဆုံးပြီး ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိပြီ

**နေပြည်တော် မေ ၂၃**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၉ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၃၂ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၃၂ ဦးအနက် သေဆုံးသူ ၅ ဦးရှိပြီး ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိကာ ၎င်းတို့အား အသွားအလာဆက်လက်ကန့်သတ်ထားရှိကြောင်းနှင့် ကျန်လူနာ ၁၁၈ ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် ထားရှိဆေးကုသမှုပေးနေကြောင်း၊ ၎င်းတို့အနက် ၁၁၅ ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပြီး ၂ ဦးကို ဝေဘာဂီ အထူးကုဆေးရုံကြီးနှင့် ၁ ဦးကို တောင်ဥက္ကလာပအထူးကုဆေးရုံကြီးတို့တွင် အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့သူ ၅၅၂၈ ဦးရှိပြီး စောင့်ကြည့်လူနာ ၂၄၄၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ **သတင်းစဉ်**

# စီးပွားရေးလုပ်ငန်းများ ကိုဗစ်-၁၉ ကို ရင်ဆိုင်ကျော်ဖြတ်ခြင်း

**ရဲဝဏ္ဏလှိုင်**

ပရော်ဖက်ရှင်နယ် ကုမ္ပဏီအများစုမှာ ကိုဗစ်-၁၉ အကျပ်အတည်း ရင်ဆိုင်ကျော်ဖြတ်ခြင်း အဆင့်ငါးဆင့်မှ တစ်ဆင့်တိုးတက်ဖွယ်ရှိသည်။ အချိန်ကာလအတိုင်း အတာကို အတိအကျ မသိရသေးသော်လည်း အဆင့်များ၏လားရာကို ယာယီအားဖြင့် ဖော်ထုတ်နိုင်သည်။

**(၁) ပြောင်းရွှေ့ပြင်ဆင်ခြင်း**

ပထမအချက်ဖြစ်သော ပြောင်းရွှေ့ပြင်ဆင်ခြင်းတွင် အလုပ်များကို ရုံးတွင်လုပ်ရာမှ အဝေးတစ်နေရာမှ လုပ်ခြင်း (သို့) အလျင်အမြန်ပြောင်းရွှေ့ခြင်း ပါဝင်သည်။ ဤအဆင့်အတွက် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှု၊ နည်းပညာနှင့် ယဉ်ကျေးမှုအရ ကုမ္ပဏီအနည်းငယ်သာ အပြည့်အဝ ပြင်ဆင်ထားနိုင်ကြသည်။ ကုမ္ပဏီအများစု အဓိကအာရုံစူးစိုက်မှုမှာ လက်ရှိ ရေတိုရှင်သန်ရပ်တည်ရေးဖြစ်သည်။ ဤအဆင့်တွင် အကောင်းဆုံးကုမ္ပဏီများသည် ၎င်းတို့ဝန်ထမ်းများကို ဂရုစိုက်ပြီး ဖောက်သည်များ၏ အခက်အခဲကိုပါ ပါဝင်ကူညီပေးသည်။ ပြောင်းရွှေ့ပြင်ဆင်ရေးကာလအတွင်း အချို့ကုမ္ပဏီများ ရေရှည်ဆက်ဆံရေးနှင့် ဂုဏ်သတင်းကိုရရှိပြီး အချို့ကုမ္ပဏီများ ဆုံးရှုံးလိမ့်မည်။

**(၂) ပိတ်ချခြင်း (ပြင်ပနှင့် မထိတွေ့ခြင်း)**

ဒုတိယအဆင့်အနေဖြင့် ပညာရပ်ကျွမ်းကျင်သူအများစုသည် အိမ်မှအလုပ်လုပ်ခြင်း၊ တစ်ခါတစ်ရံတွင် လူကိုယ်တိုင်မတွေ့ဖြစ်သော်လည်း ကောင်းမွန်သော အွန်လိုင်းဆက်သွယ်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုကို အထောက်အကူဖြစ်စေမည့် ရရှိနိုင်သည့်နည်းပညာများကို အသုံးချသည်။ ကုမ္ပဏီများအနေဖြင့် မိမိတို့ကိုယ်တိုင်လုပ်နည်းကိုင်နည်းအသစ်ကို အသားကျအောင် အတတ်နိုင်ဆုံး၊ အကောင်းဆုံး လုပ်ဆောင်ကြရပြီး အများစုမှာ အဆင်မပြေကြပါ။ သို့သော် တစ်ချိန်တည်းတွင် စွမ်းဆောင်ရည်အသစ်များရရှိပြီး လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အလေ့အထအသစ်များလည်း ပေါ်ထွက်လာမည်။ ဈေးကွက်အများစုတွင် ဝယ်လိုအားသိသိသာသာ ကျလိမ့်မည်။ အကွက်မြင်သော ကုမ္ပဏီများသည် ၎င်းတို့၏ ရှေ့တန်းတိုက်စစ်မှူး ဝန်ထမ်းများ အလုပ်ပါးသည့်အချိန်ကို အကျိုးရှိစွာ အသုံးချလေသည်။ ဤအချိန်သည် ဝန်ထမ်းများအား အွန်လိုင်းမှ သင်တန်းများပို့ချခြင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် ဖြစ်ပေါ်လာမည့်လုပ်ငန်းများတွက် ပြန်လည်ပြင်ဆင်ခြင်းနှင့် ကြုံတွေ့နေသည့် မပြီးပြတ်သေးသော အလုပ်ကြွေးများကို ကိုင်တွယ်ဖြေရှင်းရန် အခွင့်အလမ်းများပင် ဖြစ်သည်။ ကုမ္ပဏီများသည် မိမိဝန်ထမ်းများ ခံစားနေရသော စိတ်ကျန်းမာရေးအခက်အခဲများဖြစ်သည့် အထီးကျန်ခြင်း၊ စကားပြောဖော် လုပ်ဖော်ကိုင်ဖက်များမရှိခြင်းနှင့် အိမ်တွင် လူများလွန်းခြင်းတို့ကို သက်သာစေရန် အွန်လိုင်းမှ အားပေးပံ့ပိုးပေးရန် လိုအပ်သည်။ အချို့သော ကုမ္ပဏီများသည် မိမိဝန်ထမ်းများ၏ ကျန်းမာရေးသာ အဓိကဟု ပြောဆိုနေသော်လည်း ဝန်ထမ်းအမြောက်အမြားကို ထုတ်ပယ်မှာ သေချာသည်။ ဤအဆင့်သည် ကုမ္ပဏီတစ်ခုစီ၏ တန်ဖိုးများနှင့် ရည်မှန်းချက်နှင့်ပတ်သက်၍ မှတ်ကျောက်တင်မည့် အဆင့်ဖြစ်သည်။

**(၃) ကျဉ်းထဲကျပ်ထဲမှ လွတ်မြောက်ခြင်း**

တတိယအဆင့်သည် ကြိုတင်ခန့်မှန်းရန် အခက်ခဲဆုံးဖြစ်သည်။ လူအဝင်၊ အထွက် လှုပ်ရှားမှု ကန့်သတ်ချက်များ လျှော့ချကာ လူအများအပြား ပြန်လည်ကျန်းမာလာပြီး ရုံးခန်းများ၊ ဈေးများ ပြန်လည်လည်ပတ်လာကာ သာမန်အချိန်သို့ ပြန်လည်ရောက်ရှိလာသည့်အခါ ဖြစ်သည်။ ဖြစ်နိုင်ခြေတစ်ခုအနေဖြင့် ပိတ်ချခြင်း (lockdown) မှ ဖြေလျှော့ခြင်းအဆင့်သို့ လျင်မြန်စွာရွေ့လျားမှု ရှိလိမ့်မည်။ အခြားဖြစ်နိုင်ခြေမှာ ဖွင့်ချလိုက်သည်နှင့် ကိုဗစ်-၁၉ သည် ထပ်မံပျံ့နှံ့သွားပြီး ပိတ်ချခြင်း (lockdown) အနေအထားသို့ ပြန်လည်ဦးတည်သွားလိမ့်မည်။ ဤဖြစ်ရပ်တွင် ကျွန်ုပ်တို့သည် လာမည့်လများအတွင်း ပိတ်ချခြင်း (lockdown) နှင့် ဖြေလျှော့ခြင်း အကြိမ်ပေါင်းများစွာ သံသရာလည်နေနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဖြေလျှော့ခြင်းအဆင့်တွင် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ကျန်းမာလာသည့် လူအများစုနှင့် အထူးအကန့်အသတ်ဖြင့် နေထိုင်နေရသော လူများကြား နှစ်ပိုင်းကွဲသွားနိုင်သည်။ ဆိုလိုသည်မှာ အနည်းဆုံးယာယီအဖြစ် ဈေးကွက် နှစ်မျိုး (ဖြေလျှော့ခြင်းအဆင့်သို့ ရောက်ရှိလာသော ဖောက်သည်များနှင့် မရောက်ရှိသေးသော ဖောက်သည်များ) ဖြစ်ပေါ်လာပြီး ဝန်ဆောင်မှုပေးမည့် လုပ်အားလည်း နှစ်ပိုင်းခွဲရမည် ဖြစ်သည်။ ဤသို့ဖြင့် လုပ်ငန်းလည်ပတ်ခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုများ ပေါ်ပေါက်လာလိမ့်မည်။

**(၄) မြင့်တက်ခြင်း**


လူအများစု အပြည့်အဝ လုပ်ငန်းခွင်ထဲ ပြန်ဝင်လာပါက စီးပွားရေးနှင့် ဈေးကွက်အပေါ် ယုံကြည်မှု မြင့်တက်လာနိုင်သည်။ ယခုအဆင့်သည် စတုတ္ထအဆင့် ဖြစ်သည်။ ဆုံးရှုံးသွားသော လုပ်ငန်းနယ်ပယ်အချို့ ပြန်လည်အသက်ဝင်လာပြီး အရောင်းအဝယ်များနှင့် စီမံကိန်းများကို ချို့ထားသောကာလ အချိန်အပိုင်းအခြားများဖြင့် ဆောင်ရွက်သွားကြမည်။ ဤမြင့်တက်ခြင်းအဆင့်တွင် ဘဏ္ဍာရေးဈေးကွက်များသည် ကိုဗစ် - ၁၉ မတိုင်မီအဆင့်သို့ ပြန်လည်ဦးတည်လိမ့်မည်။ စက်မှုလုပ်ငန်းနှင့် စီးပွားရေး ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာမည်။ ပရော်ဖက်ရှင်နယ် ပညာရှင်အဆင့် ဝန်ဆောင်မှုများ လိုအပ်လာလိမ့်မည်။ များစွာသော အလုပ်လက်မဲ့ပညာရှင်များကို ပြန်လည်အလုပ်ခန့်မည်။ အစောပိုင်းအဆင့်များတွင် မိမိဖောက်သည်များကို ကြည့်ရှုစောင့်ရှောက်ခဲ့သူများသည် ထိုသစ္စာရှိမှုအတွက် ဆုကြေးကို ခံစားရမည့်အချိန် ဖြစ်သည်။

**(၅) ဟန်ချက်ညီခြင်း**

ကနဦး မြင့်တက်မှုအပြီး အချိန်တန်သော် ဟန်ချက်ညီသွားလိမ့်မည်။ သို့သော် ဤပဥ္စမအဆင့်တွင် ၂၀၁၉ နှောင်းပိုင်းတွင်ရှိခဲ့သော အသက်မွေးဝမ်းကျောင်းပုံစံသို့ ပြန်သွားနိုင်တော့မည်မဟုတ်ပေ။ ပြောင်းရွှေ့ပြင်ဆင်ခြင်းနှင့် ပိတ်ချခြင်းများကြောင့် ဖြစ်ပေါ်လာသော နည်းပညာနှင့် လုပ်ပုံကိုင်ပုံများကို သမားရိုးကျနည်းလမ်းများထက် ပိုမိုသဘောကျလာလိမ့်မည်။ ဖောက်သည်များသည် သမားရိုးကျလုပ်ငန်းခွင် အလေ့အထများ၏ စွမ်းဆောင်နိုင်မှုဟာကွက်များကိုမြင်ခဲ့ရပြီး ဒစ်ဂျစ်တယ် လုပ်ထုံးလုပ်နည်းစနစ်များကို ဆက်လက်ထိန်းသိမ်းထားရန် အခိုင်အမာတောင်းဆိုကြလိမ့်မည်။ လူအများစု ကြိုတင်ဟောကိန်း ထုတ်ထားကြသော်လည်း ပရော်ဖက်ရှင်နယ်အလုပ်များစွာကို ပိုမိုတိုတောင်းသော ကာလအတွင်း လူအစား စက်ကိရိယာများသုံးစွဲပြီး နည်းပညာဖြင့် ပြောင်းလဲသွားလိမ့်မည်။

ဈေးကွက်ကို ဦးဆောင်နေသည့် ကုမ္ပဏီများသည် ယခုအဆင့်ငါးဆင့်၏ တစ်ဆင့်တိုင်းအတွက် မဟာဗျူဟာများနှင့် အစီအမံများရှိသင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**မှီငြမ်း– Richard Susskind and Daniel Susskind တို့၏ Five Phases of Recovery from Covid–19**




စီးပွားရေးလုပ်ငန်းများ ကိုဗစ် – ၁၉ ကို ရင်ဆိုင်ကျော်ဖြတ်ခြင်း အဆင့်ငါးဆင့်

**ပြောင်းရွှေ့ပြင်ဆင်ခြင်းနှင့် ပိတ်ချခြင်းများကြောင့် ဖြစ်ပေါ်လာသော နည်းပညာနှင့် လုပ်ပုံကိုင်ပုံများကို သမားရိုးကျနည်းလမ်းများထက် ပိုမိုသဘောကျလာလိမ့်မည်။ ဖောက်သည်များသည် သမားရိုးကျလုပ်ငန်းခွင် အလေ့အထများ၏ စွမ်းဆောင်နိုင်မှုဟာကွက်များကိုမြင်ခဲ့ရပြီး ဒစ်ဂျစ်တယ် လုပ်ထုံးလုပ်နည်းစနစ်များကို ဆက်လက်ထိန်းသိမ်းထားရန် အခိုင်အမာတောင်းဆိုကြလိမ့်မည်။ လူအများစု ကြိုတင်ဟောကိန်း ထုတ်ထားကြသော်လည်း ပရော်ဖက်ရှင်နယ်အလုပ်များစွာကို ပိုမိုတိုတောင်းသော ကာလအတွင်း လူအစား စက်ကိရိယာများသုံးစွဲပြီး နည်းပညာဖြင့် ပြောင်းလဲသွားလိမ့်မည်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်နိုင်ရန် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀ လှူဒါန်း

**ထီးချိုင့် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် Agate ကုမ္ပဏီမှ ဒေါက်တာအောင်မြင့်ဦး ပေးပို့လှူဒါန်းသည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် လိုအပ်သလို အသုံးပြုနိုင်ရန် ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၀၊ မြတောင်တိုက်နယ်ဆေးရုံအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးစုံ၊ မောင်းကုန်းကျေးလက်ဆေးပေးခန်းအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးစုံ၊ မောင်းကုန်းအုပ်စုအုပ်ချုပ်ရေးမှူးရုံးအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးစုံနှင့် အုတ်ဆုံကျေးရွာပရဟိတအဖွဲ့အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးစုံတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုနိုင်တို့က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း(ထီးချိုင့်)**

# သမဝါယမအသင်းစုများက အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံသည် သူဌေးကုန်းကျေးရွာတွင် တည်ရှိပြီး နှစ်စဉ် ဒေသနှင့်ကိုက်ညီသော စပါးမျိုးများကို စိုက်ပျိုး၍ စပါးများ ထုတ်လုပ်လျက်ရှိသည်။

ယခုနှစ်ရာသီတွင် မနောသုခစပါး ၂၅ ဧကစိုက်ပျိုးခဲ့ရာ ထွက်ရှိလာသော စပါးများကို ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် My Korea RPC တို့ ပူးပေါင်းဆောင်ရွက်သော စပါးကြိတ်ခွဲသန့်စင်စက်တွင် ပထမအကြိမ် စပါးတင်း ၃၀၀ ကို ကြိတ်ခွဲ၍ ဆန်ချောများကို လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု အရောင်းဆိုင်မှတစ်ဆင့် ကျေးရွာအသင်းများသို့ ပို့ဆောင်ကာ မနောသုခ ဆန်တစ်ပြည်လျှင် ပြင်ပပေါက်ဈေးထက်လျှော့၍ ငွေကျပ် ၉၀၀ ဖြင့် ကျေးလက်နေပြည်သူများထံ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။



၎င်းအပြင် အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်၊ အာလူး၊ ယမ်ယမ်ခေါက်ဆွဲ၊ Meizan ဆီနှင့် အိမ်သုံးဆားများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာရည်နှင့် နှာခေါင်းစည်းများကိုလည်း ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချရာတွင် ရောင်းသူနှင့် ဝယ်သူတို့ ရောဂါကူးစက်မှု မဖြစ်စေရေးအတွက် ဝယ်ယူရမည့်နေရာများ သတ်မှတ်ထားရှိပြီး တာဝန်ရှိသူတို့က စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ ကိုဗစ်- ၁၉ ကူးစက်ရောဂါ ဖြစ်ပွားချိန်တွင် ပြည်သူများ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရန်နှင့် ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သမဝါယမအသင်းစုများနှင့် ကျေးရွာ သမဝါယမအသင်းများ ပူးပေါင်း၍ ရောင်းချပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များစနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသောစစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၂-၂၀၂၀)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက်မီဒီယာများမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

# မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ ခြင်းလုံးအားကစားသမားများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့

မန္တလေး ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆင်းရဲနွမ်းပါး မြန်မာ့ခြင်းလုံးအားကစားသမားများကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ မဟာမုနိဝါဆိုခြင်းအဖွဲ့၌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုသို့ပေးအပ်ရာတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်ကျော်က မန္တလေးမြို့ပေါ်ရှိ အားကစားသမားများအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ဆီ နှစ်ပိဿာခွဲ၊ ကြက်သွန်နီ နှစ်ပိဿာ၊ ယမ်ယမ်ခေါက်ဆွဲ တစ်ဖာ၊ ကော်ဖီမစ် ငါးထုပ်တို့ကိုပေးအပ်ရာ အသင်းသားများကိုယ်စား အသင်းခေါင်းဆောင်များက လက်ခံရယူသည်။ မြို့နယ်အသီးသီးမှ အားကစားသမားများအတွက် အိမ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံမှ မြန်မာ့ခြင်းလုံးအားကစားသမား ၁၉၄ ဦးအား ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ကျည်ပွေ့)**







# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လေပြင်းများတိုက်ခတ်၍ အဆောက်အအုံအချို့ပျက်စီး၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၁ ရက်တွင် ကချင်ပြည်နယ်ရှိမြို့နယ်လေးခု၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၃၇ လုံး၊ ဘာသာရေးအဆောက်အအုံသုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး၏ မြို့နယ်နှစ်ခု၌ နေအိမ်သုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး၏ မြို့နယ်သုံးခု၌ နေအိမ် ၁၉ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၇၅ လုံး၊ ဘာသာရေးအဆောက်အအုံသုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ်၏ မြို့နယ်နှစ်ခု၌ နေအိမ်လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့နယ် ၁၄ ခု၌ နေအိမ် ခုနစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်အလုံး ၄၃၀၊ ဘာသာရေးအဆောက်အအုံ၁၅လုံး၊အခြားအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

**မိုးမောက်မြို့နယ်**

အလားတူ ဧပြီ ၂၂ ရက်တွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

သို့ဖြစ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာနေရာများသို့ သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက်တွင် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများအတွက် စုစုပေါင်း ငွေကျပ် ၄၂၀၀၀၀၀ ကျော် ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**အကူအညီတောင်းခံနိုင်**

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလတွင် ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧပြီလ ထီထိုးသူများအနေဖြင့် ထိုးထားသည့်အခကြေးငွေ ဆုံးရှုံးမှုမရှိသည့်အတွက် စိုးရိမ်ရန်မလို

ရန်ကုန် ဧပြီ ၂၃

ဧပြီလတွင် ထီထိုးထားသည့် ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မေ ၁ ရက်တွင် ထီဖွင့်ရန်မဖြစ်နိုင်ပါက ဝယ်ယူထားသည့် ထီလက်မှတ်များ၏ အခကြေးငွေများ ဆုံးရှုံးမှုမရှိသည့်အတွက် စိုးရိမ်ရန်မလိုကြောင်း မြန်မာနိုင်ငံထီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသီဟဝင်းမော်က ပြောသည်။

"လူတချို့က စိုးရိမ်နေကြတယ်။ ထီအနည်းအကျဉ်း ထိုးထားမိတာတွေရှိပါတယ်။ ထိုးထားတဲ့သူတွေက ဒီထီလက်မှတ်က ဘာလဲပယ်ဖျက်တာလား၊ အကျုံးမဝင်ဘူးလား အဲဒီသဘောမဟုတ်ပါဘူး။ ဒီထီလက်မှတ်က ဘယ်ရက်ပဲဖွင့်ဖွင့် (၁၅)ကြိမ်အတွက် ဖွင့်လှစ်တဲ့ရက်မှာ အကျုံးဝင်နေဦးမှာပါပဲ။ အဲဒီအချက်လေးတော့ တင်ပြချင်ပါတယ်"ဟု ဦးသီဟဝင်းမော်က ပြောသည်။

မြန်မာနိုင်ငံ ထီလုပ်ငန်းရှင်များအသင်းအနေဖြင့် ထီဖွင့်လှစ်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးသို့ တင်ပြထားပြီး ထုတ်ပြန်ချက်တစ်စောင်ကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**မေတ္တာရပ်ခံတင်ပြထား**

"ထုတ်ပြန်ချက်ဆိုတာထက် ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ အနေအထားကို အများသိအောင်လို့ တင်ပြတဲ့သဘောပဲ ဖြစ်ပါတယ်။ ထုတ်ပြန်ချက်မှာ ထီဖွင့်ပွဲရက်ကို ကိုဗစ်-၁၉ တည်ငြိမ်မှသော်လည်းကောင်း ကျွန်တော်တို့အနေနဲ့ မေတ္တာရပ်ခံတင်ပြထားပါတယ်။ ရောဂါဖြစ်ပွားမှုနှုန်းတွေ မြင့်တက်လာတဲ့အတွက် ထီလက်ဝယ်ရှိသူတွေက ရပ်ကွက်ထဲ ဆင်းရောင်းဖို့တောင်မှ မဖြစ်နိုင်သေးတဲ့ အနေအထားမျိုးဖြစ်လာပါတယ်"ဟု ဦးသီဟဝင်းမော်က ပြောဆိုသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထီရောင်းချသူဦးရေမှာ အကြမ်းဖျင်းအားဖြင့် ငါးသိန်းမှ ခြောက်သိန်းဝန်းကျင်ရှိကြောင်း၊ ဧပြီလတွင် အက္ခရာ ၃၈ လုံးထုတ်ထားပြီး အက္ခရာတစ်လုံးတွင် အရွက်ရေ ၈၁၈၁၈ ရွက်ရှိသည်။ စုစုပေါင်း ၁၁ ရွက်ပါသည့် အုပ်ရေ ၃၁ သိန်းကျော်ရှိသဖြင့် အရွက်ရေ ၃၄၁ သိန်းကျော်ရှိကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ

**တွေ့ဆုံမေးမြန်း-ညွန့်ကိုကို**
**ဓာတ်ပုံ- ဇော်မင်းလတ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ ကုသရေးဌာန (COVID-19 Medical Center) ထားရှိရန်အတွက် လမ်းများ ပြုပြင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း၊ အဆောက်အအုံများပြုပြင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင်(ICU)၊ လူဦးရေ ၂၄၀ အထိ အောက်ဆီဂျင်ပေးနိုင်သော အထူးကုသဆောင်၊ လူဦးရေ ၂၄၀ ဆံ့ သာမန် ကိုဗစ်-၁၉ လူနာဆောင်၊ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ၊ ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ရာဌာန၊ လူနာများအသုံးပြုရန် အောက်ဆီဂျင်ရရှိရေး၊ ဆေးရုံသုံးအမှိုက်စွန့်ပစ်မှုနှင့် အရေးပေါ်မီးရှို့စက်တို့ကို ဧပြီလဆန်းမှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့် အဆင့်အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဆောင်ရွက်နေမှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိစေရန် တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -



ဦးသန်းတိုးအောင်



ဦးကျော်သူ



ဒေါ်ရူပါစိုး



ဒေါက်တာအောင်မြင့်မော်



ဦးအောင်ဝင်း

**ဦးသန်းတိုးအောင် (အင်ဂျင်နီယာချုပ်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**လမ်းဦးစီးဌာန (မြို့ပြ)**

ဧပြီ ၁ ရက်နေ့မှာ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) ကို လုပ်မယ်ဆိုပြီး ကော်မတီဖွဲ့ပါတယ်။ လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဧပြီ ၇ ရက်မှာ ဖွဲ့ပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာနမှာ ကျွန်တော်တို့ လမ်းဦးစီးဌာနနဲ့၊ အဆောက်အဦ ဦးစီးဌာန နှစ်ဖွဲ့စီပေါင်းပြီး ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ နောက် ရေသန့်နှင့်လျှပ်စစ်ဌာနကလည်း ပူးပေါင်းပါဝင်ကူညီပေးပါတယ်။

**အတူတကွ ပူးပေါင်းဆောင်ရွက်**

ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) အထူးကြပ်မတ်ကုသဆောင်(ICU) ကို လာမယ်ဆိုရင် အတိုဆုံးဖြစ်တဲ့ လမ်းသစ်တစ်လမ်းကို ဖောက်လုပ်ထားပါတယ်။ အဲဒီလမ်းက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၂၀/၇) မှာ ဂ ငယ်ကွေ့လုပ်ပါတယ်။ အဲဒီကနေ ဝင်လာရင် ဖောင်ကြီးဆေးရုံကို ခုနစ် မိနစ်၊ ရှစ်မိနစ်သာကြာမယ့်လမ်းသစ်ပါ။ မီတာ ၆၆၀ ရှိပါတယ်။ ရာသီမရွေးသွားလာနိုင်အောင် ကျောက်ရောမြေအမာခံ ၁၈ ပေ အကျယ် ကိုးလက်မထု ခင်းပါတယ်။ ဧပြီ ၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့တာ ဧပြီ ၁၅ ရက်နေ့မှာ အဆုံးသတ်ပါတယ်။ နောက် အမြန်လမ်းကနေ ရန်ကုန်ဘက်ကို ပြန်တဲ့လမ်း၊ နေပြည်တော်ဘက်ကို ထွက်တဲ့လမ်း အဲဒီလမ်း နှစ်လမ်းကို ကွန်ကရစ်ခင်းပေးပါတယ်။ စုစုပေါင်း အရှည်ပေ ၂၅၅၀ ရှိပါတယ်။ ၁၂ ပေအကျယ်၊ ရှစ် လက်မထု ကွန်ကရစ်လမ်းပါ။ ဒါဟာ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ကိုသွားမယ့် ကားတွေ ICU ကို အမြန်ဆုံးရောက်အောင် ရည်ရွယ်ပြီး ဖောက်လုပ်တာပါ။ ဒီလမ်းသည် လူနာဆောင်တွေကိုလည်း အမြန်ဆုံးရောက်ရှိမယ့် လမ်းဖြစ်ပါတယ်။ လမ်းတစ်လျှောက်မှာ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ပေးထားလို့ လမ်းမှားစရာမရှိပါဘူး။

နောက်တစ်ခု ဖောင်ကြီးဝင်းထဲမှာ ကျန်းမာရေး ဝန်ထမ်းတွေနေဖို့ Modular House လေးလုံး ဆောက်ပေးပါတယ်။ Modular House တစ်လုံးမှာ အခန်းငါးခန်းပါတယ်။ အခန်းပေါင်း ၂၀ ပေါ့။ ဒီစီမံကိန်းကို ဧပြီ ၈ ရက်နေ့မှာ စတင်ပါတယ်။ ဧပြီ ၂၄ ရက်နေ့ဆို အားလုံးပြီးပါမယ်။ အဲဒါတွေအပြင် ၃၆ ပေ x ၁၈ ပေ Lab တစ်ခု လုပ်ပေးထားပါတယ်။ အဲဒါတွေက ICU တစ်၊ နှစ်၊ သုံး၊ လေး လို ကိုဗစ်-၁၉ လူနာတွေအတွက်မဟုတ်ပါဘူး။ ကိုဗစ်-၁၉ အတွက်မဟုတ်ဘဲ အခြားသောရောဂါလက္ခဏာတွေကို စမ်းသပ်နိုင်အောင်ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ အတူတကွ ပူးပေါင်းဆောင်ရွက်မှုမှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း တတ်နိုင်တဲ့ဘက်ကနေ တစ်တပ်တစ်အားဝိုင်းကူတယ်။ ကုသရေးပိုင်းဖြစ်တဲ့ ဆရာဝန်၊ ဆေးဝန်ထမ်းဆိုရင်လည်း ကျန်းမာရေး ဝန်ကြီးဌာနတင်မဟုတ်ဘဲ တပ်မတော်ကရော ပုဂ္ဂလိကဆေးခန်းတွေကပါ ကူညီကြတယ်။ အားလုံး ညီညီညွတ်ညွတ် လုပ်နေတာ မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ Positive လူနာတွေ ထပ်တွေ့လာရင်၊ ထပ်တိုးလာခဲ့ရင် ဖောင်ကြီးက လက်ခံလို့ရတဲ့ အနေအထားရောက်နေပါပြီ။

**ဦးကျော်သူ (အထွေထွေမန်နေဂျာ)**
**ဓာတ်အားဖြန့်ဖြူးရေးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း (YESC)**

တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) တည်ဆောက်မယ်ဆိုတာ မတ်လကုန်လောက်မှ ကျွန်တော်တို့ စတင်သိရှိရတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ YESC ဥက္ကဋ္ဌရဲ့ အနီးကပ်လမ်းညွှန်မှုနဲ့ သင်္ကြန်မတိုင်ခင်ကတည်းက ဖောင်ကြီးရဲ့ လျှပ်စစ်ဓာတ်အားပေးမှုအခြေအနေကို လေ့လာခဲ့ကြပါတယ်။ ထပ်မံတိုးချဲ့သင့်တဲ့ ထရန်စဖော်မာ ၂၀၀ ကေဗွီအေ ခြောက်လုံးနဲ့ ၅၀၀ ကေဗွီအေ တစ်လုံးကို သင်္ကြန်မတိုင်ခင်မှာ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၁ ကေဗွီလိုင်းဆို လေးမိုင်ခွဲလောက်ရှိပါတယ်။ လက်ရှိ တည်ဆောက်ထားတဲ့ ၁၁ ကေဗွီလိုင်းတွေက ထိမှုခိုက်မှုများနိုင်တာကြောင့် အခုနောက်ပိုင်း တည်ဆောက်နေတဲ့ ကာဗာပါတဲ့ insulation ပါတဲ့ ကြိုးတွေနဲ့ တည်ဆောက်တယ်။ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေဆိုလည်း အကုန်လုံး ကာဗာပါတဲ့ကြိုးတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ICU (အထူးကြပ်မတ်ဆောင်) ကျတော့ အလွန်အရေးကြီးတာဖြစ်တဲ့အတွက်ကြောင့် ပါဝါပေးတဲ့နေရာမှာ သီးသန့် OLTC (On Load Tap Changer ) လို့ခေါ်တဲ့ ဗို့အားကို တည်ငြိမ်စွာပေးနိုင်တဲ့ ထရန်စဖော်မာကို တပ်ဆင်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဒီနေရာမှာ မီးပျက်ခဲ့ရင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၅၀၀ ကေဗွီအေ မီးစက်ကြီး (Generator) နှစ်လုံး ၊ ၂၅၀ ကေဗွီအေ Generator တစ်လုံး၊ ၁၅၀ ကေဗွီအေ Generator တစ်လုံး စုစုပေါင်း လေးလုံး ချထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**ထပ်မံဖြည့်တင်း ဆောင်ရွက်ထား**

ကိုဗစ်-၁၉ ကုသရေးစင်တာကြီး ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့က ဒီစင်တာကြီးတစ်လျှောက်လုံး လည်ပတ်ဖို့ အင်အားတွေ ထပ်မံဖြည့်သွင်းရပါတယ်။ ဖောင်ကြီးမှာ လက်ထောက်အင်ဂျင်နီယာ လောက်ပဲရှိတာမို့ လှည်းကူး၊ မှော်ဘီနဲ့ အင်းစိန်က အင်အားတွေပါ ထပ်မံဖြည့်တင်း ဆောင်ရွက်ထားပါတယ်။ မီးစက်မှာဆိုရင်လည်း မီးစက်ကျွမ်းကျင်ပညာရှင်တွေ ဆက်လက်ထားရှိပေးသွားပါမယ်။ အခုလို အချိန်တိုလေးအတွင်းမှာ ရန်ကုန်တိုင်းတစ်တိုင်းလုံးမှာရှိတဲ့အင်အားတွေ စုပေါင်းတည်ဆောက်ပေးနိုင်တဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်တို့ YESC အနေနဲ့ ဂုဏ်ယူမိပါတယ်။

**ဒေါ်ရူပါစိုး (အထွေထွေမန်နေဂျာ)**
**Global Technology Group , 5BB**

ကျွန်မတို့ ကိုဗစ်-၁၉ Medical Center ကြီးမှာ 5BB ဝိုင်ဖိုင် နက်ဝက်ခ်တွေကို မြန်နှုန်းမြင့်အနေနဲ့ တစ်ပတ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ Global Technology Group အနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန ဆောင်ရွက်မယ်လို့ ကြားသိရကတည်းက ကျွန်မတို့အနေနဲ့ PPE ဝတ်စုံတွေ၊ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို လှူဒါန်းခဲ့ပါတယ်။ နောက်ကျွန်မတို့ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) မှာ ဧပြီ ၇ ရက်နေ့ကတည်းက ဆာဗေးဆင်းပြီးတော့ ဧပြီ ၉ ရက်နေ့မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။ 5BB ဝိုင်ဖိုင်နက်ဝက်ခ်တွေကို တစ်ပတ်အတွင်းမှာပဲ ရာနှုန်းပြည့် မြန်နှုန်းမြင့် ပြီးစီးခဲ့ပြီး ဧပြီ ၁၆ ရက်နေ့မှာ လုပ်ငန်းအပ်နှံခဲ့ပါတယ်။ ကျွန်မတို့က ICU အခန်းတွေနဲ့ လူနာတွေထားရှိမယ့် အခန်းတွေကို အဓိက ဦးစားပေးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီလိုအချိန်ကာလမှာ Stay at Home တွေ ၊ Work from Home တွေ ရှိနေတာကြောင့် Mobile Traffic တွေဖြစ်တယ်။ ဒီမှာဆို Video Conferencing တွေ၊ ရီမုကွန်ထရိုးတွေ၊ ဓာတ်ခွဲစမ်းသပ်ခန်းတွေနဲ့ X-Ray တွေမှာလည်း သုံးနိုင်အောင် အမြန်ဆုံးဆောင်ရွက်ပေးခဲ့ပါတယ်။ တပ်ဆင်ပေးရတဲ့ရည်ရွယ်ချက်ကတော့ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေဆို Video Conferencing တွေ လုပ်ရမယ်။ နောက် ဒီထဲမှာရှိနေတဲ့ကျန်းမာရေး ဝန်ထမ်းတွေ၊ အခြားဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ လူနာတွေဆက်သွယ်မှု အမြန်ဆုံးအဆင်ပြေနိုင်အောင်ပါ။ Video Conferencing တွေဟာ နိုင်ငံခြားက ဆရာဝန်တွေ၊ နည်းပညာရှင်တွေနဲ့ လုပ်ငန်းလုပ်တဲ့အခါ အများကြီးကို လိုအပ်ပါတယ်။ အဲဒီအတွက် လျင်မြန်စွာ အသုံးပြုနိုင်အောင် လာရောက်တပ်ဆင်လှူဒါန်းခြင်း ဖြစ်ပါတယ်။

**ပံ့ပိုးကူညီ**

ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) မှာ ကျွန်မတို့ တစ်ဦးတစ်ယောက်တည်းတင် မဟုတ်ဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးစီးပြီးတော့ အစိုးရဌာနတွေရဲ့ အင်အား၊ ကုမ္ပဏီတွေရဲ့အင်အား၊ ပရဟိတ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အင်အားတွေ ၊ တပ်မတော်ဆေးအဖွဲ့၊ လူမှုအဖွဲ့အစည်းတွေရဲ့အားတွေလည်း ပါပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက ငွေကြေးအင်အားစိုက်ထုတ်ပြီး ပါဝင်ကူညီတယ်ဆိုပေမယ့် ဒီထဲမှာရှိနေတဲ့ ဝန်ထမ်းတစ်ယောက်ချင်းစီရဲ့

စာမျက်နှာ ၉ သို့ ★



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည် ) ကိုဗစ် -၁၉ ရောဂါ ကုသရေးဌာန ဆေးစတိုကို တွေ့ရစဉ်။

★ စာမျက်နှာ ၈ မှ
အင်အား၊ အလုပ်သမားတစ်ယောက်ချင်းစီရဲ့ အင်အားကိုလည်း ကျေးဇူးတင်ရမှာပါ။ သူတို့ရဲ့ ကျန်းမာရေး၊ သူတို့ရဲ့မိသားစုတွေကို ပစ်ထားပြီး ပါဝင်ပံ့ပိုးကူညီလို့သာ အချိန်တိုအတွင်း ပြီးစီးတာပါ။

**ဒေါက်တာအောင်မြင့်မော်**
**ဒုတိယဌာနမှူး(ညွှန်ကြားရေးမှူး)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ လူနာတွေက အသုံးပြုပြီး နောက်ဆုံးထွက်လာမယ့် အမှိုက်တွေ၊ waste တွေကို မီးရှို့မယ့် မီးရှို့စက်နဲ့ အရေးပေါ် မရှိမဖြစ်လိုအပ်လာရင် အသုံးပြုနိုင်ဖို့ မီးသင်္ဂြိုဟ်စက် တည်ဆောက်နေတာဖြစ်ပါတယ်။ လက်ရှိနေရာနဲ့ သုံးမိုင်လောက်ဝေးတဲ့ ချိုင့်ထဲမှာ လုပ်ထားပါတယ်။ အဆောက်အအုံကတော့ (၅၅ x ၆၀)ပေကို လေဝင်လေထွက်ကောင်းအောင်လုပ်ထားပါတယ်။ အမှိုက်မီးရှို့တဲ့ဖိုကို ကျွန်တော်တို့ နှစ်မျိုးခွဲထားပါတယ်။ တစ်နာရီမှာ အမှိုက်တန်ချိန် ၀ ဒသမ ၂၅ တန်ချိန်ရှို့နိုင်အောင်ထားတယ်။ မီးအပူချိန်ကတော့ ၄၀၀ ဒီဂရီ စင်တီဂရိတ်နဲ့ ၆၀၀ ဒီဂရီ စင်တီဂရိတ်ကြားမှာ ရအောင်လုပ်ထားတယ်။အမှိုက်မီးရှို့ဖိုက အလျား ၁၄ ပေ၊ အနံ ၁၆ ပေ ၊ အမြင့် ၁၁ ပေဖြစ်တယ်။ မီးရှို့ဖို နှစ်မျိုးခွဲထားတာက တစ်မျိုးက ရိုးရိုးထွက်တဲ့ အမှိုက်တွေရှို့ဖို့ ခွဲထားတယ်။ ဒုတိယတစ်မျိုးက လူနဲ့မထိအောင် Chemical တွေပါလာမယ်၊ ကူးစက်တွေပါလာမယ်။ ဒါမျိုးအရာတွေကို လက်နဲ့မထိဘဲ တိုက်ရိုက်တင်တဲ့စနစ်နဲ့ သီးခြားရှို့နိုင်အောင် နှစ်ပေါက်နှစ်ဖိုခွဲထားပါတယ်။ နောက်တစ်ခုက သုံးပေါက်တွဲ မီးသင်္ဂြိုဟ်စက်ပါ။ ရုတ်တရက်တိမ်းပါးသွားရင် Service ပေးနိုင်အောင်ထားထားတဲ့ သဘောပါ။ သူကတော့ အလျား ၂၄ ပေ၊ အရှေ့အနောက် ၁၆ ပေ၊ အမြင့်က ၁၂ ပေပေါ့။ သူ့မှာလည်း ထူးခြားတဲ့စနစ်ပါပါတယ်။

**လေသန့်စင်စနစ် ထည့်ထား**

အမှိုက်မီးရှို့တဲ့စနစ်မှာ ထူးခြားတာက မီးရှို့ပြီးရင် ပြာတွေထွက်လာမယ်။ အဲဒီပြာတွေကို လေထဲမှာတင် အနည်ထိုင်ဖို့ ကန်တစ်ကန်ထည့်ထားတယ်။ နောက် တရုတ်ကိုအပ်ပြီး သူကပေးတဲ့ ဒီဇိုင်းနဲ့ လေသန့်စင်စနစ်ကို ထည့်ထားတယ်။ သူ့စနစ်က မီးခိုးဝင်လာရင် ပထမတစ်ကြိမ် မီးသွေးကို ဖြတ်မယ်။ ဒုတိယတစ်ကြိမ်လည်း မီးသွေးထဲ ထပ်ဖြတ်မယ်။ ပြီးရင် ရေထဲကို ဖြတ်မယ်။ ရေထဲဖြတ်ပြီး ဆိုဒီယမ်ဟိုက်ဒြောဆိုက်ကို ဖြတ်မယ်။ အဲဒီလိုဖြတ်ပြီးမှ အပြင်ကို လေထွက်သွားမယ်ဆိုရင် အဲဒီလေက အမှုန်အမွှားမပါ၊ အနံ့မပါတော့ဘူး။ မီးခိုးရောင်သည်လည်း အမည်းရောင်မထွက်တော့ဘဲ အဖြူရောင်ပဲ ထွက်ပါလိမ့်မယ်။ အမှိုက်ရှို့မီးခိုးခေါင်းတိုင်ရဲ့ အမြင့်ကိုလည်း ပေ ၃၀ အထိ ယူထားပါတယ်။

ဥပမာ-မီးဖိုတစ်ဖိုဆောက်ရင် ခြောက်လလောက်ကြာပါတယ်။ အဆောက်အအုံဆိုနှစ်လလောက်ကြာပါတယ်။ နေ့ရော၊ ညရော၊ မနက်ပိုင်းရော သုံးဂျူတီ ခွဲပြီးတော့မှ ရှစ်နာရီသုံးဆိုင်းနဲ့ လုပ်တာ မေ ၂၁ ရက်မှာပဲ ပြီးသွားပါပြီ။ မနက်ဖြန်၊ သန်ဘက်ခါဆို အမှိုက်ကို မီးရှို့လို့ရတဲ့ အနေအထားဖြစ်ပါပြီ။

**ဦးအောင်ဝင်း (စည်းကမ်းထိန်းသိမ်းဌာန-တာဝန်ခံ)၊ ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)**

ကိုဗစ်-၁၉ ကုသရေးဌာန ဖောင်ကြီးဆေးရုံအတွက် ကုန်စည်တင်ယာဉ်အစီး ၆၀ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒီနေ့ချိန်ထိ သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်ပြီး ယာဉ်အစီးရေ ၇၀၀ ခန့်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ကိုဗစ်-၁၉ ကုသရေးဌာနမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်သား ၆၆၇ ဦးအတွက် မနက်၊နေ့လယ်၊ ညစာတွေကို စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ နောက်ဖောင်ကြီးမှာပဲ YRTA အနေနဲ့ ၁၀ ယောက်ပါတဲ့ အဖွဲ့ငယ်ကို တွဲဖက်ထားရှိပြီး ယာဉ်ရှစ်စီးနဲ့အတူ ကျန်းမာရေးဝန်ထမ်းများနဲ့ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံစတင်ဖွင့်လှစ်ပြီးရင်လည်း လူနာများနဲ့ပတ်သက်ပြီး ကြိုပို့လုပ်ငန်းတွေ၊ ကျန်းမာရေးဝန်ထမ်းများနဲ့ ပတ်သက်ပြီး အုပ်ချုပ်မှုပိုင်းအနေနဲ့ လိုအပ်တဲ့ ယာဉ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။


ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည် ) ကိုဗစ် -၁၉ ရောဂါ ကုသရေးဌာနရှိ ခေတ်ခွဲခန်းအဆောက်အဦအား တွေ့ရစဉ်။

**စီစဉ်ဆောင်ရွက်**

ကျန်းမာရေးဝန်ထမ်းများ အထောက်အကူပြုရေးအဖွဲ့မှာ တာဝန်ယူပေးနေပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာန စတင်တည်ဆောက်ကတည်းက တာဝန်ယူခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်းများရဲ့နေထိုင်ရေး၊ စားသောက်ရေး၊ သယ်ယူပို့ဆောင်ရေးတာဝန်ကို ထမ်းဆောင်ပေးပါတယ်။ ကျန်းမာရေးဝန်ထမ်း ၁၄၇ ဦးအတွက် မြောက်ဥက္ကလာပမြို့နယ် သန္တာအိမ်ရာမှာ သုံးထပ်တိုက် လေးလုံး၊ River View Condo နဲ့ ဦးဝိစာရအဝိုင်းအနီး Golden View မှာနေရာချထားပြီး ပြင်ဆင်ပေးပါတယ်။ စားသောက်ရေးနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရဆေးရုံတွေ၊ ဆေးတက္ကသိုလ်(၂) နဲ့ အခြားစုရပ် စုစုပေါင်း ၁၈ နေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ မတ် ၃၀ ရက်နေ့ကနေ ဒီနေ့အထိ ထမင်းဘူးပေါင်း ၂၉၆၀၈ ဘူး၊ ဆောက်လုပ်ရေး ဝန်ထမ်းတွေအတွက် ၁၃၈၈၁ ဘူးကို စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက် Quarantine ခရီးသည်များ၊ လေဆိပ်နှင့် အဝေးပြေး၊ ဘူတာကြီးစတဲ့နေရာများအထိ ခရီးသည်များကြိုပို့ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေး စတာတွေကို နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်။ ယနေ့အထိ ကြိုပို့ယာဉ် အစီး ၁၈၀၊ စားသောက်ရေးအတွက် ၂၀၈ စီး၊ Quarantine ခရီးသည်တွေအတွက် ၇၄ စီး၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ၁၀၁ စီး ဆောင်ရွက်ပေးထားပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေးအမှတ်(၃) သမဝါယမအသင်းလီမိတက်က Contract Farming စနစ်ဖြင့် အသင်းသားတောင်သူများအား ဆောင်ရွက်ပေး



**နေပြည်တော် မေ ၂၃**


ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက္ကားရောင်းဝယ်ရေးအမှတ်(၃) သမဝါယမအသင်းလီမိတက်က တောင်သူအကျိုးတူလယ်ယာ Contract Farming စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အသင်းသားတောင်သူ ၂၈၁ ဦး၏ လယ်ဧက ၁၀၉၀ ကို ထွန်ရက်ခြင်း၊ မျိုးစပါးဖြန့်ဖြူးခြင်း၊ အချိန်ကာလအလိုက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး ဖြန့်ဖြူးခြင်း၊ သီးနှံပေါ်ချိန် ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို စာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် သီးနှံရောင်းချပြီးချိန် လုပ်ငန်းဆောင်တာဝန်ဆောင်မှုစရိတ်များကို သင့်တင့်သည့် အတိုးနှုန်းသာ သတ်မှတ်ရယူပြီး ဖြစ်ပေါ်လာသောအကျိုးအမြတ်များအား အကျိုးတူအသင်းသား တောင်သူများသို့ အကျိုးဖြစ်ထွန်းစေသည့်စနစ်ဖြင့် နှစ်ဖက်သဘောတူစာချုပ်ကို စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းသည့် အဓိက (၁၀) နိုင်ငံ
### ၂၀၁၉- ၂၀၂၀ (အောက်တိုဘာလ- ဖေဖော်ဝါရီလ)


(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဓာတ်မြစ် ။ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်ပို့သည့် အဓိက (၁၀) နိုင်ငံ
### ၂၀၁၉- ၂၀၂၀ (အောက်တိုဘာလ- ဖေဖော်ဝါရီလ)

(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဓာတ်မြစ် ။ အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## မင်းပြားမြို့နယ်အတွင်း CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်

**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဖားပြိုကျေးရွာအနီး အမ်းမြို့မှ စစ်တွေမြို့ဘက်သို့ မောင်းနှင်လာသည့် CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်အား မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အမ်းမြို့မှ စစ်တွေမြို့ဘက်သို့ CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သည့် ယာဉ်မောင်း ဦးနွယ်နွယ်မောင်နှင့် ယာဉ်နောက်လိုက် မောင်ဟိန်းထက်ဦး လိုက်ပါလာသည့် CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသည့် Hijet အမျိုးအစား မော်တော်ယာဉ်အား မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဖားပြိုကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀ ခန့်အကွာသို့အရောက် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ယာဉ်မောင်းဖြစ်သူမှာ နဖူးသို့ လက်နက်ငယ်ကျည်ထိမှန်သေဆုံးခဲ့ပြီး မောင်ဟိန်းထက်ဦးမှာလည်း ဝမ်းဗိုက်သို့ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် မော်တော်ယာဉ်မှာ လမ်း၏ အနောက်ဘက်ရှိ သစ်ပင်အားဝင်တိုက်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိသူ မောင်ဟိန်းထက်ဦးအား မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ပလက်ဝမြို့အတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် မေ ၂၃**

ချင်းပြည်နယ် ပလက်ဝမြို့အတွင်းသို့ ယမန်နေ့ညနေပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်မှုကြောင့် မြို့တွင်းရှိ မြန်မာ့စီးပွားရေးဘဏ်အနီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဘဏ်ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာAA အကြမ်းဖက်သောင်းကျန်းသူများသည် ပလက်ဝမြို့၏ အနောက်ဘက်မီတာ ၆၀၀ ခန့်အကွာရှိ မြို့ဦးစေတီကုန်းအနီးတစ်ဝိုက်မှ ယမန်နေ့ညနေ ၄ နာရီခန့်တွင် မြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ပလက်ဝမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၏ အနောက်ဘက် ငါးပေခန့်အကွာနေရာ၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ဘဏ်ဝန်ထမ်းများဖြစ်သည့် ဦးကျော်စွာထိုက် (ငွေကိုင်)၏ဇနီး ဒေါ်အေးသန္တာ (အသက် ၂၅ နှစ်)၊ သမီးဖြစ်သူ မလှဲ့လှဲ့ (အသက် ၄ နှစ်)နှင့် ဦးသိန်းနိုင် (ညစောင့်)၏သား မောင်လှအေး (အသက် ၂၂ နှစ်)တို့ သေဆုံးခဲ့ပြီး ဦးလှသိန်းမောင် (ကြီးကြပ်ရေးမှူး) အသက် ၅၂နှစ်နှင့် ဦးလောဟာတင့် (ဒုတိယကြီးကြပ်ရေးမှူး) အသက် ၄၅ နှစ်တို့ နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ပလက်ဝမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ သတင်းစဉ်

## မန္တလေးကုန်စည်ဒိုင်အား မေ ၂၃ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားကြောင်း ကြေညာချက်ထုတ်ပြန်

**မန္တလေး မေ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၆)လမ်း၊ (၃၂)လမ်းနှင့် (၃၃) လမ်းကြားရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် မေ ၂၃ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားကြောင်း အဆိုပါအသင်းမှ ယနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ဒိုင်အား သင်္ကြန်မတိုင်မီကာလက ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး သင်္ကြန်အပြီးကာလတွင် မေ ၂၂ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း လူစုလူဝေးဖြစ်ပေါ်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ပြန်လည်ပိတ်ထားခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။

''မန္တလေးကုန်စည်ဒိုင်ကို မေလ ၁ ရက်နေ့မှာ ပြန်ပြီးဖွင့်လှစ်မှာပါ။ ပိတ်ထားတဲ့ကာလမှာလည်း အသင်းကဖွဲ့စည်းပေးထားတဲ့ Viber Group မှာ Online ကနေပြီး အရောင်းအဝယ်တွေ လုပ်ဆောင်နိုင်ပါတယ်။ ဒီရက်ပိုင်းမှာတော့ တောင်သူတွေအနေနဲ့ မြေပဲဆန်နဲ့ ပဲတီစိမ်းအသစ်တွေ လာရောက်ရောင်းချနေတာရှိကြတဲ့အတွက် အသင်းက အတတ်နိုင်ဆုံး အရောင်းအဝယ်ဖြစ်အောင် လုပ်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ မန္တလေးမြို့တွင်းမှာ ကုလားပဲတွေ လှည့်လည်ရောင်းချပေးတဲ့အစီအစဉ်ကို သင်္ကြန်အပြီးမှာ နေ့စဉ်လိုက်လံရောင်းချပေးဖို့ စီစဉ်ထားပေမယ့် လူစုလူဝေးဖြစ်ပေါ်မှာစိုးတဲ့အတွက် အဲဒီအစီအစဉ်ကိုလည်း ရပ်နားထားပါတယ်'' ဟု ၎င်းက ပြောသည်။

မန္တလေးကုန်စည်ဒိုင်ယာယီပိတ်ထားခြင်းနှင့်ပတ်သက်၍ ပွဲစားကုန်စည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ အသင်းသူ အသင်းသားများအား ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားပြီး ၎င်းကြေညာချက်တွင် Online စနစ်ဖြင့် အရောင်းအဝယ်လုပ်ဆောင်နိုင်သော်လည်း အသင်းမှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းဝယ်ကြရန်၊ အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကိုသာ ဖော်ပြပေးရန်နှင့် ငွေလက်ငင်းပေးစနစ်ဖြင့်သာ ကျင့်သုံးလုပ်ဆောင်ကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ရခိုင်ပြည်နယ်အတွင်း ဓာတ်အားပြတ်တောက်နေသည့် မြို့နယ်များ၌ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်းမှ ဓာတ်အားပြတ်တောက်နေမှုကို ပြန်လည်ပြုပြင်ပြီး မေ ၂၂ ရက် ညနေပိုင်းတွင် ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

စစ်တွေခရိုင် ရသေ့တောင်မြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၆၆ ကေဗွီ ဓာတ်အားလိုင်းမှာ B-Phase (Over Current Eartht Fault)ဖြင့် ဓာတ်အားပြတ်တောက်ခဲ့ပြီး နယ်မြေလုံခြုံရေးအခြေအနေကြောင့် လိုင်းအပြစ်ဖြစ်ပွားခြင်းကို ရှာဖွေ မဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဓာတ်အားပြတ်တောက်နေမှုကို မေ ၂၀ ရက်တွင် ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ၊ စစ်တွေခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ ပုဏ္ဏားကျွန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းမှူးရုံး၊ အမ်းမြို့တို့မှ လက်ထောက်အင်ဂျင်နီယာတို့သည် ဓာတ်အားလိုင်းကို လိုက်လံစစ်ဆေးရာ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း၊ ရသေ့တောင်ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် ၂၂ နှင့် ၂၃ ကြား ဖက်ကျကျေးရွာအနီး B-Phase Conductor တစ်ချောင်းပြတ်ကျနေကြောင်း စစ်ဆေးသိရှိရသဖြင့် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် မေ ၂၂ ရက်တွင် ကြိုးတင်ခြင်း၊ ကြိုးဆက်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့ကြပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လိုင်းအားလုံး အဆင်ပြေပြုပြင်ပြီးဖြစ်ခြင်းကြောင့် ယင်းနေ့ညနေပိုင်းတွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း၊ ရသေ့တောင် ဓာတ်အားလိုင်းအား ဓာတ်အားပို့လွှတ်ပေးရာ ဓာတ်အားလက်ခံရရှိသည်။ ဆက်လက်၍ ၆၆ ကေဗွီ ရသေ့တောင်၊ ဘူးသီးတောင် ဓာတ်အားလိုင်းကို လည်းကောင်း၊ ဘူးသီးတောင်၊ မောင်တော ဓာတ်အားလိုင်းကို လည်းကောင်း ဓာတ်အားပို့လွှတ်ရာ ဓာတ်အားလက်ခံသဖြင့် ညနေပိုင်းတွင် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့တို့တွင် မဟာဓာတ်အားစနစ်မှ ပုံမှန်အတိုင်း ဓာတ်အား ပြန်လည် ဖြန့်ဖြူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် မေ ၂ ရက်မှ စတင်ကာ လျှပ်စစ်ပြတ်တောက်ခဲ့ပြီး လျှပ်စစ်ဖြန့်ဖြူးပေးခြင်းကို ဒီဇယ်ဓာတ်အားပေးစနစ်ဖြင့် အချိန်ပိုင်းသာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ ပုံမှန်လျှပ်ဓာတ်အားပြန်လည်ရရှိလာပြီဖြစ်သဖြင့် ၎င်းဒေသရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများမှာ မိမိတို့လုပ်ငန်းများကို ကောင်းမွန်စွာ ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျစိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် (၂၃)မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး(အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | -၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး(မန်နေဂျာ) | -၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက်(စာရေး - ၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | -ဦးခင်စိုး(အတွင်းရေးမှူး) | -၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး(မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင်(အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး(ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင်(အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း(စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

# အမေရိကန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ရန်ပုံငွေထောက်ပံ့မှု ရပ်ဆိုင်းလိုက်ပြီးနောက် တရုတ်နိုင်ငံက ဒေါ်လာ သန်း ၃၀ ထပ်မံလှူဒါန်း

**ပေကျင်း မေ ၂၃**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို ကမ္ဘာတစ်ဝန်း တိုက်ဖျက်ရာတွင် အထောက်အကူပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သို့ အမေရိကန်ဒေါ်လာ သန်း ၃၀ ထပ်မံလှူဒါန်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ကြာသပတေးနေ့က ကြေညာသည်။ အမေရိကန်နိုင်ငံက WHO သို့ ရန်ပုံငွေထောက်ပံ့မှုကို ရပ်ဆိုင်းမည်ဟု ပြောကြားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ တိုက်ဖျက်ရာတွင် ကူညီထောက်ပံ့ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးစနစ်များ ခိုင်မာအားကောင်းလာစေရန်အတွက် ယခင် လှူဒါန်းထားပြီးဖြစ်သည့် ဒေါ်လာသန်း ၂၀ အပြင် နောက်ထပ် ဒေါ်လာ သန်း ၃၀ ကို WHO သို့ ငွေသားဖြင့် လှူဒါန်းရန် တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဂန်ရှောင်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုကဲ့သို့ တရုတ်နိုင်ငံ၏ ထောက်ပံ့လှူဒါန်းမှုသည် WHO အပေါ်ထားရှိသည့် တရုတ်အစိုးရနှင့် ပြည်သူများ၏ ထောက်ခံမှုနှင့် ယုံကြည်မှုကို ထင်ဟပ်ပေါ်လွင်စေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။


ပြီးခဲ့သည့် သီတင်းပတ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာတစ်ဝန်းသို့ ဗိုင်းရပ်စ် မပျံ့နှံ့မီ တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု၏ စိုးရိမ်ဖွယ်ရာအခြေအနေကို WHO က ဖုံးဖိထားခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ ယင်းစွပ်စွဲပြော ဆိုမှုသည် တရုတ်နိုင်ငံကို အမျက်ဒေါသထွက်စေခဲ့ပြီး နှစ်နိုင်ငံအကြား ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ငြင်းခုံမှုဖြစ်ပွားခဲ့သည်။


ဒေါ်နယ်ထရမ့်က အမေရိကန် အခွန်ထမ်းပြည်သူများသည် WHO သို့ တစ်နှစ်လျှင် ဒေါ်လာ သန်း ၄၀၀ မှ သန်း ၅၀၀ အကြား ထောက်ပံ့ခဲ့ကြောင်း၊ ထိုစဉ်အချိန်တွင် တရုတ်နိုင်ငံက အကြမ်းဖျင်းအားဖြင့် တစ်နှစ်လျှင် ဒေါ်လာ သန်း ၄၀ သာ ထောက်ပံ့ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - အေအက်ဖ်ပီ

ဘာသာပြန် - အောင်ဇော်လင်း

■





# ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း လူ ၄၇၇၄ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ ရောဂါကူးစက်ခံရသူပေါင်း ၆၀၀၀၀ ကျော်ရှိလာ

**မော်စကို မေ ၂၃**

ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၇၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၆၂၇၇၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရုရှားအစိုးရက အသွားအလာကန့်သတ်မှု ချမှတ်ခဲ့ပြီးနောက် နေ့စဉ်ရောဂါကူးစက်မှုမှာ သုံးရက်ဆက်တိုက် လျော့ကျလာကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် မေ ၂၂ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁၃ ဦးရှိရာ ၂၄ နာရီအတွင်း ၄၂ ဦး ထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူပေါင်း ၅၅၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ သို့သော် ရုရှားတွင် ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့် လူနာ ၄၇၁ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၈၉၁ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့်မြို့ဖြစ်ပြီး ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၉၅၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃၉၄၀ ရှိလာခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော ပထမဆုံးလူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မတ်လကုန်ပိုင်းမှစ၍ ရောဂါကူးစက်ပျံ့နှံ့မှု သိသိသာသာ အရှိန်မြင့်တက်လာခဲ့သည်။ ရောဂါကူးစက်မှုအထွတ်အထိပ်သို့ ရောက်ရှိသည့်နေ့မှာ မေ ၁၉ ရက်ဖြစ်ပြီး ယင်းနေ့တစ်နေ့တည်းတွင် လူ ၆၀၆၀ ခန့် ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် မေ ၉ ရက်က ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်၊ မေ ၁၄ ရက်က ၂၀၀၀၀ ကျော်၊ မေ ၁၇ တွင် ၃၀၀၀၀ ကျော်နှင့် မေ ၁၉ ရက်က ၄၀၀၀၀ ကျော်၊ မေ ၂၁ ရက်တွင် ၅၀၀၀၀ ကျော်နှင့် မေ ၂၃ ရက်တွင် ၆၀၀၀၀ ကျော် စသည်ဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် အစိုးရ၏ ကြိုးပမ်းမှု အစိတ်အပိုင်းအနေဖြင့် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်သည့် ဝန်ထမ်းများမှလွဲ၍ ရုရှားပြည်သူများသည် မတ် ၃၀ မှ မေ ၃၀ အထိ လစာအပြည့်ဖြင့် ခွင့်ယူခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၃၉၃ ဦးရှိလာ တစ်ရက်အတွင်း ၂၉ ဦး ထပ်မံသေဆုံး

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၂၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၁၃၉၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉ ဦး ထပ်မံသေဆုံးခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၆၈၁ ဦး ရှိလာကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၅၈ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာလာသောကြောင့် ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုကို မတ် ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ယနေ့ဆိုလျှင် ရက် ၃၀ ပြည့်လာပြီဖြစ်သည်။ သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ယင်းအသွားအလာကန့်သတ်မှုကို အစိုးရက မေ ၃ ရက်အထိ သက်တမ်းတိုးချဲ့လိုက်သည်။ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် အသွားအလာကန့်သတ်မှုပြုလုပ်ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို ဆန်းစစ်လေ့လာရန် ပြည်နယ်နှင့် ဒေသန္တရဝန်ကြီးချုပ်များနှင့် တတိယအကြိမ်မြောက် ဗီဒီယိုကွန်ဖရင့် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ



အိန္ဒိယနိုင်ငံ ဥတာပရာဒေ့ရှ်ပြည်နယ်တွင် အသွားအလာကန့်သတ်ထားစဉ်အတွင်း ဆိုင်ကယ်စီးနင်းလာသူများအား စစ်ဆေးရေးဂိတ်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ စစ်ဆေးမှုဆောင်ရွက်နေစဉ်။

# အမေရိကန်နိုင်ငံ၌ လေဆင်နှာမောင်းတိုက်ခတ်၊ အနည်းဆုံး ငါးဦးသေဆုံး

**နယူးယောက် မေ ၂၃**

အမေရိကန်နိုင်ငံ အိုကလာဟိုးမားနှင့်တက္ကဆက်ပြည်နယ်များတွင် မေ ၂၂ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အနည်းဆုံး ငါးဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အိုကလာဟိုးမားပြည်နယ် မာရှယ်စီရင်စုသို့ လေဆင်နှာမောင်း တိုက်ခတ်ခြင်းကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း မာရှယ်စီရင်စုအရေးပေါ် စီမံခန့်ခွဲရေးဌာနမှ ရောဘတ်ချန်နေးက ပြောကြားခဲ့သည်။

ထို့ပြင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် မော်တော်ယာဉ်အများအပြား ပျက်စီးခဲ့သည့်အပြင် စတီးထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုတွင်လည်း အပျက်အစီးများစွာ ဖြစ်ပေါ်စေခဲ့သည်။ လူနေအိမ် ၁၂ လုံးအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ဓာတ်အားလိုင်းများလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ တက္ကဆက်ပြည်နယ် ပေါ့ခ်စီရင်စုတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အနည်းဆုံးသုံးဦးသေဆုံးပြီး ၃၀ ခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

လေဆင်နှာမောင်း သတိပေးချက်များရရှိသည်နှင့်တစ်ပြိုင်နက် ပြည်သူများအား ကူညီထောက်ပံ့မှုများပေးရန် ကယ်ဆယ်ရေးအဖွဲ့များကို တက္ကဆက်ပြည်နယ်အတွင်းတွင် နေရာချထားခဲ့ကြောင်း တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အဘော့က ဆိုသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ကင်ဂျုံအန်က မြောက်ကိုရီးယားတပ်မတော်ကို ထိန်းချုပ်ထားဆဲဟု အမေရိကန် ယူဆ

**ဝါရှင်တန် မေ ၂၃**
စိုးရိမ်ဖွယ်ရာ ဖျားနာနေသည့် သတင်းများထွက်ပေါ်လင့်ကစား မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယားတပ်မတော်ကို ထိန်းချုပ်ထားဆဲဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကင်ဂျုံအန်မှာ ခွဲစိတ်ကုသမှုပြုလုပ်ထားပြီး ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်အခြေအနေတွင် ရောက်ရှိနေသည့်အတွက် အမေရိကန်အစိုးရက အခြေအနေကို အနီးကပ်စောင့်ကြည့်နေကြောင်း အမေရိကန်အစိုးရသတင်းရပ်ကွက်တစ်ခုကို ကိုးကား၍ စီအင်န်အင်န်နှင့် အခြားမီဒီယာများက ဖော်ပြခဲ့ကြသည်။

သတင်းများနှင့်ပတ်သက်၍ အတည်ပြု သို့မဟုတ် ငြင်းဆန်နိုင်သည့် အချက်အလက်များမရှိဟု အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဂျွန်ဟိုင်တန်က မေ ၂၂ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

"ကင်ဂျုံအန်က မြောက်ကိုရီးယား နျူကလီးယားတပ်ဖွဲ့နဲ့ တပ်မတော်ကို အပြည့်အဝ ထိန်းချုပ်ထားဆဲလို့ ကျွန်တော် ယူဆပါတယ်" ဟု ၎င်းက ပြောသည်။

ကင်ဂျုံအန်သည် မေ ၁၅ ရက်တွင် မြောက်ကိုရီးယားနိုင်ငံတည်ထောင်သူ၏ မွေးနေ့အခမ်းအနား ကျင်းပရန်အရေးပါသော နှစ်စဉ်ကျင်းပနေကျ အခမ်းအနားတစ်ခုဖြစ်သည့် အဘိုးဖြစ်သူ ကင်အီဆွန်း၏ ဂူဗိမာန်သို့ တက်ရောက်ရန်ပျက်ကွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မတက်ရောက်နိုင်မှုကြောင့် ကင်ဂျုံအန်၏ ကျန်းမာရေးနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များ ဖြစ်ပေါ်စေခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် အထူးစစ်ဆင်ရေးတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။



# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ဆက်ဆံရေးတိုးမြှင့်ရန် အီရန်နှင့် တူရကီသမ္မတ ဆက်သွယ်ဆွေးနွေး

**တီဟီရန် မေ ၂၃**
အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် မေ ၂၁ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား စောင့်ထိန်းလိုက်နာခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားကြရန် အချင်းချင်းတိုက်တွန်းနှိုးဆော်ခဲ့ကြသည်။

အီရန်သမ္မတ ရိုဟာနီသည် တူရကီသမ္မတ အာဒိုဂန်နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအားလုံးကို လိုက်နာစောင့်ထိန်းခြင်းနှင့်အတူ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နှင့် တူရကီနိုင်ငံတို့သည် အခက်အခဲနှင့် ဒုက္ခကြုံတွေ့နေစဉ်ကာလတွင် အတူတကွရပ်တည်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချင်းချင်းကူညီအားပေးသင့်ကြောင်း ရိုဟာနီက ဆိုသည်။

ထို့ပြင် အိမ်နီးချင်း အီရန်နှင့် တူရကီအရာရှိများသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ၎င်းတို့၏ အတွေ့အကြုံများကိုလည်း အချင်းချင်း ဖလှယ်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အီရန်နှင့် တူရကီနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် နိုင်ငံများထဲတွင် ပါဝင်သည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ဩစတြေးလျတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သိသိသာသာလျော့ကျ

**ကင်ဘာရာ မေ ၂၃**
ဩစတြေးလျနိုင်ငံတွင် မေ ၂၃ ရက် ဆေးမှတ်တမ်းအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦးသာ ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်မှုနှုန်း သိသိသာသာလျော့ကျလာကြောင်း သိရသည်။

မေ ၂၂ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၆၄၇ ဦးရှိခဲ့သည်။ မေ ၂၃ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၆၅၄ ဦးရှိလာခဲ့ပြီဖြစ်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် တိုးတက်မှုရရှိခဲ့သည်ဟု ဝန်ကြီးချုပ် စကော့မောရစ်ဆင်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု ဆက်လက်ကျဆင်းနေခြင်းကြောင့် ဩစတြေးလျနိုင်ငံမှာ စီးပွားရေးအရ ကိုဗစ်-၁၉ ဘေးအန္တရာယ်ကင်းမှုအဆင့်တွင် လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီဟု မောရစ်ဆင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၄ ဦးအထိ မြင့်တက်လာခဲ့သော်လည်း ဩစတြေးလျပြည်သူများ သတိမထားလျှင် သေဆုံးသူ သိသိသာသာမြင့်တက်လာနိုင်သည်ဟု မောရစ်ဆင်က သတိပေးခဲ့သည်။

"ကျွန်တော်တို့ သတိမထားရင် ဩစတြေးလျနိုင်ငံမှာ သေဆုံးမှု မြင့်တက်လာနိုင်ပါတယ်။ ဒါကြောင့် ဩစတြေးလျပြည်သူတွေနဲ့ အစိုးရက စီးပွားရေးကို ကိုဗစ်-၁၉ ရောဂါ ဘေးအန္တရာယ်ကင်းတဲ့အဆင့်ထိ ပြန်လည်ရရှိမယ့် လိုအပ်ချက်တွေချိန်ညှိဖို့ စေ့စပ်သေချာအောင် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။ ကြိုတင်မမြင်နိုင်သော အနာဂတ်တွင် အစိုးရ၏ နိုင်ငံတကာခရီးသွားမှုကန့်သတ်ချက်များ ဖြေလျှော့ရေးကို ဩစတြေးလျဆေးဘက်အရာရှိချုပ် ဘရန်ဒန်မာဖီက ပယ်ချခဲ့သည်။ မတ် ၂၆ ရက်ကတည်းက ဩစတြေးလျပြည်သူများအတွက် နိုင်ငံတကာသို့ ခရီးသွားလာမှုပိတ်ပင်ခြင်းများ သတ်မှတ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# လက်ဘနွန်ရှိ ပါလက်စတိုင်းဒုက္ခသည်စခန်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ပထမဆုံးအကြိမ်တွေ့ရှိ

**ဘေရွတ် မေ ၂၃**
လက်ဘနွန်နိုင်ငံရှိ ပါလက်စတိုင်းဒုက္ခသည်စခန်းတစ်ခုတွင် ပထမဆုံးအကြိမ် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေ့ရှိကြောင်း ကုလသမဂ္ဂက ကြေညာခဲ့ပြီးနောက် မေ ၂၂ ရက်တွင် အသွားအလာကန့်သတ်မှု ချမှတ်ခဲ့ကြောင်း သိရသည်။




ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူသည် ဆီးရီးယားမှလာသည့် ပါလက်စတိုင်းဒုက္ခသည်ဖြစ်ပြီး ဘေရွတ်ရှိ နိုင်ငံပိုင်ရာဖစ်ဟာရီရီဆေးရုံသို့ ပို့ဆောင်ထားကြောင်း ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များ အေဂျင်စီက အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂနှင့် ကူညီထောက်ပံ့ရေးအုပ်စုများကလည်း ကမ္ဘာတစ်ဝန်းရှိ လူဦးရေထူထပ်သည့် ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကိုလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း ထပ်ကာထပ်ကာ သတိပေးထားသည်။

ဒုက္ခသည်များအဖြစ် နေထိုင်နေရသူ သန်း ၂၀ ကျော်အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှုဒဏ်ခံရသဖြင့် အိုးအိမ်စွန့်ခွာသူ သန်း ၇၀ ကျော်ရှိကြောင်း ကုလသမဂ္ဂ၏ အချက်အလက်များအရ သိရသည်။

လက်ဘနွန်နိုင်ငံတွင် နေထိုင်သော ပါလက်စတိုင်းနှင့် ဆီးရီးယား ဒုက္ခသည် ထောင်ပေါင်းများစွာမှာ ခုခံနိုင်စွမ်းအား အနည်းဆုံးသူများဖြစ်ကြောင်း ကူညီထောက်ပံ့ပေးရေးအုပ်စုများက သတိပေးထားသည်။ လွန်ခဲ့သည့် ကိုးနှစ်တာကာလက အိမ်နီးချင်းနိုင်ငံများတွင် ပြည်တွင်းစစ်များဖြစ်ပွားချိန်မှစတင်ကာ လက်ဘနွန်နိုင်ငံက ဆီးရီးယားနိုင်ငံသား ၁ ဒသမ ၅ သန်းကို လက်ခံထားရကြောင်း သိရသည်။ ယင်းတို့အနက်မှ လူဦးရေတစ်သန်းနီးပါးမှာ ကုလသမဂ္ဂက ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုထားသူများဖြစ်သည်။

လက်ဘွန်နိုင်ငံ၌ ဒုက္ခသည်စခန်းတွင် မနေထိုင်ဖူးသည့် အခြားပါလက်စတိုင်း နိုင်ငံသားတစ်ဦးနှင့် ဆီးရီးယားနိုင်ငံသားသုံးဦးတို့တွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း သိရသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အလင်းသစ်**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပီရူးနိုင်ငံက အကျဉ်းသား ၃၀၀၀ ကို လွတ်ငြိမ်းသက်သာခွင့်ပေး

**လီမာ မေ ၂၃**
ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရနိုင်သည့် အန္တရာယ်ရှိနေသည့် အကျဉ်းသားများအပါအဝင် အကျဉ်းသား ၃၀၀၀ ခန့်ကို လွတ်ငြိမ်းသက်သာခွင့်ပေးမည်ဖြစ်ကြောင်း ပီရူးတရားရေးဝန်ကြီးက ပြောကြားသည်။

အကျဉ်းသားများဖြင့် ပြည့်ကျပ်နေသည့် ပီရူးနိုင်ငံ၏ အကျဉ်းထောင်များတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထောင်ကြီးကြပ်သူ ၂၆ ဦးအပါအဝင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀ ကျော်ရှိပြီး အကျဉ်းသား အနည်းဆုံး ၇ ဦး သေဆုံးခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ခံနိုင်ရည်နည်းပါးသောအုပ်စုတွင် ပါဝင်သည့် အကျဉ်းသား ၃၀၀၀ ခန့်ကို လွတ်ငြိမ်းသက်သာခွင့် ပေးမည်ဖြစ်ကြောင်း ဝန်ကြီးဖာနန်ဒို ကတ်စတာနီဒါက အေတီဗီရုပ်မြင်သံကြားဌာနသို့ မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ မေ ၂၃ ရက်တွင် အစိုးရက တရားဝင် အမိန့်ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လွတ်ငြိမ်းသက်သာခွင့်အမိန့်မှ အကျိုးခံစားခွင့်ရရှိမည့် အကျဉ်းသားများထဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး အကျဉ်းသားများ၊ ၃ နှစ်အောက်အရွယ်ကလေးငယ်များရှိသည့် အကျဉ်းသားများ၊ ၄ နှစ်ထက်လျော့နည်းသည့် ထောင်ဒဏ်ကျခံနေရသူများနှင့် ကြီးလေးသည့် ပြစ်မှုများကို ကျူးလွန်ခဲ့ဖူးခြင်းမရှိသည့် အသက် ၇၀ ကျော် အကျဉ်းသားများ ပါဝင်မည်ဖြစ်သည်။ အဆိုပါလွတ်ငြိမ်းသက်သာခွင့်တွင် ထောင်ဒဏ်ကျခံရမည့်ကာလ ၆ လသာ ကျန်ရှိသည့် အကျဉ်းသားများနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမည့် အန္တရာယ်များသည့် အခြေအနေတွင် ရှိနေသည့် အကျဉ်းသားများလည်း ပါဝင်သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အကျဉ်းသားတစ်ဦး သေဆုံးပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် ပီရူးနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခုတွင် မေ ၁၇ ရက်က ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားရာ အကျဉ်းသား နှစ်ဦး ထပ်မံသေဆုံးခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ဇော်လင်း**

# နှောင့်ယှက်လာသည့် အီရန်တိုက်ရေယာဉ်များကို ပြန်လည်တိုက်ခိုက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ရေတပ်သို့ ညွှန်ကြား

**ဝါရှင်တန် ဧပြီ ၂၃**

စိတ်အနှောင့်အယှက်ဖြစ်စေရာ ပြုလုပ်သည့် အီရန်တိုက်ရေယာဉ်များကို ပစ်ခတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ရေတပ်သို့ ညွှန်ကြားခဲ့သည်။

"ပင်လယ်ပြင်မှာ အမေရိကန်သင်္ဘောတွေကို အီရန်တိုက်ရေယာဉ်တွေက နှောင့်ယှက်တိုက်ခိုက်မယ်ဆိုရင် ပစ်ခတ်ဖျက်ဆီးပစ်ဖို့ ကျွန်တော် အမေရိကန်ရေတပ်ကို ညွှန်ကြားခဲ့ပါတယ်"ဟု ဒေါ်နယ်ထရမ့်က ဧပြီ ၂၂ ရက်တွင် တွစ်တာ၌ ရေးသားခဲ့သည်။ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ရေတပ်မှ စစ်ရေယာဉ် ၁၁ စင်းက ပါရှားပင်လယ်ကွေ့အတွင်းရှိ အမေရိကန်ရေတပ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အပေါ့စားကင်းလှည့်ရေယာဉ်များအနီးသို့ ချဉ်းကပ်လာခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြီးခဲ့သည့်သီတင်းပတ်အတွင်း ထုတ်ဖော်ပြောကြားပြီးနောက် ဒေါ်နယ်ထရမ့်က ယခုကဲ့သို့ ရေးသားခြင်းဖြစ်သည်။

တိုင်းပြည်၏ ပထမဆုံးသော စစ်ဘက်သုံးဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ယင်းနေ့တွင် ကြေညာခဲ့သည်။ အမေရိကန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်နေစဉ် အီရန်နိုင်ငံ၏ ရန်စမှုများနှင့် ပတ်သက်၍ စိုးရိမ်မှုများကို အမေရိကန်နိုင်ငံရှိ ကျွမ်းကျင်သူများက ကိုးကားပြောဆိုရာ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်မှု တိုးမြှင့်လာဖွယ်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး



# အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၇ ဦးရှိပြီး ၁၁ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဧပြီ ၂၃**

အင်ဒိုနီးရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၇၇၇၅ ဦးရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ ပြောကြားခဲ့သည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာ ၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၆၄၇ ဦး ရှိလာခဲ့ကြောင်း သိရသည်။




သို့သော် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၁ ဦးအပါအဝင် လူနာ ၉၆၀ သည် ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း အာ့ခ်မက်ယူရီယံတိုက ထပ်မံပြောကြားသည်။

လောလောဆယ် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ဟု သံသယရှိသူပေါင်း ၁၈၂၈၃ ဦး ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လူဦးရေ ၁၀ သန်းကျော် နေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၃ ဦး သေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း ယင်းရောဂါကြောင့် သေဆုံးမှုအများဆုံးနေရာဖြစ်လာခဲ့သည်။ ထို့အတူ အနောက် ဂျာဗားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၇၄ ဦး၊ အရှေ့ဂျာဗားတွင် ၆၀၊ အလယ်ဂျာဗားတွင် ၅၃ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အီတလီဇိမ်ခံသင်္ဘောမှ အမှုထမ်း ၄၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိ

**တိုကျို ဧပြီ ၂၃**

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တော်ရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အီတလီ ဇိမ်ခံသင်္ဘောတစ်စင်းမှ အမှုထမ်း ၄၈ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ဂျပန်ကျန်းမာရေး တာဝန်ရှိသူများက ပြောသည်။

အမှုထမ်း ၆၂၃ ဦးပါ ကော်စတာအတ္တလန္တာ ဇိမ်ခံသင်္ဘောသည် မစ်ဆူရှီဘီ အကြီးစားစက်မှုလုပ်ငန်း၏ ပြင်ဆင်မွမ်းမံမှုခံယူရန် ဇန်နဝါရီလကတည်းက နာဂါဆာကီမြို့တော်၌ ဆိုက်ကပ်ခဲ့သည်။ အမှုထမ်းတစ်ဦး ချောင်းဆိုးခြင်းနှင့် ဖျားနာခြင်းဖြစ်ပွားခဲ့ကြောင်း ဇိမ်ခံသင်္ဘောက သတင်းထုတ်ပြန်ပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်က အဆိုပါအမှုထမ်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရောဂါကူးစက်လူနာများတွင် ယမန်နေ့က ပထမဆုံးအကြိမ် အတည်ပြုခဲ့သည့် အမှုထမ်း ၃၄ ဦး ပါဝင်သည်။

သင်္ဘောအမှုထမ်းတစ်ဦးကို နာဂါဆာကီဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ယခုအခါ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ပေးထားရသည်။ ဧပြီ ၂၄ ရက်ထက်နောက်မကျဘဲ ကျန်ရှိသော သင်္ဘောအမှုထမ်းများကို စမ်းသပ်မည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။ ဇိမ်ခံသင်္ဘောတစ်စင်းပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရခြင်းမှာ ယခုဖြစ်ရပ်သည် ဂျပန်နိုင်ငံအတွက် ဒုတိယအကြိမ်ဖြစ်သည်။ ခရီးသည်တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိပြီးနောက် အမေရိကန်နိုင်ငံအလံ လွှင့်ထူထားသော Diamond Princess ဇိမ်ခံသင်္ဘောကို ယိုကိုဟားမားမြို့၌ သီးသန့်ထားရှိ၍ စောင့်ကြည့်ခဲ့သည်။

Diamond Princess ဇိမ်ခံသင်္ဘောမှ ခရီးသည် ၇၀၀ ကျော်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့သည်။ လက်ရှိတွင် အရေးပေါ်အခြေအနေ ကြေညာထားသည့် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာ ၁၂၀၀၀ နီးပါးနှင့် သေဆုံးသူ ၃၀၀ နီးပါးရှိသည်။

ကိုးကား-ဗွီအိုအေ၊ ဘာသာပြန်-ကျော်ထိုက်စိုး

# တောင်အာဖရိကနိုင်ငံတွင် ခရီးသွားလာမှုပိတ်ပင်ခြင်းကြောင့် ပြည်သူများနှင့် ရဲတပ်ဖွဲ့အကြား အဓိကရုဏ်းဖြစ်ပွား

**ကိတ်တောင်း ဧပြီ ၂၃**

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် ခရီးသွားလာမှုများ ပိတ်ပင်ခြင်းကြောင့် ပြည်သူအများအပြား အလုပ်လက်မဲ့ဖြစ်ကာ စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ခရီးသွားလာမှုပိတ်ပင်ခြင်းစည်းမျဉ်းများကို ပြည်သူအချို့က လိုက်နာခြင်းမရှိဘဲ ချိုးဖောက်လျက်ရှိသည်။ ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် ချမှတ်ထားသော စည်းမျဉ်းများကို ပြည်သူများ လိုက်နာခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိသော ရဲအရာရှိများနှင့် စည်းကမ်းချိုးဖောက်သော ပြည်သူများအကြား အဓိကရုဏ်းများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ဧပြီ ၂၁ ရက်တွင် တောင်အာဖရိကနိုင်ငံ မြောက်ပိုင်းရှိ မြို့တစ်မြို့၌ ခရီးသွားလာမှုပိတ်ပင်ခြင်းစည်းမျဉ်းများကို လိုက်နာခြင်းမရှိသော ပြည်သူများနှင့် ရဲအရာရှိများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ပြည်သူများက မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့သည်။

အဆိုပါအဓိကရုဏ်းဖြစ်ပွားမှုတွင် ရဲကားနှစ်စီးအပါအဝင် လူနာတင်ယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခြင်းခံရပြီး အနီးဝန်းကျင်ရှိ ဈေးဆိုင်များအတွင်းသို့ ပြည်သူများက ဝင်ရောက်လုယက်မှုများ ပြုလုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ ရဲအရာရှိငါးဦးနှင့် ဆေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ထို့ပြင် ဆင်းရဲချို့တဲ့သော ပြည်သူများအား ဝေမျှပေးရန် စားနပ်ရိက္ခာများ သယ်ဆောင်လာသော ကုန်တင်ယာဉ်များကိုလည်း စည်းကမ်းမဲ့ပြည်သူများက တိုက်ခိုက်လုယက်ခဲ့သည့် ဖြစ်စဉ်များရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ခရီးသွားလာမှုပိတ်ပင်ခြင်းများကို မတ် ၂၇ ရက်မှစတင်ခဲ့သည်။ လက်ရှိအချိန်အထိ တောင်အာဖရိကနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၆၀၀ ခန့်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်

# တိုကျိုအိုလံပစ်ပြိုင်ပွဲကို ထပ်မံရွှေ့ဆိုင်းရန်မဖြစ်နိုင်ကြောင်း ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြောကြား

**တိုကျို ဧပြီ ၂၃**

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တစ်နှစ်ကြာရပ်ဆိုင်းထားခဲ့ပြီး ထပ်မံရွှေ့ဆိုင်းရန် မဖြစ်နိုင်တော့ကြောင်း ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ယိုရှီရိုမိုရီက ဧပြီ ၂၃ ရက်တွင် သတိပေးပြောကြားခဲ့သည်။

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပရန် ပြန်လည်စီစဉ်ထားခဲ့ပြီးဖြစ်သဖြင့် ထပ်မံရွှေ့ဆိုင်းနိုင်မည့် အခွင့်အလမ်းလုံးဝမရှိကြောင်း ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ယိုရှီရိုမိုရီက ပြောကြားခဲ့ကြောင်း ကျိုဒိုသတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။




ဂျပန်နိုင်ငံအနေဖြင့် အိုလံပစ်ပြိုင်ပွဲကို နှစ်နှစ်ကြာရွှေ့ဆိုင်းထားရန်သင့်၊ မသင့်နှင့်စပ်လျဉ်း၍ ယခင်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား မိမိက မေးမြန်းခဲ့ရာတွင် တစ်နှစ်တာရွှေ့ဆိုင်းထားမည့်နည်းလမ်းကို ရှင်ဇိုအာဘေးက ဆုံးဖြတ်ခဲ့ကြောင်း ပြိုင်ပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ယိုရှီရိုမိုရီက ပြောကြားခဲ့သည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီ၊ ဂျပန်နိုင်ငံမှ ပြိုင်ပွဲကြီးကြပ်သူများ၊ အားကစားသမားများနှင့် အားကစားအသင်းအဖွဲ့များသည် တိုကျိုအိုလံပစ်ပြိုင်ပွဲအား တစ်နှစ်ကြာ ရွှေ့ဆိုင်းထားရန် မတ်လအတွင်းက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အလင်းသစ်

## ပုဂံညောင်ဦး၌ ညမထွက်ရအမိန့် မလိုက်နာသူ ငါးဦးကို အရေးယူ

**ညောင်ဦး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလ အတွင်း ညမထွက်ရအမိန့်အား ထုတ်ပြန်ထားရှိရာ မေ ၂၂ ရက် ည ၁၁ နာရီက ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ဝင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နယ်မြေ ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ပြည်သူများ မလိုအပ်ဘဲ အပြင်သွားလာမှု မရှိစေရန်နှင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေး လှည့်ကင်းများ ကွင်းဆင်းဆောင်ရွက်နေစဉ် ပုဂံမြို့မှ နှစ်ဦးနှင့် ညောင်ဦးမြို့မှ သုံးဦးအား လမ်းမပေါ်တွင်တွေ့ရှိ၍ စုံစမ်းစစ်ဆေးမေးမြန်းရာ လုံလောက်သောအကြောင်းပြချက် ပြောဆိုနိုင်ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ညောင်ဦးမြို့နယ်တရားရုံးက တည်ဆဲဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ညမထွက်ရအမိန့် မလိုက်နာသူ အမျိုးသား လေးဦးအား အရေးယူ

**တာချီလိတ် မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ညမထွက်ရအမိန့် မလိုက်နာသူ အမျိုးသား လေးဦး ကို မေ ၂၂ ရက် ည ၁၁ နာရီက အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၁၁ နာရီတွင် တာချီလိတ်ခရိုင် မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ် နိုင်ဇော်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်ဇေယျဦးစီး လှည့်ကင်းအဖွဲ့သည် တာချီလိတ်မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ဝမ်ကောင်း ရပ်ကွက် ကချင်ရွာလမ်းဆုံ၌ တင်နွယ်၊ ကျော်စိုးဦး တို့အားလည်းကောင်း၊ မယ်ခေါင် ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အနီးလမ်းမပေါ်တွင် ညီဝင်းအား လည်းကောင်း၊ ရန်အောင်မြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းမပေါ်၌ ဝင်းအောင်နိုင်ထွန်းအား လည်းကောင်း စစ်ဆေးခဲ့ရာ အကြောင်းမဲ့ သွားလာနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့လေးဦးအား တာချီလိတ်မြို့နယ်တရားရုံး၌ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး လုပ်ဆောင်မှုကို နှောင့်ယှက်သည့် အမျိုးသား နှစ်ဦးအား အလုပ်နှင့် ထောင်ဒဏ် သုံးလစီ အမိန့်ချမှတ်

**စဉ့်ကိုင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးဆောင်ရွက်နေသည်ကို နှောင့်ယှက်သူ နှစ်ဦးအား စဉ့်ကိုင်မြို့နယ်တရားရုံးက မေ ၂၁ ရက် ညနေ ၄ နာရီတွင် အလုပ်နှင့် ထောင်ဒဏ် သုံးလစီ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်ချစ်ဝိုင်းသည် မေ ၁၉ ရက် ည ၁၀ နာရီတွင် ပန်းလောင် တံတားပေါ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆောင်ရွက်နေသော ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဆဲဆိုကြိမ်းမောင်းခဲ့ကြောင်း၊ ယင်းနောက် မေ ၂၀ ရက် နံနက် ၁ နာခွဲတွင် မောင်ချစ်ဝိုင်း နှင့် မောင်ကျော်သက်အောင်တို့နှစ်ဦးမှာ အရက်သေစာ သောက်စားပြီး ထပ်မံလာရောက်၍ နည်းမျိုးစုံဖြင့် ကြိမ်းဝါးဆဲဆိုခြင်း၊ ဆူပူသောင်းကြမ်းခြင်းများပြုလုပ်မှုအပေါ် စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇေယျက မေ ၂၀ ရက်တွင် တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စဉ့်ကိုင်မြို့နယ်တရားသူကြီးက စစ်ဆေးခဲ့ပြီး မောင်ချစ်ဝိုင်းနှင့် မောင်ကျော်သက်အောင်တို့ကို မြို့နယ်တရားရုံး၏ စစ်ဆေးပေါ်ပေါက်ချက်များအရ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မကို ကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် သုံးလစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင်)**



## မုံရွာမြို့ ထန်းတောရပ်ကွက်၌ ရိုင်ဖယ်သေနတ်ကျည်ဆန် ၉၉ တောင့် တွေ့ရှိ

**မုံရွာ မေ ၂၃**

မုံရွာမြို့ ထန်းတောရပ်ကွက်၌ မေ ၂၂ ရက် နံနက်ပိုင်းက ရိုင်ဖယ်သေနတ် ကျည်ဆန် ၉၉ တောင့် တွေ့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျည်ဆန်များအား မုံရွာမြို့ ထန်းတောရပ်ကွက် အောင်မဟာလမ်း နယ်မြေ(၉)အတွင်းရှိ ပြုပြင်ဆဲတံတားအနီးမှ တွေ့ရှိခဲ့ခြင်းပြီး ရိုင်ဖယ်သေနတ် ကျည်ဆံ ၉၉ တောင့်ကို တပ်မတော်မှ စစ်ဆေးရန် သိမ်းဆည်းသွားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ မေ ၇ ရက်မှ ၁၂ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ၁၈ မိုင်-ကျိုင်းခမ်းသွားလမ်းတွင် အင်သစ် ၄ ဒသမ ၈၄၄ တန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာအနီး တရားမဝင်စုပုံထားသော သစ်အယ်သစ် ၂ ဒသမ ၁၃၀၂ တန်၊ လယ်ဝေးမြို့နယ် အောင်မင်းရွာ မြောက်ဘက်နေရာ၌ တရားမဝင် သံသေခွဲသား ၁၀ ဒသမ ၉၅၄၆ တန်၊ မန္တလေး-မိုးကုတ်သွားကားလမ်းအရှေ့ဘက်မှ တရားမဝင်အင်သစ် ၃ ဒသမ ၄၁၄ တန်၊ မင်းဘူးမြို့နယ် ရှောက်ချောင်းချောင် အနီးတွင် တရားမဝင် အခြားခွဲသား ၄ ဒသမ ၂၆၈၆ တန်နှင့်အတူ တရုတ်အင်ဂျင် 25 hp နှစ်လုံး၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် ပေါက်မြို့နယ် ကျောကြိုးဝိုင်း အကွက်အမှတ်(၂၈)မှ အင်ခွဲသား သုည ဒသမ ၇၉၉၈ တန်၊ ထောက်ကြံ့ခွဲသား သုည ဒသမ ၂၀၀၀ တန်နှင့် သပြေခွဲသား သုည ဒသမ ၀၆၀၀ တန်နှင့် ကျောကြိုးဝိုင်း အကွက်အမှတ်(၂၅) အတွင်း တရားမဝင် သစ်ယာခွဲသား သုည ဒသမ ၁၄၀၀ တန်၊ ထောက်ကြံ့ခွဲသား သုည ဒသမ ၉၈၀၈ တန်၊ ဥက္ကံတောင်နယ်မြေ သပြေပင်ရေဆိပ်နေရာ၌ တရားမဝင် သံသေ/ ဖက်ဝန်း/ မှိုက်/ပျဉ်းမ/ဘိုင်/ တောင်လက်ခုတ်သစ် ၉ ဒသမ ၁၁၈တန်နှင့် အခြားသားထင်း ၅ ဒသမ ၃၈၅၆ တန်၊ ကလေးဝမြို့နယ် မထုကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၁၁၄၈ တန်၊ တရုတ်နိုင်ငံထုတ် CRAFTOP အမျိုးအစား ချိန်းဆောတစ်လုံးနှင့် STIHL -070 အမျိုးအစား ချိန်းဆောတစ်လုံး၊ ကသာခရိုင် ဂပဟဲကြိုးဝိုင်း အကွက်အမှတ်(၃၇)အတွင်းမှ ကျွန်းသစ် ၁၂ ဒသမ ၉၀၂၈ တန်၊ သစ်စက်အင်ဂျင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ပံတန်းမြို့နယ် မြောက်ဇာမရီကြိုးဝိုင်း အကွက်အမှတ်(၇၅)အတွင်း တရားမဝင်ကျွန်းသစ် ၅ ဒသမ ၈၃၀၀ တန်၊ ပဲခူးမြို့နယ် တောင်ဇာမရီကြိုးဝိုင်း အကွက်အမှတ် (၈၊ ၁၁၊ ၁၄၊ ၁၅၊ ၁၇၊ ၂၄၊ ၃၃)အတွင်း တရားမဝင် သစ်ခွဲသား ၇၀ ဒသမ ၀၀၄၂ တန်တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တန့်ဆည်မြို့နယ် ပကာကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့် နေအိမ်ခြံဝင်း အတွင်းမှ ယာဉ်သုံးစီးနှင့်အတူ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ သစ်ယာ/အင်ခွဲသား ၃၀ ဒသမ ၀၈၀၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ တန့်ဆည် မြို့နယ်အတွင်းရှိ ပကာရွာ၊ အိုက်မရွာ၊ ခေါင်ယာရွာ အတွင်းနှင့် ရွာမုံတောင် ကြိုးပြင်ကာကွယ်တော၊ ပေါင်ကတောင်ကြိုးဝိုင်းအတွင်းမှ ခြောက်ဘီးယာဉ် တစ်စီး၊ တုန်ဖုန်းယာဉ် နှစ်စီး၊ သစ်စက်သုံးလုံးနှင့် သစ်မျိုးစုံ စုစုပေါင်း ၅၆ ဒသမ ၇၈၀၈ တန်၊ အင်မျော ၂၅၅ လုံး၊ သစ်စက်အင်ဂျင် သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်သူ ရှစ်ဦး၊ စဉ့်ကူးမြို့နယ်တွင် တရားမဝင် ကျွန်းခွဲသား သုည ဒသမ ၉၀၃၆ တန်နှင့် အင်ခွဲသား ၂ ဒသမ ၇၆၂၂ တန်နှင့် အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး ပစ္စည်းများအား မြို့မပျိုးဥယျာဉ်တွင် သယ်ယူသိမ်းဆည်းထားပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

## ခင်ဦး-မုံရွာရထားလမ်း တံတားအမှတ်(၃၀၆)ရှိ ဇလီဖားတုံးများ မီးရှို့ဖျက်ဆီးခံရ

**ခင်ဦး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ခင်ဦး-မုံရွာရထားလမ်း တံတားအမှတ်(၃၀၆)ရှိ ဇလီဖားတုံးများ မီးရှို့ဖျက်ဆီးခံရကြောင်း ခင်ဦးဘူတာရုံ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီခန့်က ခင်ဦးမြို့နယ်ရှိ မြစ်တော်ဘူတာနှင့် အင်းပတ်ဘူတာအကြား ခင်ဦး-မုံရွာရထားလမ်း မိုင်တိုင်အမှတ်-၅၂၁/၃ နှင့် ၄ ကြား တံတားအမှတ်(၃၀၆)မှာ လွန်ခဲ့သော ငါးနှစ်ခန့်က မိုးရွာပြီး အုတ်ခုံများရေတိုက်စား၍ ပျက်စီးသွားသောကြောင့် သစ်သားဇလီဖားတုံး ၁၀၀ ခန့် ထပ်ခွေ၍ ရထားသွားလာမှု အဆင်ပြေစေရန် ယာယီဆောင်ရွက်ထားသည့်နေရာတွင် မီးလောင်နေကြောင်းသိရ၍ သွားရောက်စစ်ဆေးရာ ၎င်းယာယီပြုလုပ်ထားသော သစ်သားဇလီဖားတုံး ၁၀၀ နှင့် တံတားပေါ်၌ လက်ရှိအသုံးပြုလျက်ရှိသော သစ်သားဇလီဖားတုံး ၁၅ တုံး စုစုပေါင်း သစ်သားဇလီဖားတုံး ၁၁၅ တုံး မီးရှို့ထားကြောင်း သိရသည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်ပြီး ခင်ဦးမြို့မရဲစခန်းမှူး ဒုရဲမှူး ဦးဇော်ဆွေ၊ ရဲအုပ်မင်းသိန်းထွေးနှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြစ်မှုကျူးလွန်သူအား အမြန်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

## ၁၂ ဘီးယာဉ်က ရှေ့တွင်ရပ်ထားသည့်ယာဉ်အား ဝင်တိုက်မိရာမှ ယာဉ်မောင်းသေဆုံး

**ဗန်းမော် မေ ၂၃**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ ၁၂ ဘီးယာဉ်အား စက်နှိုး၍ ကြမ်းတုံးမခုဘဲ ရပ်ထားရာမှ ရှေ့လိမ့်ဆင်းပြီး ရပ်ထားသည့်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်မောင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၇ နာရီခန့်က လွယ်ဂျယ်-မိုးမောက်သွား ကားလမ်း လွယ်ဂျယ်မြို့အထွက် ဝိန်းခမ်းကျေးရွာ၌ ကားနှစ်စီးကြားညပ်ပြီး လူတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လွယ်ဂျယ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ဌေးဝင်းက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မင်းမင်း(ခ)ဝင်းကိုဦးဖြစ်ပြီး ယာဉ်ကြောပိတ်နေချိန်တွင် ၎င်းမောင်းနှင်သည့် ၁၂ ဘီးယာဉ်အား စက်နှိုး၍ ကြမ်းတုံး မခုထားဘဲ ယာဉ်ရှေ့လေကာမှန်နှင့် ယာဉ်ရှေ့ပိုင်းအား သန့်ရှင်းရေးပြုလုပ်နေစဉ် ယာဉ်ရှေ့သို့ လိမ့်ဆင်းပြီး ရှေ့ သုံးပေခန့် အကွာ၌ ရပ်တန့်ထားသည့် ၁၂ ဘီးယာဉ်အား ဝင်တိုက်မိခဲ့ရာ ယာဉ်နှစ်စီးကြား၌ ညပ်မိပြီး ဒဏ်ရာရသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လွယ်ဂျယ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိန်းဖြူ(ပြန်/ဆက်)**


## ရွှေဘိုမြို့၌ ဆိုင်ကယ်ခိုးယူသူအား ဖမ်းမိ

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက်တွင် ဆိုင်ကယ်ခိုးယူသူတစ်ဦး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီခန့်တွင် ဒေါ်သန်းသန်းမြင့်သည် နေအိမ်အောက်တွင်ထားရှိသော ဆိုင်ကယ်အား လူတစ်ဦးက ခိုးယူမောင်းနှင်သွားသဖြင့် အကူအညီတောင်းခံခဲ့ရာ ရွှေဘိုမြို့ အမှတ် ၄ စုဆောင်းရေးတပ်အပေါက်တွင် ဝိုင်းဝန်းဖမ်းမိခဲ့ပြီး ဆိုင်ကယ်ခိုးယူသူမှာ ပြည့်ဖြိုးအောင်ဖြစ်ကြောင်း သိရသည်။

၎င်းအား ရွှေဘိုမြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **လူအောင်(ကသာ)**



## လောက်ကိုင်နှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လောက်ကိုင်**

မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့နယ် တာရွှေထန်ကျေးရွာအုပ်စု ကြွယ်ပါးကျေးရွာ၏ အရှေ့တောင်ဘက်ရှိ အဆောက်အဦပျက်အပေါ်ထပ် အုတ်နံရံအပေါက်တွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ ကို တပ်မတော်က သိမ်းဆည်းရမိခဲ့သည်။

**လားရှိုး**

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု ကုန်းညောင်ကျေးရွာအနီးတွင် မျိုးဇော်နိုင်(ခ)အငဲ၊ လောက်အန်း(ခ)ချိန်ရှီးအန်း၊ အိုက်စိုင်းနှင့် မာနော်(ခ)ဆိုင်းလာတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ငွေကျပ် ၃၀၀၀၀၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆိုင်ကယ် သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



**မန္တလေး မေ ၂၃**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ချမ်းမြသာစည်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးကော်မတီအနေဖြင့် လက်ရှိမန္တလေးတိုင်း ဒေသကြီးအတွင်း စီမံခန့်ခွဲဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကန့်သတ်စောင့်ကြည့်လုပ်ငန်းစဉ်များအပေါ် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ သင်းသင်းနွယ် (တိုင်းရောဂါနှိမ်နင်းရေး)က သံသယလူနာများ၊ စောင့်ကြပ်ကြည့်ရှုရေးနှင့် ရောဂါဖြစ်ပွားသည့် လူနာများအား ကုသရေးကြီးကြပ်မှုလုပ်ငန်းများ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေမှုအခြေအနေများအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးကျော်မင်းက ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဖြန့်ဝေရေးအခြေအနေများနှင့် တိုင်းဒေသကြီးအတွင်း ပံ့ပိုးကူညီဆောင်ရွက်မှုများနှင့် ပြည်သူများ ပူးပေါင်းပါဝင်လာရေး အကျိုးပြုဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးဆွေးနွေးပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စကားဝိုင်းဦးဆောင်သူအဖြစ် ဆောင်ရွက်သည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနဆိုင်ရာ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူ ၂၁၉ ဦးရှိ

**မုံရွာ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ မေ ၂၂ ရက်တွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သင်္ဘော၊ မော်တော်ယာဉ်များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၁၉ ဦးရှိကြောင်း စစ်ကိုင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူ့ဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးကို တရုတ်နိုင်ငံဘက်က သင်္ဘောနဲ့ ပြန်လည်ဝင်ရောက်လာတာရှိသလို မော်တော်ယာဉ်တွေနဲ့ ပြန်လည်ဝင်ရောက်လာတာရှိပါတယ်၊ နောက်ပြီး ထိုင်းနိုင်ငံဘက်ကတော့ မြဝတီမြို့ဘက်ကနေ မော်တော်ယာဉ်တွေနဲ့ ဝင်ရောက်လာတာရှိတယ်၊ မနေ့က အထိ စုစုပေါင်း ၂၁၉ ဦးရှိတယ်၊ သူတို့ကို သက်ဆိုင်ရာ မြို့နယ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ပြန်လည်လွှဲပြောင်းပေးတယ်၊ သက်ဆိုင်ရာမြို့နယ်က သတ်မှတ်တဲ့နေရာမှာ ကန့်သတ်စောင့်ကြည့်နေရာတွင် (၂၁)ရက် ဝင်ရမယ်၊ သတ်မှတ်ရက်ပြီးရင် ကိုယ့်အိမ်မှာ (၇)ရက်ထပ်ပြီး ဝင်ရမှာ ဖြစ်ပါတယ်၊ ထိုင်းနိုင်ငံဘက်က ပြန်လာတဲ့သူတွေဆိုရင် တစ်ဦးချင်းစီကို သွေးဖောက်ပြီး စစ်ဆေးပေးတယ်၊ ဆေးစစ်ပြီးကြောင်း အထောက်အထား စာရွက်တွေကိုလည်း ထုတ်ပေးလိုက်တယ်"ဟု ဦးမိုးကျော်သူက ပြောသည်။

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများသည် ကချင်ပြည်နယ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ၅၀၊ သင်္ဘောဖြင့် ၅၅ ဦး၊ မြဝတီမြို့နယ်မှတစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၁၄ ဦးသည် မော်တော်ယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ မေ ၂၂ ရက်က ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မိတ္ထီလာတက္ကသိုလ်၌ အသွားအလာကန့်သတ်ထားရှိမည့် အဆောင်များအား ပိုးသတ်ဆေးဖျန်း

**မိတ္ထီလာ မေ ၂၃**
မိတ္ထီလာတက္ကသိုလ်၌ သင်္ကြန်ကာလအတွင်း နေရပ်ပြန်သွားသည့် ဆရာ ဆရာမများကို သွားလာမှုကန့်သတ်ထားရှိမည့် အဆောင်များအား မေ ၂၃ ရက် နံနက် ၇ နာရီက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ်မှ သင်္ကြန်ကာလအတွင်း နေရပ်ပြန်သွားသည့် ဆရာ ဆရာမများ ပြန်လည်ရောက်ရှိပါက သွားလာမှုကန့်သတ်ထားရှိမည့် အဆောင်များနှင့် တက္ကသိုလ်ဝင်းအတွင်းရှိ လမ်းများ၊ စာသင်ဆောင်များကို မိတ္ထီလာမြို့ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ခဲ့သည်။ ၎င်းဆေးဖျန်းရာတွင် တက္ကသိုလ်ဝင်းအတွင်း၌ ဒုတိယအကြိမ်မြောက် ဆေးဖျန်းခြင်းဖြစ်ရာ မိတ္ထီလာတက္ကသိုလ်မှ သင်္ကြန်ကာလအတွင်း မိမိတို့နေရပ်သို့ ပြန်သွားသည့် ဆရာ ဆရာမများ မေ ၂ ရက်တွင် ပြန်လည်ရောက်ရှိလာပါက မိတ္ထီလာတက္ကသိုလ်ဝင်းအတွင်း သွားလာမှုကန့်သတ်ထားရှိရန်အတွက် အဆောင် ငါးဆောင်ကို ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ထိုသို့ မိတ္ထီလာတက္ကသိုလ်သို့ ပြန်လာမည့် ဆရာ ဆရာမများကို ကန့်သတ်ထားရှိရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှ ပြန်လာမည့် ဆရာ ဆရာမများအား တစ်ယောက်ကို တစ်ခန်းဖြင့် ထားရှိသွားမည်ဖြစ်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြန်လာမည့် ဆရာ ဆရာမများကို အခြားအဆောင်တွင် သီးခြားထားရှိသွားမည်ဖြစ်သည်။

၎င်းအပြင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဆရာ ဆရာမများကိုလည်း မိမိတို့ နေအိမ်များတွင် သွားလာမှု ကန့်သတ်ထားရှိနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း မိတ္ထီလာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဘဟန်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ပုဗ္ဗသီရိ မေ ၂၃**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက်ပိုင်းမှစ၍ ကျည်တောင်ကန်အုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် စေတနာလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတို့က ကျည်တောင်ကန်အုပ်စု အတွင်းရှိ တိုက်သစ်ကျောင်း၊ မှန်ကျောင်း၊ မြို့ဦးကျောင်း၊ တံခွန်တိုင်ကျောင်း၊ ကမ္မဋ္ဌာန်းကျောင်း၊ သဇင်လှဘုန်းတော်ကြီးကျောင်းတို့၌ ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ပိုးသတ်ဆေးဖျန်းတာတွေကို ယခုလို ဘုန်းကြီးကျောင်းတွေအပြင် ပရဟိတကျောင်းတွေ၊ ဘုရားရုံတွေမှာလည်း ဖျန်းပေးပါတယ်၊ ပြီးတော့ နှာခေါင်းစည်း အခမဲ့ဝေပေးတာတွေ၊ အသိပညာပေးတာတွေကိုလည်း ဆောင်ရွက်နေပါတယ်။ နောက်ထပ်လည်း ကျွန်တော်တို့ မြို့နယ်အတွင်းက ရပ်ကွက်တွေ ကျေးရွာတွေမှာ ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ်လူမှုကူညီရေးအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဦးဇာနည်သွေးက ပြောသည်။

**ကံချွန်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ မီတာခများ ပေးဆောင်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်

**ရမည်းသင်း မေ ၂၃**
ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် လျှပ်စစ်ဓာတ်အားခများ အဆင်ပြေစွာ ပေးဆောင်နိုင်ရေးအတွက် မေ ၂၈ ရက်အထိ ငွေလက်ခံကောင်တာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

မီတာခများ ပေးဆောင်စဉ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့် ဦးဆောင်၍ မီတာခလာရောက်ပေးဆောင်သူများ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ ငွေမပေးသွင်းမီ လက်ဆေးခြင်း၊ လူစုလူဝေးမဖြစ်စေရန် ငါးပေအကွာ နေရာသတ်မှတ်ထားခြင်း၊ အိမ်နီးချင်းများ စုပေါင်း၍ ငွေပေးသွင်းစေခြင်း၊ ငွေပေးသွင်းရန် သတ်မှတ်ချက်များ လျှော့ပေးထားခြင်းဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းမှုများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံ

**ရန်ကုန် မေ ၂၃**
ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ အလှူရှင်များက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းမှုများအား လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ) ဦးမင်းမင်းဦးက လှူဒါန်းရသည့် အကြောင်းအရင်းကို ပြောကြားသည်။

**များစွာပံ့ပိုးမှုရရှိစေနိုင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ရှေ့တန်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် များစွာပံ့ပိုးမှုရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

လှူဒါန်းမှုများအား ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ အဆင့်မြှင့်တင်မှုအတွက်လည်း အသုံးချသွားမည်ဖြစ်သဖြင့် ကိုဗစ်–၁၉ ရောဂါ လူနာများအတွက်သာမက ရေရှည်ကာလတွင် အခြားလူနာများအတွက်ပါ အကျိုးရှိစေကာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း ပြောကြားသည်။

**ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများကို လက်ခံပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယနေ့လှူဒါန်းမှုတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်သန်း၊ ကံပွင့်ဦးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံ ၃၀၀၀၊ စမ်းသပ်လက်အိတ် အစုံ ၃၀၀၀ နှင့် မျက်နှာအကာ ၃၀၀၀၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ကိုစိုးပြည့်ထူး+ဒေါ်မေဖြိုးဦး မိသားစုက ငွေကျပ် ၁၆ ဒသမ ၈၇ သိန်း၊ ဒေါ်သင်းသင်းကြည်၊ ဒေါ်လှလှကြည် နှင့်ဦးမိသားစု (ရန်ကုန်) က ငွေကျပ် ငါးသိန်း၊ ဦးကျော်မှူး+ ဒေါ်စိန်တင့် မိသားစု (ရန်ကုန်) က ငွေကျပ် တစ်သိန်းနှင့် ဒေါ်အေးသိန်း မိသားစု (ရန်ကုန်)က ငွေကျပ် ငါးသောင်းတို့ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ အသုံးပြုရန် လေအေးပေးစက်နှင့် မတ်ရပ်ပန်ကာများ လှူဒါန်း

**ရန်ကုန် မေ ၂၃**
မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ် ဦးဆောင်၍ မလေးရှားအဖွဲ့အစည်းများ၊ ကုမ္ပဏီများ ပါဝင်ကာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် လေအေးပေးစက်နှင့် မတ်ရပ်ပန်ကာများ လှူဒါန်းမှုကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လှူဒါန်းမှုတွင် ငွေကျပ် ၁၂၃ သိန်း ၆ သောင်းတန်ဖိုးရှိ လေအေးပေးစက် ၂၅ လုံး၊ ငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ မတ်ရပ်ပန်ကာ အလုံး ၅၀ တို့ကို မလေးရှားနိုင်ငံသံအမတ်ကြီး ဦးဆောင်၍ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

လှူဒါန်းမှုအခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က "အခု မလေးရှားကုမ္ပဏီတွေကနေ လှူဒါန်းလာတဲ့ လေအေးပေးစက်တွေကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခု တည်ဆောက်နေတဲ့ ကိုဗစ်–၁၉ ဆေးရုံမှာ တပ်ဆင်သွားမှာဖြစ်ပါတယ်။ တပ်ဆင်မှုတွေ ဆောင်ရွက်ဖို့အတွက် တပ်ဆင်ပေးမယ့် ကုမ္ပဏီတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကိုဗစ်–၁၉ ကပ်ဘေးကြီးဟာ တစ်ကမ္ဘာလုံးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို ရိုက်ခတ်မှုတွေ ရှိလာနိုင်ပါတယ်။ ဒီရိုက်ခတ်လာမှုအပေါ်မှာ အာဆီယံနိုင်ငံတွေ အချင်းချင်းကြားမှာ ညီညွတ်တဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကပ်ဘေးကြီးကနေ ကျော်လွှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မလေးရှားသံအမတ်ကြီးဦးဆောင်ပြီး အခုလိုလှူဒါန်းမှုပြုလုပ်တဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်" ဟု အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ လှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး ဦးဆောင်၍ မလေးရှားနိုင်ငံသံရုံး၊ Malaysia–Myanmar Business Chamber(MMBC, Yangon)၊ The Diplomats and International Golf Association of Yangon(DIGAY)၊ Mercy Malaysia၊ Monarch Company Limited(KHIND)၊ OK Myanmar Co.,Ltd.၊ Daikin Malaysia (Myanmar Branch)၊ Myanmar Golden Rock International Co., Ltd. တို့က ပါဝင်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သတင်း–အေးမင်းသူ၊ ဓာတ်ပုံ–မိုးမြင့်မောင်



# လဲချား၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စပ်ဆက်ပစ္စည်းများ လှူဒါန်း

**လဲချား မေ ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများအား ယနေ့ နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြစ်သည့် ကိုဗစ်–၁၉ ရောဂါ အသိပညာပေး ဗီနိုင်း (6" x 4") ၁၀ ချပ်၊ ဗီနိုင်း (4" x 3") ၅၂၅ ချပ်၊ လက်သန့်ဆေးရည် ၆၇ ဘူး၊ Gloves ငါးဘူး၊ နှာခေါင်းစည်း ၁၇၅ ခု၊ ကိုဗစ်–၁၉ ရောဂါအသိပညာပေးလက်ကမ်းစာစောင် အစု ၁၃၀၀၀ နှင့် အလှူငွေကျပ် တစ်သိန်းတို့ကို COVID–19 prevention volunteer group နှင့် Myanmar Institute of Peace and Security Studies (MIPSS) တို့မှ တာဝန်ရှိသူများက စုပေါင်းလှူဒါန်းခဲ့ရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဇင်မောင်နွယ်က လက်ခံရယူခဲ့ပြီး ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သောနေရာများတွင် အသုံးပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖောင်းပြင်မြို့နယ် ဈေး၌ နှာခေါင်းစည်းများ အခမဲ့ပေးဝေ

ဖောင်းပြင် မေ ၂၃
စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်စည်ပင်သာယာရေးကော်မတီက မြို့မစည်ပင်သာယာဈေးနှင့် ယာယီပျံ့ကျဈေးတို့တွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူတို့အား နှာခေါင်းစည်းများကို ယမန်နေ့နံနက်ပိုင်းက အခမဲ့ပေးဝေခဲ့သည်။

**လိုက်နာဆောင်ရွက်**

ထိုသို့ပေးဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်လိုက်ပါလျက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးနှင့် မြို့နယ်အားကစားကွင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီပျံ့ကျဈေးတို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နှာခေါင်းစည်း ငါးရာကို ကိုယ်တိုင်ပေးဝေခဲ့ပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ဈေးရောင်းချသူများကို တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ဈေးဝယ်ယူရောင်းချနိုင်ရေး မြို့နယ်အားကစားကွင်းတွင် ယာယီပျံ့ကျဈေးအဖြစ် စနစ်တကျနေရာချထားပေးပြီး ရောင်းချစေကြောင်း၊ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ဈေးအဝင်တွင် လက်များစနစ်တကျဆေးစေခြင်း၊ အပူချိန်တိုင်းတာစစ်ဆေးခြင်းတို့ကို နေ့စဉ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်း တပ်ဆင်သူများသာ ဈေးအတွင်းသို့ ဝင်ခွင့်ပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကိုထွန်း(ဖောင်းပြင်)






## ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် ပစ္စည်းသုံးမျိုးလှူဒါန်း

ကလေး မေ ၂၃
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် မေ ၂၃ ရက်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကာကွယ်ကုသရေးအတွက် ပစ္စည်းသုံးမျိုး သွားရောက်လှူဒါန်းခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

ရောဝတီဖောင်ဒေးရှင်းသည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးပြီး ကျပ်သိန်း ၂၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ တစ်ခါသုံး လက်အိတ်နှင့် နှာခေါင်းစည်းများ လှူဒါန်းခဲ့သည်။ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၄၀၀ ကျော် တာဝန်ထမ်းဆောင်နေပြီး အများစုမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူများထားရှိသည့် ကလေးမြို့ တိုင်းရင်းဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသည်။

**လှူဒါန်းမည်**

ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် မေ ၂၄ ရက်တွင် တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ လက်အိတ်နှင့် နှာခေါင်းစည်းများ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-ကိုမိုး

## မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပုံမှန်အတိုင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး



မြိတ် မေ ၂၃
မြိတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပုံမှန်အတိုင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်တင်ယာဉ်များ၊ ကုန်တင်စက်လှေများကို စနစ်တကျ ကန့်သတ်ဆောင်ရွက်နိုင်ရန် မေ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေးပွဲ၌ ကုန်တင်ကားများ၊ ကုမ္ပဏီကုန်ကားများမှ မြိတ်မြို့သို့ဝင်ရောက်လာပါက ကျွဲကူး-ကျောက်ဖျာတံတားစစ်ဆေးရေးဂိတ်၌ ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ မြို့အဝင်အထွက် သတင်းပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ထားသည့်နေရာတွင် ကုန်တင်ယာဉ်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ရပ်နားရမည်ဖြစ်ကြောင်း၊ ကုန်တင်စက်လှေများအနေဖြင့် ကုန်အတင်၊ အချပြုလုပ်ပြီး လှေသားများ ကမ်းပေါ်မတက်ကြရန်၊ ကုန်တင်ယာဉ်များနှင့် ကုန်လှေများမှ သတ်မှတ်နေရာတွင်သာနေကြရန်နှင့် အဆိုပါနေရာမှ အပြင်ထွက်မည်ဆိုပါက ကန့်သတ်စောင့်ကြည့်ခြင်းကို ၂၁ ရက် ဝင်ရောက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

"ကုန်စည်များ မြန်မြန်ဆန်ဆန်နဲ့ စားသုံးသူလက်ထဲရောက်ရှိနိုင်ဖို့အတွက် ရောက်ရှိလာတဲ့ ကုန်တင်ယာဉ်တွေကို မြိတ်မြို့ အဝေးပြေးကားဝင်းမှာ စနစ်တကျထားရှိပြီးမှ ပါလာတဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ အားလုံး ယာဉ်ပေါ်နဲ့ ယာဉ်အသင်းခန်းမှာသာ နေထိုင်ရပါမယ်။ သတ်မှတ်ထားတဲ့ အဝေးပြေးကားဝင်းမှ ကျော်လွန်၍ သွားလာခွင့်မရှိပါ။ ဒီလိုလုပ်ဆောင်ခြင်းဟာ ရောဂါကြိုတင်ကာကွယ်ခြင်းဖြစ်ပါတယ်။ နောက်တစ်ပိုင်းက ကုမ္ပဏီအသီးသီးက သယ်ယူပို့ဆောင်ရေးယာဉ်အားလုံးကို အဝေးပြေးကားဝင်း ကုမ္ပဏီပြင်ပကားတွေထားရှိဖို့ နေရာသတ်မှတ်ပြီး ထားရှိမှာဖြစ်ပါတယ်" ဟု မြို့နယ်ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းမောင်က ပြောသည်။

ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မလွဲတောင်မှ ကုန်တင်ယာဉ်တစ်စီး စတင်ဝင်ရောက်လာသည်နှင့် အသွားအပြန် ငါးရက်သတ်မှတ်ထားကြောင်း၊ မြိတ်မြို့တွင် အဝေးပြေးကုန်တင်ယာဉ်လိုင်း၌ အသင်း ၂၂ သင်းနှင့် ကုန်တင်ယာဉ်အစီးရေ ၁၀၀ ကျော်ရှိကြောင်း မြို့နယ်ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၃
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဂျီတီအိုင် Fever Clinic နှင့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများအတွက် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လာရောက်လှူဒါန်းခဲ့ရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ အင်းစိန်ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။



**ပါဝင်**

အဆိုပါ လှူဒါန်းရရှိသော ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံပြည့် အစုံ ၇၀၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ နှာခေါင်းစည်း အခု ၂၀၀၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီပါ ၁၀ ဘူး၊ လက်သန့်ဆေးရည် ၂၀ လီတာပါခြောက်ပုံး၊ လက်ဆေးဆပ်ပြာရည် ၂၀၀ မီလီပါ ၁၀ ဘူး၊ အရက်ပြန် ၁၀၀ မီလီပါ ဘူး ၁၅၀ ပါဝင်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၇)
# ရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး



မောင်စာဂ

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နှစ်ဟောင်းကုန်ဆုံး၍ ၁၃၈၂ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းလာခဲ့ပြီ။ နှစ်သစ်နှင့်အတူ နှစ်ဟောင်းက ကိုဗစ်-၁၉ ရောဂါသည်လည်း ပါလာသည်။ ကိုဗစ်-၁၉ ရောဂါသည် သာမန်ရောဂါမျိုး မဟုတ်။ ဆိုးရွားသော ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားပြီး တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။

၂၂-၄-၂၀၂၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ရရှိသည့် သတင်းအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၅၇၀၀၀၀ ကျော် ရှိကြောင်း၊ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၇၇၀၀၀ ကျော် ရှိခဲ့ကြောင်း၊ သေဆုံးသူအများဆုံး နိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံသည် ၄၅၀၀၀ ကျော်ဖြင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါဆိုး ကူးစက်ခံနေရသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်လည်းရှိနေသည်။ ဤတွင် ရွေးကောက်ပွဲကြီး ကျင်းပဖြစ်မဖြစ်၊ ကျင်းပနိုင်မနိုင် ရွေးကောက်ပွဲအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိမရှိ သိလိုကြသည်။ မေးမြန်းလာကြသည်။ တိတိကျကျအဖြေတစ်ခု ကြို၍ မပေးနိုင်သော်လည်း မိမိ၏အတွေး ဆင်ခြင်မှုတစ်ခု မျှဝေပါရစေ။

## တောင်ကိုရီးယားနိုင်ငံနှင့်ရွေးကောက်ပွဲ

တောင်ကိုရီးယားနိုင်ငံမှာတော့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၀၀ ကို ရွေးချယ်ခဲ့သည်။ မဲရုံပေါင်း ၁၄၀၀၀ ခန့်ရှိပြီး နံနက် ၆ နာရီအချိန်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ မဲဆန္ဒရှင် အားလုံးအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်ရန်၊ လက်များဆေးကြောရန်၊ ပလတ်စတစ် လက်အိတ်များ ဝတ်ဆင်ရန်နှင့် မဲရုံသို့ရောက်ရှိလျှင် အပူချိန်စစ်ဆေးမှုများ ပြုလုပ်ရန်စသည့် လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေးကာလ နှစ်ပတ်ခန့်သာရရှိခဲ့သည်။ ယင်းကာလအတွင်း နှာခေါင်းစည်းများဝတ်ဆင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတားဆီးရန် လက်ဆွဲနှုတ်ဆက်ခြင်းကိုပင် ရှောင်ကြဉ်ခဲ့ကြရကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျက်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ တစ်ရက်လျှင် လူဦးရေ ၉၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့အထိ ကူးစက်ခံရသူ ၉၉၇၆ ဦးရှိသည်။ သို့ရာတွင် ဧပြီလ ၁၄ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၃၀ အောက်ရှိသည့် ဒုတိယနေ့ဖြစ်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု စံပြကာကွယ်ထိန်းချုပ် ဆောင်ရွက်သည့်နိုင်ငံအဖြစ် လူသိများသည်။ ထို့အပြင် တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ် ရွေးကောက်ပွဲတစ်ရပ်ကျင်းပသည့် ပထမဆုံးသော တိုင်းပြည်များတွင် ပါဝင်လာခဲ့ပြီးဖြစ်ကြောင်းကိုလည်း သတင်းများတွင်ဖတ်ရှုရသည်။

## ကမ္ဘာတစ်ဝန်းရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး ရင်ဆိုင်တွေ့ကြုံနေကြရသည်။ ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ရွှေ့ဆိုင်းလိုက်ရသည့် နိုင်ငံ ၄၇ နိုင်ငံရှိသည်။ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကြားမှ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတွင် ရွေးကောက်ပွဲကျင်းပခဲ့သောနိုင်ငံ ၁၄ နိုင်ငံရှိသည်။ ယခုဖော်ပြထားသည့် တောင်ကိုရီးယားနိုင်ငံ အပါအဝင်ဖြစ်သည်။ ကိုဗစ်-၁၉ ဖြစ်နေသော်လည်း ၂၀၂၀ ပြည့်နှစ်အတွင်း ယခင်ကြေညာထားသည့် ရက်အတိုင်း ရွေးကောက်ပွဲကျင်းပသွားမည့်နိုင်ငံ ကိုးနိုင်ငံရှိသည်။

## မြန်မာနိုင်ငံနှင့် ကိုဗစ်-၁၉

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂ ဦး ရှိပြီး သေဆုံးသူ ငါးဦးရှိသည်။ နိုင်ငံတော်အစိုးရအနေနှင့် ယခုကဲ့သို့ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်လာမည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့်သတ်မှတ်ပြီး ပြည်သူလူထု၏ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဘက်ပေါင်းစုံမှကြိုတင်ပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ကူးစက်ပျံ့နှံ့သည့် ကပ်ရောဂါဆိုးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကိုယ်စီရှိကြသည့်အတွက် အားလုံးအတူတကွ စည်းလုံးညီညွတ်စွာဖြင့် တုံ့ပြန်ဖြေရှင်းလျက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် အပတ်တကုတ် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများကို video conferencing စနစ်ဖြင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးခြင်း၊ လိုအပ်သည်များလမ်းညွှန်ခြင်း၊ ဖြည့်ဆည်းပေးခြင်း၊ အားပေးစကားများ၊ ကျေးဇူးတင်စကားများ ပြောကြားခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ၎င်း၏ Facebook စာမျက်နှာပေါ်မှာလည်း ပြည်သူတို့အား ဆောင်ရန်၊ ရှောင်ရန်များ၊ စေတနာဖြင့် ဆောင်ရွက်နေမှုများအပေါ် မေတ္တာ၊ ကရုဏာစကားများ၊ ကျေးဇူးတင်စကားများ ပြောကြားလျက်ရှိသည်။

ယခုအချိန်အခါသည် မြန်မာတို့၏နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာအချိန်ကာလလည်းဖြစ်သဖြင့် ကျေးဇူးရှင်ဆရာတော် သံဃာတော်များက နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ ဆုတောင်းခြင်း၊ ကရုဏာသဝဏ်လွှာပေးပို့ခြင်း၊ ဩဝါဒစကား၊ မေတ္တာစကားများ မိန့်ကြားခြင်းတို့ပြုလုပ်ခဲ့သည်။ ရဟန်းရှင်လူပြည်သူများက စေတနာ သဒ္ဓါတရား နည်းများမဆို ပါဝင်လှူဒါန်းလျက်ရှိကြသည်။

## မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲ

မြန်မာနိုင်ငံသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရပြီး ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ရွေးကောက်ပွဲကျင်းပရန်လည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက် နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။ ယခုတတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းမှာပင် ကျင်းပဖြစ်မည်ဆိုပါက ခြောက်လကျော်သာ ကျန်ရှိပါမည်။ ယင်းအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကင်းစင်ပပျောက်သွားနိုင်ပါစေဟု အကောင်းဆုံးကို မျှော်လင့်မိသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီး ကျရောက်နေလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ကြရပါမည်။ ရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၉ ခုနှစ် ဇူလိုင်လကတည်းက ပြုစုထားရှိပြီးဖြစ်သည်။ ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအတွက် အဓိကအရေးကြီးဆုံးအချက်မှာ မဲစာရင်းဖြစ်သည်။ အခြေခံမဲစာရင်းကို ပြည့်ပြည့်စုံစုံ ပြုစုထားရှိပြီးဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စိတ်အေးရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၉ ခုနှစ်ကို အခြေခံမဲစာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည် ။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများအတွက် အခြေခံမဲစာရင်းကို သက်ဆိုင်ရာနှစ်များ၏ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လများတွင် အပြင်းအထန် ပြုစုခဲ့ကြရသည်။ အကယ်၍များ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းကို ၂၀၁၉ ခုနှစ်အတွင်းတွင် မပြုစုခဲ့ဘဲ ယခင်ကဲ့သို့ မတ်လ၊ ဧပြီလ၊ မေလ၊ ဇွန်လများတွင် ပြုစုမည်ဆိုပါက ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ဆိုးရောဂါဖြစ်ပေါ်မှုနှင့်ကြုံကြိုက်ရကာ အခက်အခဲများစွာ ရှိနိုင်ပါမည်။


မည်သို့သောအခြေအနေမျိုးနှင့်ကြုံတွေ့နေရစေကာမူ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ တစ်ဦးတစ်ယောက်ချင်း ပုဂ္ဂိုလ်များအားလုံးတို့သည် ကိုဗစ်-၁၉ရောဂါ ကပ်ရောဂါဆိုးကြီးကို တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရင်း စိုးရိမ်ကြောင့်ကြမှုတွေကြားမှ မိမိတို့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို စွမ်းအားရှိသဖြင့် လုံ့လစိုက်၍ ဆောင်ရွက်ကြရမည်သာ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်ရန်ရှိသည်များကို မကျန်ရှိရအောင် ဆောင်ရွက်နေရမည်သာ။ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများကလည်း မိမိတို့ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြရမည်သာ။ ပြည်သူများသို့ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို စဉ်ဆက်မပြတ် ဆက်လက်မျှဝေ အသိပေးနေရဦးမည်သာ။

## စုပေါင်းအားဖြင့် အောင်နိုင်ပါမည်

ယနေ့ ကမ္ဘာတစ်ဝန်း ရင်ဆိုင်တွေ့ကြုံနေရသည့် ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါဆိုးကြီးသည် မည်သို့သောအခြေအနေသို့ ရောက်ရှိနေပါစေ မြန်မာနိုင်ငံအနေဖြင့် တာဝန်ရှိအစိုးရဌာန၊ အဖွဲ့အစည်းများ၊ တပ်မတော်သားများအပါအဝင် ပြည်သူပြည်သားများအားလုံးတို့၏ စုပေါင်းအား၊ ရဟန်းရှင်လူ ပြည်သူပြည်သားအားလုံးတို့၏သစ္စာအား၊ မေတ္တာအား၊ ကရုဏာအား၊ ကုသိုလ်စေတနာအား၊ သဒ္ဓါအား၊ ပညာအား၊ ဇွဲလုံ့လအား၊ စည်းလုံးညီညွတ်မှုအား၊ ကိုယ်တိုင်ပါဝင်ပေါင်းစည်းမှုအား၊ စိတ်ချင်းပေါင်းစည်းမှုအား တည်းဟူသော အားဆယ်အား၏ စွမ်းပကားများဖြင့် မကြာမီအချိန်ကာလ အနည်းငယ်အတွင်းမှာပင် ဤကပ်ရောဂါဆိုးကြီးကို တားဆီးကာကွယ် ထိန်းချုပ်နိုင်ကြပါမည်။ မြန်မာပြည်သူပြည်သားများနှင့် ကမ္ဘာသူကမ္ဘာသားများအားလုံး ကပ်ရောဂါဆိုးကြီးမှ လွတ်မြောက်ပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါမည်။ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးသည်လည်း ဘေးအန္တရာယ်အပေါင်းမှလွတ်ကင်းကာ ချောမောအောင်မြင်စွာ ကျင်းပသွားနိုင်ကြပါမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်နေမိကြောင်း ပါဗျာ။

- ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီး လွင့်စဉ်ပပျောက် ချုပ်ငြိမ်းသွားပါစေ၊
- မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။ ။

**ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း**
**ရွေးကောက်ပွဲနှင့် ကိုဗစ်-၁၉ အရေး ရင်ဆိုင်တွေ့ကြုံနေကြရသည်။**
**ရွေးကောက်ပွဲကျင်းပရန် ရွှေ့ဆိုင်းလိုက်ရသည့် နိုင်ငံ ၄၇ နိုင်ငံရှိသည်။**
**ရွေးကောက်ပွဲကျင်းပခဲ့သော နိုင်ငံ ၁၄ နိုင်ငံရှိသည်။**
**ယခင်ကြေညာထားသည့်ရက်အတိုင်း**
**ရွေးကောက်ပွဲကျင်းပသွားမည့်နိုင်ငံ ကိုးနိုင်ငံရှိသည်။**



# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

**ပုသိမ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏( ၇ /၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ကိုဗစ်-၁၉ ရောဂါကို မျက်ခြည်မပြတ် အမြဲတမ်းလေ့လာ နေကြရန်၊ အခြားပြည်နယ်/တိုင်းဒေသကြီးများ၏ လုပ်ဆောင်ချက်များကို လေ့လာကြရန်၊ တစ်တိုင်းလုံး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ညီညီညွတ်ညွတ်လုပ်ကိုင် ဆောင်ရွက်ကြရန်၊ ပြည်ထောင်စုမှညွှန်ကြားချက်များကို တိုင်းဒေသကြီးမှ မြို့နယ်များသို့ ဆက်လက်ညွှန်ကြားရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အသိပညာပေး ညွှန်ကြားချက်များနှင့်အညီ အသိပညာပေးလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သတင်းအမှန်များကို လက်ဦးမှုရယူပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်၍ ပြည်သူလူထုကို အသိပေးရန်တို့ကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ကော်မတီ၏လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များဖြစ်ကြသော တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့က လုပ်ငန်းများဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများက အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကမ္ဘောဇဘဏ်မှ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆန်အိတ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**မောင်မောင်မြင့်**
**(ပြန်/ဆက်)**

# ချင်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ဟားခါး မေ ၂၃**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသောအမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ သိရှိလိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၂၂ ရက် ညနေ ၃ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သော ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ (၁၁/၂၀၂၀) အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်များအရ သိရသည်။

အဆိုပါ အစည်းအဝေးသို့ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များ၊ ပန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပန်ကြားချက်များကို မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းတွင် ပြည်သူများသိရှိနိုင်စေရေး အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ ချင်းပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားများဖြင့် အသိပညာပေးဟောပြောခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများဖြင့် ဆောင်ရွက်ခြင်း၊ နေ့စဉ်ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များအပါအဝင် ဈေးများ၌ ဈေးရောင်းသူ ဈေးဝယ်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်ခုနစ်ချက်တို့ကို လိုက်နာနိုင်ရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရန် အပါအဝင် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးဆုံးဖြတ်ချက်များပါ အကြောင်းအရာများမှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်အချက်များကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံးကို ဆက်လက်ညွှန်ကြားသွားမည်ဖြစ်ကြောင်းသိရပြီး မေ ၂၃ ရက် နံနက်မှစ၍ ချင်းပြည်နယ် ဟားခါးမြို့အတွင်း၌ နယ်မြေတာဝန်ခံ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးကြီးကြပ်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူငယ်အဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့များက ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



# အခြေခံလူတန်းစားများကို အစားအသောက်များ ထောက်ပံ့ပေးနိုင်ရန်အတွက် ထူထောင်ထားသော ရန်ပုံငွေသို့ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၂၃**

ကုန်သည်စက်မှုအသင်းချုပ်မှ မြန်မာနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှု ဒဏ်ခံစားနေရသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို အစားအသောက်များ ထောက်ပံ့ပေးနိုင်ရန်အတွက် ထူထောင်ထားသော ရန်ပုံငွေသို့ ယနေ့တွင် အလှူရှင်များက လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့လာရောက် လှူဒါန်းရာတွင် National Infrastructure Holding Co.,Ltd. မှ အလှူငွေကျပ် သိန်း ၅၀၀၊ မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်းမှ အလှူငွေကျပ် ၂၈၅၀၀၀၀၊ (၁၉၈၄-၈၆ ခုနှစ်) ဓာတုဗေဒကျောင်းသား ကျောင်းသူများ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)မှ အလှူငွေကျပ် ၁၁၀၀၀၀၀ တို့ကို ကုန်သည်စက်မှုအသင်းချုပ်၌ ပေးအပ်လှူဒါန်းရာ ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က




လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုထက်**

# ဒလမြို့နယ်၌ ယာဉ်လိုင်းအနည်းငယ်သာပြေးဆွဲ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ အခြေပြုပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ယနေ့အချိန်ထိ အပြည့်ပြေးဆွဲခြင်းမရှိဘဲ ယာဉ်လိုင်းလေးခုဖြင့် ခရီးသွားမိဘပြည်သူများ အဆင်ပြေစေရေးအတွက် ခရီးသည်အနည်းကိုသာ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ဒလမြို့နယ်ရုံးခွဲမှ သိရသည်။

ဒလမြို့နယ် အဝေးပြေးကားကြီးဂိတ်၌ မေ ၁၆ ရက်မှ စတင်ပြီး ၂၂ ရက်အထိ ယာဉ်လိုင်းကြီးများ ပြေးဆွဲခြင်းမရှိသေးကြောင်း၊ ဒလ-တွံတေး YBS ၄၈၊ ကွမ်းခြံကုန်း-လှိုင်သာယာ YBS ၄၉၊ ကွမ်းခြံကုန်း-ဒလ YBS ၅၀၊ တွံတေး-လှိုင်သာယာ YBS ၄၇ တက္ကစီကားလေးတို့ဖြင့် ခရီးသည်အနည်းငယ်ကို ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း၊ အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် ပြေးဆွဲမှုနည်းပါးကြောင်း သိရသည်။

“ဧရာဝတီတိုင်းဒေသကြီးအတွင်းက ခရီးသွားပြည်သူတွေ ဒလမြို့နယ်ကတစ်ဆင့် ရန်ကုန်မြို့ကို သွားလာမှုမရှိသလောက်ပဲ၊ အရင်က သင်္ကြန်ပွဲတော်ပြီးပြီးချင်း လုပ်ငန်းခွင်အသီးသီးကိုပြန်သွားကြမယ့်သူတွေများလို့ ယာဉ်လိုင်းတွေ မရပ်နားဘဲ ပြေးဆွဲခဲ့ရတယ်၊ အခု ရန်ကုန်မြို့ကို အလုပ်သွားလုပ်မယ့် ခရီးသည်တွေ နည်းပါးတာကြောင့် ယာဉ်လိုင်းတွေ ပြေးဆွဲမှုနည်းသွားတာဖြစ်ပါတယ်” ဟု ဒလမြို့ခံပြည်သူတစ်ဦးက ပြောသည်။

ယနေ့ မေ ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲသော ရွှေသူဌေးယာဉ်လိုင်းမှ ဒလ-ဖျာပုံလေးစီး၊ ရတနာမိုးယာဉ်လိုင်းမှ ဒလ-ဖျာပုံတစ်စီး၊ ကြံတိုင်းအောင်ယာဉ်လိုင်းမှ ဖျာပုံ-ဒလတစ်စီး၊ ရွှေရောယာဉ်လိုင်းမှ ဖျာပုံ-ဒလနှစ်စီး တို့ဖြင့်ခရီးသည်များကိုပြေးဆွဲပို့ဆောင်ပေးလျက် ရှိပြီး ဒလမြို့နယ် အဝေးပြေးကားဝင်းဂိတ်၌ ဧရာဝတီတိုင်းဒေသကြီးအခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းစုစုပေါင်း ၁၅ ခု၊ ရန်ကုန်တိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းစုစုပေါင်း ရှစ်ခုရှိရာ အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားပြည်သူများအား ပြေးဆွဲပို့ဆောင်ပေးကြောင်း YRTA ဒလမြို့နယ်ရုံးခွဲမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

# မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများလှူဒါန်း

**မူဆယ် မေ ၂၃**

တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲပါတီ ပြန်ကြားရေးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ခန့်ရှိ အထောက်အကူပြု ဆက်စပ်ပစ္စည်းများကို မေ ၂၂ ရက် ညနေ ၄ နာရီက တရုတ်-မြန်မာနယ်စပ် နန်းတော်ဂိတ် (မူဆယ်ဘက်ခြမ်း) ၌ လာရောက်လှူဒါန်းသည်။

တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ပါတီပြန်ကြားရေးဌာနမှူး မစ္စတာဟုတ်ရှိန်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းပေးအပ်ထောက်ပံ့မှုများတွင် နှာခေါင်းစည်း ၅၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ အဖျားတိုင်းသာမိုမီတာအခု ၂၀ နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ရောင်စုံပရင်တာတစ်လုံး၊ ကင်မရာတစ်လုံး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တေးသရုပ်ဖော်များ ထည့်သွင်းထားသည့်Memory Stick အခု ၅၀ နှင့် ပန်းပုဆရာမစ္စတာဝမ်ရှောင်က မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအတွက် KENBO ဆိုင်ကယ်ရှစ်စီးနှင့် BODA လျှပ်စစ်ဓာတ်အားပေးမီးစက်တစ်လုံးတို့ကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မိုင်းဘညဏ်(ကွတ်ခိုင်)**




# တောင်ကြီးမြို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် လူမှုရေးပရဟိတအဖွဲ့များက တောင်ကြီးမြို့နယ်အတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကိုအရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

တောင်ကြီးမြို့ မြို့မရပ်ကွက်အတွင်းရှိ စဝ်စံထွန်းလမ်းနှင့် တူးမြောင်းလမ်းတို့အား မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ် မီးသတ်ဦးစီးမှူးရုံးနှင့် တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ အရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှူးရုံးမှ အရာရှိနှင့် တပ်မတော်သားကိုးဦး စုစုပေါင်း ပူးပေါင်းတပ်ဖွဲ့ဝင် ၂၃ ဦးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွင်းရှိ အရိုးကုသဆောင်၊ အရေးပေါ်ဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်၊ ငါးထပ် (အထူးကုသဆောင်)၊ မှုခင်းရဲ၊ မှုခင်းဆရာဝန်ဆောင်၊ အမျိုးသမီးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများအား ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

ထို့အတူ တောင်ကြီးမြို့ စေတနာရှင်လူငယ်များပရဟိတအဖွဲ့အနေဖြင့် မေ ၂၁ ရက် မွန်းလွဲပိုင်းမှစ၍ ညောင်ဖြူစခန်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်တို့အားလည်းကောင်း၊ ညပိုင်းတွင် မြို့မရပ်ကွက်အားလည်းကောင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မေ ၂၂ ရက်တွင် မြို့မရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်နှင့် ရေအေးကွင်းရပ်ကွက်တို့အား ပိုးသတ်ဆေးဖျန်းစက်ကြီးနှစ်လုံးဖြင့် လှည့်လည်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စေတနာရှင်လူငယ်ပရဟိတအဖွဲ့အနေဖြင့် ဆေးဖျန်းစက်များ ထပ်မံမှာယူထားပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြန် / ဆက်)**



# နေရာပြောင်းရွှေ့ဖွင့်လှစ်ခဲ့သော ဟင်းသီးဟင်းရွက်ကုန်စိမ်းညဈေးအား ကွင်းဆင်းကြည့်ရှု

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီး ဘုရားလမ်းကားမှတ်တိုင်နှင့် ဘီအိုစီကားမှတ်တိုင်အကြား ခင်းကျင်းရောင်းချလျက်ရှိသော ကုန်စိမ်းညဈေးတန်း (မီးခွက်ဈေး) အား နေရာပိုမိုကျယ်ဝန်းသော သဃ်ာန်းကျွန်းကားကြီးဂိတ်ဘက်သို့ မေ ၂၀ ရက်က ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

အဆိုပါနေရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းဝယ်နေမှုအခြေအနေများကို မေ ၂၃ ရက် နံနက်ပိုင်းတွင် သဃ်ာန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်း၊ သဃ်ာန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကောင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**

# မြန်မာ့စီးပွားရေးဘဏ်များမှ ပင်စင်လစာများ စနစ်တကျထုတ်ပေးလျက်ရှိ

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းကို မေ ၂၁ ရက်မှစတင်၍ စနစ်တကျ စီမံထုတ်ပေးလျက်ရှိသည်။

ပင်စင်ထုတ်ယူရာတွင် ဘဏ်၏အပြင်ဘက်တွင် လက်ဆေးဘေစင်ထားရှိပြီး လက်ဆေးစေကာ နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဘဏ်အတွင်းသို့ဝင်ရောက်၍ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာစီတန်းပြီး အလှည့်ကျစနစ်ဖြင့် ထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်ခွဲမန်နေဂျာ ဒေါ်ယဉ်ယဉ်လှဲ့က ပြောသည်။

ထို့ပြင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးရာတွင် လူစုလူဝေးမဖြစ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် အမှတ် (၄) ရက်ကွက်ရှိ ကျန့်တိတ်ဘုရားကျောင်းတွင်လည်း ခြောက်ပေအကွာ ခုံများချထားပြီး ပင်စင်လစာများထုတ်ပေးခြင်းကို စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။

**ဝဋ္ဌာနိုင် (ညောင်တုန်း)**

**သရက်ချောင်း**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားပင်စင်လစာများကို မေ ၂၃ ရက် နံနက်ပိုင်းက သရက်ချောင်းမြို့နယ် မိုးလုံလေလုံအားကစားခန်းမအတွင်း၌ အငြိမ်းစားဝန်ထမ်းများအား စနစ်တကျထုတ်ပေးလျက်ရှိသည်။

အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ထုတ်ပေးရာ၌ လက်ဆေးခိုင်းခြင်း၊ အပူချိန်တိုင်းတာပေးခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ပေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်သားများက ဆောင်ရွက်ပေးလျက်ရှိသည်။

**သရက်ချောင်း(ပြန်/ဆက်)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့၌ နိုင်ငံ့ဝန်ထမ်း ပင်စင်စားဦးရေ ၁၇၀၀ ကျော်ရှိပြီး ပင်စင်လာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်က မိဘပင်စင်စားများအား ဘဏ်၌သာ ပင်စင်လစာထုတ်ပေးခဲ့သော်လည်း ယခုအခါ သောင်ရင်းခန်းမ၌ စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြဝတီမြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ ဦးမြင့်စိုးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ဟသ်ာတ**

ဟသ်ာတခရိုင် မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်သည့် ညွှန်ကြားချက်များအတိုင်း အငြိမ်းစားဝန်ထမ်း ပင်စင်များကို ထုတ်ပေးနေကြောင်း သိရသည်။

ပင်စင်လစာထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများအား ယာယီစောင့်ဆိုင်းရမည့်နေရာနှင့် ထုတ်ယူရမည့်နေရာတို့တွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ စီတန်း၍ အလှည့်ကျစနစ်ဖြင့် ထုတ်ပေးပြီး လက်ဆေးရန်နှင့် အပူချိန်တိုင်းတာစစ်ဆေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ စေတနာလုပ်အားရှင်များနှင့် ဘဏ်ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးကြောင်း ခရိုင်ဘဏ်မန်နေဂျာ ဒေါ်ခင်ဖြူဖြူကျော်ထံမှ သိရသည်။

ဟသ်ာတမြို့နယ်အတွင်းရှိ ပင်စင်လစာထုတ်ယူမည့် အငြိမ်းစားဝန်ထမ်းများ အချိန်ကုန်သက်သာ လွယ်ကူလျင်မြန်စေရန် ရပ်ကွက်နှင့် တိုက်နယ်အလိုက် လာရောက်ထုတ်ယူရမည့် နေ့ရက်နှင့် အချိန်များကို ဟသ်ာတခရိုင် မြန်မာ့စီးပွားရေးဘဏ်က ထုတ်ပြန်ကြေညာပေးထားပြီး သက်ဆိုင်ရာ ရပ်ကွက်၊ တိုက်နယ်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကတစ်ဆင့် အသိပေးစေလွှတ်နိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပန်းဘဲတန်းမြို့နယ်၌ သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့ မွန်းလွဲပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဗိုလ်ဆွန်ပက်လမ်း၊ သိမ်ကြီးဈေးအနီးနှင့် ၂၆ လမ်းဈေးရှိ ဈေးရောင်းချသူနှင့် ဈေးဝယ်ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေခြည်(ပြန်/ဆက်)**



## ကန့်သတ်စောင့်ကြည့်စခန်းများအား ပိုးသတ်ဆေးဖျန်း

**ကော့သောင်း မေ ၂၃**
ကော့သောင်းမြို့၌ ယနေ့ နံနက်ပိုင်းက ကန့်သတ်စောင့်ကြည့်စခန်းများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေး ရောဂါဖြစ်ပေါ်လာမှုရှိ၊ မရှိ စောင့်ကြည့်ခံသူများကိုထားရှိသည့် စခန်းများတွင် ကူးစက်ဖြစ်ပွားမှု မဖြစ်ပေါ်စေရေးရည်ရွယ်ကာ ကြိုတင်ကာကွယ်သည့်အနေဖြင့်ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ ကန့်သတ်စောင့်ကြည့်စခန်းများအား ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ကော့သောင်းခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ငြိမ်းဦးက ပြောသည်။

**ကျော်စိုး (ကော့သောင်း)**

## ထန်တလန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ထန်တလန် မေ ၂၃**
ချင်းပြည်နယ် ထန်တလန်မြို့အတွင်းရှိ ဒေသနေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မေ ၂၂ ရက် နံနက် ၉ နာရီက ထန်တလန်မြို့ အမှတ် (၂) ရပ်ကွက်အတွင်းရှိ ပြည်သူ့စာကြည့်တိုက်နှင့် မြို့နယ်လျှစ်စစ်ရုံးများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်မီးသတ်စခန်းမှူး ဦးမှုန်နှင်းဦးဆောင်၍တပ်ဖွဲ့ဝင်များကပြည်သူ့စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာန၊ ကလေးစာဖတ်ခန်းနှင့် ရုံးတွင်း၊ ရုံးပြင်များကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်ရုံး ရုံးတွင်း၊ ရုံးပြင်များကိုလည်းကောင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ယောန(ပြန်/ဆက်)**



## စေတုတ္တရာမြို့၌ ကျောင်းများနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား ပိုးသတ်ဆေးဖျန်း

**စေတုတ္တရာ မေ ၂၃**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မေ ၂၂ ရက် နံနက်ပိုင်းက ကန့်သတ်စောင့်ကြည့်သူများ ထားရှိသောမြို့ပေါ်စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများအား ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို စေတုတ္တရာမြို့ရှိ ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ်(၂၀)ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများပူးပေါင်း၍ စေတုတ္တရာမြို့ပေါ်တွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူများနှင့် ပြည်တွင်းရှိ ဒေသအသီးသီးမှ ပြန်လည်ရောက်ရှိလာသူများအား ကန့်သတ်စောင့်ကြည့်ထားရှိသော အမှတ်(၁)အခြေခံပညာအထက်ကျောင်း၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အမှတ်(၂) အခြေခံပညာမူလွန်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများ လှည့်လည်ဖျန်းပေးခဲ့ကြောင်း သိရသည်။



**ခင်သန်းလှိုင်**
**(ပြန်/ဆက်)**

## ဘောလခဲမြို့နယ်၌ ပိုးသတ်ဆေးဖျန်း

**ဘောလခဲ မေ ၂၃**
ကယားပြည်နယ် ဘောလခဲမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဘောလခဲခရိုင် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး စောဖေရှည်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မေ ၂၂ ရက် ညနေ ၄ နာရီခွဲက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်း၊ ငွေတိုက်နှင့် နေအိမ်လိုင်းခန်းများ၊ ကယားပိုင်းရပ်ကွက်အတွင်းရှိမြို့မဗဟိုတောင်တန်းသာသနာပြုကျောင်း၊ တရားရိပ်သာ၊ မဟာသိမ်တော်အဆောက်အဦနေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှရွှေ**
**(ပြန်/ဆက်)**

## ခင်ဦးမြို့ ယာယီဈေး၌ ပိုးသတ်ဆေးဖျန်း

**ခင်ဦး မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ ယာယီဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မေ ၂၂ ရက် ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမှုဆောင်အရာရှိ ဒေါ်မာမာအောင်တို့က ကြီးကြပ်ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို တတိယအကြိမ် ဆောင်ရွက်ခဲ့ကြသည်။

ယာယီဈေးတွင် ရောင်းချလျက်ရှိသော ပျံကျဈေးဆိုင်များ၊ သားငါးတန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**



## ဝန်းသိုမြို့နယ်၌ ဈေးများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်



**ဝန်းသို မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့မစည်ပင်သာယာဈေးပတ်လမ်းများနှင့် ယာယီပျံကျဈေး သတ်မှတ်ထားရှိသောနေရာများအား မေ ၂၂ ရက် ညနေ ၄ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းပေးခဲ့သည်။

ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လူစုလူဝေးမဖြစ်စေခြင်းငှာ ဈေးရောင်းဈေးဝယ်ပြည်သူများ အဆင်ပြေစွာရောင်းချဝယ်ယူနိုင်ရန်အတွက် မေ ၁၉ ရက်မှစတင်၍ ဈေးသည်တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာခြားပြီးရောင်းချနိုင်ရန်နှင့် ဈေးဝယ်သူများအနေဖြင့် သုံးပေအကွာမှ စနစ်တကျဝယ်ယူနိုင်ကြစေရန် စည်းမျဉ်းများရေးဆွဲထားရှိပြီး နေ့စဉ် နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပေးထားကြောင်း သိရသည်။

ထို့အပြင် ပြည်သူများအနေဖြင့် ဈေးသို့လိုအပ်မှသာ လာရောက်ကြရန်၊ ဈေးသို့လာရောက်လျှင်လည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ လာရောက်ဝယ်ယူပေးကြရန်၊ ပျံကျဈေးသည်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ ဈေးရောင်းချပေးကြရန်၊ သားငါးဈေးသည်များနှင့် မုန့်သည်များအနေဖြင့် နှာခေါင်းစည်းများ၊ လက်အိတ်များဝတ်ဆင်ပြီး ဈေးရောင်းချရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အခါအားလျော်စွာထုတ်ပြန်ထားသော လိုက်နာရမည့်စည်းကမ်း၊ ဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်မြိုင်**



## ဈေးရောင်းချသူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**ဖောင်းပြင် မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့မစည်ပင်သာယာဈေးနှင့် ယာယီပုံကျဈေးတို့တွင် ဈေးရောင်းချသူများအား နှာခေါင်းစည်းများကို မေ ၂၂ ရက် နံနက်ပိုင်းက အခမဲ့ပေးဝေသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးနှင့် မြို့နယ်အားကစားကွင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီပုံကျဈေးတို့တွင် ဈေးရောင်းချနေကြသည့် ဈေးသည်များအား နှာခေါင်းစည်း ၅၀၀ ကို ပေးဝေခဲ့ပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများက သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ခဲ့သည်။

ဈေးရောင်းချသူများကို တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် ဈေးဝယ်ယူရောင်းချနိုင်ရေး၊ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများကို ဈေးအဝင်တွင် လက်များစနစ်တကျဆေးကြောသန့်စင်စေခြင်း၊ အပူချိန်တိုင်းတာစစ်ဆေးခြင်းတို့ကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းများတပ်ဆင်သူများသာ ဈေးအတွင်းသို့ဝင်ခွင့်ပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ကိုထွန်း (ဖောင်းပြင်)**



## ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပညာပေး၍ နှာခေါင်းစည်းတပ်ဆင်ပေး

**ရန်ကုန် မေ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ စည်ပင်သာယာဈေးကြီးနှစ်ခုဖြစ်သည့် အောင်ဇေယျဈေးနှင့် ကမာကဆစ်ဈေးတို့၌ နှာခေါင်းစည်းမတပ်သူများကို ပညာပေး၍ နှာခေါင်းစည်းများတပ်ဆင်စေပြီး ဈေးရောင်း ဈေးဝယ်ပြုလုပ်ကြရန် အသိပညာပေးလုပ်ငန်းများနှင့် နှာခေါင်းစည်းများ အခမဲ့လှူဒါန်းခြင်းကို မေ ၂၂ ရက် နံနက် ၈ နာရီက ဈေးတာဝန်ခံများနှင့် မြို့နယ်ပညာရေးနှင့် ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ပညာပေး ဆောင်ရွက်ရာတွင် အောင်ဇေယျဈေးတာဝန်ခံ ဦးအောင်လွင်ဦး၊ ကမာကဆစ်ဈေးတာဝန်ခံ ဦးဌေးဝင်း၊ မြို့နယ်ပညာရေးနှင့် ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတင်ကြည်နှင့် အဖွဲ့ဝင်များက ဈေးရောင်းသူများနှင့် ဈေးဝယ်ရန်လာရောက်ကြသည့် ပြည်သူများအား နှာခေါင်းစည်းများကို တပ်ဆင်စေပြီး စနစ်တကျ ဈေးရောင်း ဈေးဝယ်ပြုလုပ်ကြရန်နှင့် လက်ဆေးပြီးမှ ဈေးအတွင်းသို့ ဝင်ရောက်ကြရန်၊ အပြင်ထွက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာကြရန် အသိပညာပေးပြောကြားခဲ့ပြီး ဈေးတွင်းသို့ ဝင်ရောက်ကြမည့် ပြည်သူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းများကို အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

နှာခေါင်းစည်းများကို အောင်ဇေယျဈေး၌ ဈေးရောင်း ဈေးဝယ်သူ ၅၀၀ အတွက် နှာခေါင်းစည်း ၅၀၀ နှင့် ကမာကဆစ်ဈေး၌ ဈေးရောင်း ဈေးဝယ်သူ ၅၀၀ အတွက် နှာခေါင်းစည်း ၅၀၀ စုစုပေါင်း နှာခေါင်းစည်း ၁၀၀၀ ကို အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း မြို့နယ်ပညာရေးနှင့် ကျန်းမာရေးဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ဦးကျော်မြင့်ဦးက ပြောသည်။

**နိုင်လင်းကျော်(ဒလ)**

## ဈေးရောင်း ဈေးဝယ်များအား မျက်နှာဖုံးအကာနှင့် နှာခေါင်းစည်းများ ဝေငှ

**ကန်ကြီးထောင့် မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား မျက်နှာဖုံးအကာနှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းကို မေ ၂၂ ရက် နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးနှင့် သိန်းရတနာဈေးတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလှုပ်ရှားမှုအဖွဲ့(ကန်ကြီးထောင့်)နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာများ အခမဲ့ဝေငှတပ်ဆင်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် လက်ကိုမကြာခဏ စနစ်တကျဆေးကြောကြရန် ကျန်းမာရေးအသိပညာပေးခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒီနေ့ကစပြီး ဈေးရောင်း ဈေးဝယ်ပြည်သူတွေကို နှာခေါင်းစည်းတပ်ဆင်ကြဖို့ ဈေးတိုင်းမှာ အသိပေးကြေညာထားပြီးဖြစ်ပါတယ်။ နှာခေါင်းစည်း တပ်ဆင်မှု ရှိ၊ မရှိကိုလည်း စည်ပင်ဝန်ထမ်းများက နေ့စဉ်လိုက်လံစစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်က ပြောသည်။

**နန်းထိုက် (ကန်ကြီးထောင့်)**

## ရန်ကင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်



**ရန်ကုန် မေ ၂၃**
ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ဘူတာရုံလမ်း ကံဘဲ့ဈေး၌ မေ ၂၂ ရက် နံနက် ၈ နာရီက ဈေးရောင်းဈေးဝယ်သူများအား နှာခေါင်းစည်းများဝေငှတပ်ဆင်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ ဈေးရောင်းဈေးဝယ်ပြုလုပ်စေရန်အတွက် ထုံးဖြင့်အမှတ်အသားပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောဈေးဆိုင်များ၊ ဈေးဝယ်သူများနှင့် ဈေးကြီးကြပ်ရေးကော်မတီများ လိုက်နာရမည့်အချက်များပါဝင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူစုလူဝေးမဖြစ်စေရန် ဈေးအတွင်းသို့ မော်တော်ယာဉ်နှင့် အနေးယာဉ်များဝင်ရောက်ခြင်းမရှိစေရန်တို့ကို အသံချဲ့စက်ဖြင့် အသိပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဈေးအတွင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်မာဝေ(ပြန်/ဆက်)**

## ဆွာ မြို့မဈေးသို့ ဈေးလာဝယ်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ပေး

**ရေတာရှည် မေ ၂၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့မဈေးအတွင်းရှိ ဈေးရောင်းသူများ၊ ဈေးလာရောက်ဝယ်ယူသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အရေးပေါ်ကူညီရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့နှင့် ဈေးကော်မတီဝင်များစုပေါင်း၍ ဈေးဝင်ပေါက်တွင် အလွယ်တကူလက်ဆေးနိုင်ရန်နေရာများနှင့် ဈေးအတွင်းဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဈေးလာဝယ်သူတစ်ဦးက "မိသားစုတစ်စုအတွက် စားဖို့ချောင်ပြည့်စုံမှ အဆင်ပြေတာလေ၊ ဈေးဝယ်ပေးရတာက ထုံးစံလိုဖြစ်နေတော့ တော်ရုံလူက လူများတဲ့နေရာတွေကို မသွားချင် မသွားရဲကြဘူး၊ ခုလိုလေးတွေဆောင်ရွက်ပေးတာကောင်းတယ်၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုလည်းတိုးလာတာပေါ့" ဟု ပြောပြသည်။

ဈေးအတွင်း လူများစုပြုံသွားလာမှုကို လျှော့ချနိုင်ရန် ဆွာမြို့ဘောလုံးကွင်းအတွင်း၌လည်းကောင်း၊ ဆွာဈေးအရှေ့ဘက် ထောက်ကြန့်ကွင်းကျေးရွာဘက်ခြမ်းတွင်လည်းကောင်း ပုံကျဈေးသည်များနှင့် သား၊ ငါးရောင်းသူများကို သီးခြားခွဲ၍ရောင်းချစေရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအတွင်း နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ရသည့်အတွက် ပုလောမြို့နယ် ရေပေးဝေရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ဧပြီလမှစတင်၍ ရေများ အခမဲ့လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ပုလောမြို့နယ် မြို့ပေါ်ငါးရပ်ကွက်အတွင်းရှိ ရေစုကန်များတွင် ပုလောမြို့နယ်မီးသတ်ဦးစီးဌာနက ဂါလန် ၁၂၀၀ ဆံ့ ဌာနပိုင်ရေသယ်ယာဉ်ဖြင့် နေ့စဉ်ရေဂါလန် ၃၂၀၀ ကို အခမဲ့လှူဒါန်းလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်ရေပေးဝေရေးကော်မတီမှ ကြီးကြပ်၍ ရေပြတ်လပ်သည့်ရပ်ကွက်များသို့ သောက်သုံးရေများကို သွားရောက်လှူဒါန်းပေးလျက်ရှိသည်။

အဆိုပါ ရေရှားပါးမှုများကို ဖြေရှင်းနိုင်ရန်အတွက် ပုလောမြို့နယ်မှ ၁၂ မိုင်ခန့်ဝေးကွာသော ဇာတိဝင်းကျေးရွာ တလိုင်းခေါင်းခတ်ရေတံခွန်မှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း စတင်အကောင်ထည်ဖော်ဆောင်ရွက်နေပြီး ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးသွားပါက လာမည့်နှစ်အတွင်း ပုလောမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေ အလုံအလောက်ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးထံမှ သိရသည်။

**ထူးဝေယံ(ပုလော)**

---

**ကဝ**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မမောက်ကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဇင်ဦးနှင့် ဝန်ထမ်းများသည် မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီက သောက်သုံးရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး သွားရောက်လှူဒါန်းခဲ့သည်။

မမောက်ကျေးရွာ၌ အိမ်ခြေ ၄၁၄ လုံး၊ လူဦးရေ ၂၂၀၀ ကျော် နေထိုင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ သောက်သုံးရေရှားပါးပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ကာ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

---

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စုအတွင်း သောက်သုံးရေကန်များ၌ ရေလျော့နည်းခန်းခြောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သောက်သုံးရေဂါလန် ၂၈၀၀ ကို မေ ၂၂ ရက် ညနေပိုင်းက သွားရောက်လှူဒါန်းပေးခဲ့သည်။

ကျေးရွာများ ရေလိုအပ်ချက်ရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောအောင်မျိုးမြင့် ဖုန်း-၀၉-၇၈၄၁၃၄၀၄၆ ထံသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

---

**ဟိုင်းကြီးကျွန်း**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စုရှိ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ရွာသစ်(နတ်ကုန်းသာ) ကျေးရွာသို့ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော် ဦးဆောင်သောတပ်ဖွဲ့ဝင်များက ရေဂါလန် ၈၀၀ ကို ယနေ့ နံနက် ၉ နာရီက သွားရောက်လှူဒါန်းပေးခဲ့သည်။

ရွာသစ်(နတ်ကုန်းသာ) ကျေးရွာသည် အိမ်ထောင်စု ၈၀ ရှိပြီး လူဦးရေ ၄၀၀ ကျော်နေထိုင်သော ကျေးရွာတစ်ရွာဖြစ်သည်။

ယခုကဲ့သို့ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေချိန်၌ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ အလှူရှင်များက ရေဂါလန် ၈၀၀ ကို လာရောက်လှူဒါန်းပေးသည့်အတွက် ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

---

**ကျိုက်မရော**

ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျွန်းရွာကျေးရွာ၌ သွားရောက်ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းရွာကျေးရွာရှိ အိမ်ခြေ ၁၃၀၀ နှင့် လူဦးရေ ၆၄၀၀ တို့အတွက် တစ်နေ့လျှင် ရေဂါလန် ၁၀၀၀၀ ကျော်ကို နေ့စဉ်ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း၊ ဧပြီတတိယပတ်မှစ၍ ယနေ့ထိ ရေဂါလန်ပေါင်း ၆၀၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသန့်ဇော်ထွန်းထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး
(ကျိုက်မရော)**

# မကွေးခရိုင်အတွင်း ကျေးရွာ ၄၁ ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းခန့်ပြီးစီး

**မကွေး မေ ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ ကျေးရွာ ၄၁ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မကွေးခရိုင်အတွင်းမှာ မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ် စတဲ့ မြို့နယ် ခြောက်မြို့နယ်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာတော့ သောက်သုံးရေအတွက် အခက်ခဲဆုံးခရိုင်တစ်ခုလည်း ဖြစ်ပါတယ်။ နှစ်စဉ်လိုလို သောက်သုံးရေရှားပါးလို့ ရေပေးဝေခဲ့ရတာတွေလည်းရှိပါတယ်။ ယခုဘဏ္ဍာနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနဲ့ ယခင်နှစ်ကရေပေးဝေခဲ့ရတဲ့ ကျေးရွာတွေနဲ့ အခြားရေရှားပါးပြတ်လပ်နိုင်တဲ့ကျေးရွာ ၄၁ ရွာကို ဦးစားပေးကာ တွင်းနက်စက်ရေတွင်းသစ် ၂၉ တွင်း တူးဖော်ခြင်း၊ မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းနှစ်ခု၊ အခြားရေရရှိရေးလုပ်ငန်း ၁၀ ခု စုစုပေါင်း ၄၁ ခုကို ဆောင်ရွက်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ရေရရှိရေးလုပ်ငန်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇောဟိန်းက ပြောသည်။

ပြည်တွင်းပြည်ပ NGOs၊ INGOs အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာများအနေနှင့် သောက်သုံးရေပြတ်လပ်ပါက ဖြည့်ဆည်းပေးနိုင်ရေး အကူအညီတောင်းခံနိုင်ရန်နှင့် ရေလှူဒါန်းလိုသော စေတနာရှင်၊ အလှူရှင်များက ရေလှူဒါန်းမှုများ ပြုလုပ်နိုင်ရန်အတွက် Water Donation Myanmar App ကို အလွယ်တကူ အသုံးပြု၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများကို ဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ အဆိုပါရေပေးရေးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၄၁ ရွာရှိ အိမ်ခြေ ၈၁၄၉အိမ်၊ လူဦးရေ ၃၈၄၁၃ ဦးအတွက် သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ဒေသတွင်းသွားလာရေး အဆင်ပြေမည်



**ရေတာရှည် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတောင်ဘက်ခြမ်းရှိ ဆွာမင်းလမ်း-တံတားကြီး-ရေနီးကျေးရွာချင်းဆက်လမ်း ဖောက်လုပ်လျက်ရှိပြီး မိုးရာသီမတိုင်ခင်ပြီးစီးနိုင်မည်ဖြစ်ရာ ဆွာမြို့အရှေ့ဘက်ခြမ်း ဒေသနေပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် များစွာအဆင်ပြေကြမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးကားလမ်း၏ အရှေ့ဘက် ဆွာမင်းလမ်းကျေးရွာမှ တံတားကြီးကျေးရွာအထိ ၁ မိုင် ၂ ဖာလုံအရှည်ရှိ ကျောက်ရောမြေသားလမ်းကိုလည်းကောင်း၊ ယခုနှစ်တွင် တံတားကြီး-ရေနီးလမ်းပိုင်း အရှည် ၁ မိုင် ၂ ဖာလုံကို ကျောက်ရောမြေသားလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်လျက်ရှိသည်ကို တွေ့ရသည်။

ဆွာချောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံပြည်သူများသည် ယခုလမ်းပိုင်းသာ ပြီးစီးသွားပါက ရေတာရှည်မြို့နှင့် တောင်ငူမြို့များသို့ ခရီးသွားလိုပါက ဆွာမြို့သို့ဝင်စရာမလိုတော့ဘဲ ကျေးရွာချင်းဆက်လမ်းပိုင်းမှ အချိန်တိုအတွင်း သွားလာနိုင်မည်လည်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

## ရေဦးမြို့နယ်၌ ယာသီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ရေဦး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေရာသီ စိုက်ပျိုးရေ အခက်အခဲကြောင့် တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် ယာသီးနှံ အစားထိုးပြောင်းလဲစိုက်ပျိုးလာစေရေး နယ်မြေစိုက်ပျိုးရေးစခန်းတာဝန်ခံများမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများက ယူရီးယားဓာတ်မြေသြဇာအသုံးပြု နွေနှမ်းစမ်းသပ်ကွက်များအား ပိုးမွှားကျရောက်မှု ရှိမရှိ စစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးကျရောက်ပါက ကာကွယ်နှိမ်နင်းနည်းများ အသိပညာပေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရေဦးမြို့နယ်အနေဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ် နွေနှမ်းနှင့် ပဲတီစိမ်းလျာထားဧက ၁၂၀၀၀ ရှိပြီး နွေနှမ်း ၃၇၆၂ ဧက၊ ပဲတီစိမ်း ၈၄၉ ဧက စုစုပေါင်း ၄၆၁၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်း (ရေဦး)**

## ကြက်သွန်ခင်းများအတွင်း သီးညှပ်စိုက်ပျိုးထားသည့် ကြက်တူရွေးပဲသီးများဈေးကောင်းရ

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများတွင် ကြက်သွန်စိုက်ပျိုးချိန်က သီးထပ်သီးညှပ်စိုက်ပျိုးထားသော ကြက်တူရွေးပဲသီးများပေါ်ချိန် ဈေးကောင်းရရှိနေခြင်းကြောင့် ကြက်သွန်ခင်းများအတွင်း သီးထပ်သီးညှပ် ကြက်တူရွေးပဲစိုက်တောင်သူများ တွက်ခြေကိုက်နေကြကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ တောင်သူဦးတင်ထွန်းအောင်က ပြောသည်။

အသီးစပေါ်ချိန် တစ်ပိဿာ ကျပ် ၁၃၀၀ ထိ ဈေးရရှိပြီး ကြက်တူရွေးပဲသီးများ လှိုင်လှိုင်ပေါ်ချိန် တစ်ပိဿာ ကျပ် ၇၀၀ ထိဈေးရရှိခြင်းကြောင့် သီးထပ်သီးညှပ်စိုက်ပျိုးသည့် တောင်သူများ တွက်ခြေကိုက်ကြကြောင်း မုန့်ကုန်းကျေးရွာမှ ဦးနန်းတင်က ပြောသည်။

ကြက်သွန်တစ်ပိဿာ ကျပ် ၅၀၀ ဈေးသာရှိနေချိန် ကြက်တူရွေးပဲ တစ်ပိဿာ ကျပ် ၇၀၀ မှ ၁၂၀၀ ဈေးထိရှိနေခြင်းက ကြက်သွန်စိုက်တောင်သူများ သီးညှပ်စိုက်ပျိုးသည့် ကြက်တူရွေးပဲသီးဈေးနှုန်းက ကျားကန်ထားပေးခြင်းကြောင့် ကြက်တူရွေးပဲစိုက်တောင်သူများ အဆင်ပြေနေကြသည်။

လဲဂွ၊ ညောင်ဖြူပင်၊ လက်ပံအိုင့်၊ ကုန်းတဲ၊ ဆပ်ပြာကျင်း၊ မုန့်ကုန်း၊ အမှတ်သုံး၊ အမှတ်လေး၊ ကင်းမွန်းခြံ၊ မကျီးတိုင်း၊ စည်ပင်သာကျေးရွာတို့သည် ဆောင်းကြက်သွန်အမြောက်အမြား စိုက်ပျိုးကြကာ ကြက်တူရွေးပဲကို သီးညှပ်အဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**



# မြို့ပြများတွင် စိုက်ပျိုးရေး

ဒေါက်တာမျိုးကြွယ် (AUAA)

ယခု ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူအများစုသည် အိမ်တွင်ပင် နေထိုင်ကြရသည်ဖြစ်ရာ မိမိအိမ်တွင် နေထိုင်ရင်း ဟင်းသီးဟင်းရွက်များကို အိမ်ခြံဝင်း၊ တိုက်ခန်းဝရန်တာ စသည်တို့၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လတ်ဆတ်သည့်သီးနှံများကို စားသုံး၍လည်းရ ငြီးငွေ့ခြင်းများလည်း ပြေပျောက်ကာ စိုက်ပျိုးခြင်း ဗဟုသုတပညာများလည်း တိုးပွားရရှိနိုင်ပါသည်။


တိုက်ပေါ်တွင်အလှစိုက်ထားမှုကို တွေ့ရစဉ်။

မြို့ပြစိုက်ပျိုးရေး (Urban Agriculture၊ Urban Farming၊ Urban Gardening) ဆိုသည့် သီးနှံစိုက်ပျိုးခြင်းမှာ (အထူးသဖြင့် အချိန်တိုအတွင်း စားသုံးနိုင်သည့် ဟင်းသီးဟင်းရွက်များ) ကျေးလက်၊ တောရွာစိုက်ခင်းများတွင်မဟုတ်ဘဲ မြို့နေလူထုအားလုံး (လူကြီး၊ လူငယ်၊ ကျောင်းသား ကျောင်းသူ အစရှိသဖြင့်) မိမိအိမ်ရှိ မြေလွတ်များ၊ မြေလွတ်မရှိသည့် တိုက်ခန်းများတွင် ဝရန်တာများ၌ အိုးငယ်လေးများဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်သည့် အပင်များကို ဆိုလိုပါသည်။ ဥပမာ ခရမ်းချဉ်၊ ငရုတ်ပင်၊ ချဉ်ပေါင်ပင်၊ ဆလတ်ပင်၊ ရုံးပတီပင် အစရှိသည့် အပင်များဖြစ်ပါသည်။

မျိုးစေ့ရရှိရေးကိုမူ နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ မျိုးစေ့အရောင်းဆိုင်များ၊ ကုမ္ပဏီများ၊ ရန်ကုန်မြို့တွင် မြေပဒေသာကျွန်း စိုက်ပျိုးရေးအရောင်းဆိုင်တွင် ဆက်သွယ်ဝယ်ယူရရှိနိုင်ပါသည်။

စိုက်ပျိုးရာတွင် စိုက်ပျိုးသည့်နေရာသည် တိုက်ခန်းဖြစ်ပါက နေရောင်ခြည်သို့မဟုတ် အလင်းရောင် ရရှိသောနေရာဖြစ်ပြီး နေ့စဉ် ရေလောင်းပေးနိုင်ရပါမည်။

ထိုသို့စိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများမှာ -

(က) အစားအသောက် ဘေးကင်းလုံခြုံမှု (Food Security) ရှိ၍ လတ်ဆတ်ပြီး အန္တရာယ်ကင်းသည့် ဟင်းသီးဟင်းရွက်များကို မိသားစုအားလုံး ကောင်းမွန်စွာ စားသုံးနိုင်ပါမည်။


(ခ) ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး (Environmental Health) ပိုမိုကောင်းမွန်လာနိုင်ပြီး အပင်များများ စိုက်ပျိုးနိုင်လေ သန့်ရှင်းကောင်းမွန်သောလေများ ရရှိနိုင်လေဖြစ်ရာ အိမ်ခြံဝင်းရှိသူများက သစ်ပင်ကြီးများကိုပါ စိုက်ပျိုးနိုင်ပါက အပူဒဏ်ကိုလည်း တစ်နည်းတစ်ဖုံ ကာကွယ်ရာ ရောက်ပါသည်။


တိုက်ခန်းများကြားရှိ မြေလွတ်များတွင် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

လူမှုရေးအကျိုးသက်ရောက်မှု (Social Impact) အနေဖြင့် -

(ဂ) အစုအဖွဲ့လိုက် ကျန်းမာမှုကို ပေးစွမ်းနိုင်ပါသည်။ အချို့ တိုက်ခေါင်မိုးပေါ်တွင် ဥယျာဉ်ခြံငယ်လေး (Roof Garden) ဖန်တီးပြီး စားသုံးသီးနှံ ဟင်းသီးဟင်းရွက်များသာမက ပန်းမန်များဖြစ်သည့် နှင်းဆီ၊ ဂန္ဓမာ၊ မေမြို့၊ စံပယ်နှင့် အလှမြက်ခင်းများကို စိုက်ပျိုးထားရာ အပန်းဖြေစရာ နေရာကောင်းအဖြစ် ဖန်တီးထားပါသည်။ အလွန်ကောင်းမွန်သည့် နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

နောက်ထပ် စိုက်ပျိုးမွေးမြူရေးတစ်ခုဖြစ်သည့် Aquaponics (ငါး၊ ပုစွန်မွေးမြူခြင်း- Aquaculture) နှင့် မြေမဲ့စိုက်ပျိုးခြင်း/ ရေတွင်စိုက်ပျိုးခြင်း (Hydroponics) ကိုရောစပ်ကာ မိမိအိမ်ခြံဝင်းနှင့် ခေါင်မိုးများပေါ်၌ စိုက်ပျိုးမွေးမြူသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။


Aquaponics စနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးတစ်ခုကို တွေ့ရစဉ်။

ဤစနစ်သည် ငါး၊ ပုစွန်မွေးမြူနေသည့်ရေထဲက မြေမဲ့စိုက်ပျိုးပင်များထံ မရောက်မီ ဘေးထွက်ပစ္စည်းများ၊ အညစ်အကြေးများ၊ အဆိပ်အတောက်များကို နိုက်ထရိုဂျင်အဖြစ် ပြောင်းလဲပေးသည့် ဗက်တီးရီးယား (Nitrifying Bacteria) များက နိုက်ထရိတ်အဖြစ် ပြောင်းလဲပေးလိုက်သဖြင့် အပင်အတွက်လိုအပ်သည့် နိုက်ထရိုဂျင် တစ်စိတ်တစ်ဒေသအဖြစ် ပေးနိုင်ပါသည်။

ဤစနစ်ကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ထုတ်လွှင့်လျက်ရှိသော တောင်သူလယ်သမား ရုပ်သံလိုင်း (Farmer Channel) တွင် Aquaponics အကြောင်း မကြာခဏ ပြသလျက်ရှိပါသည်။

မြေမဲ့စိုက်ပျိုးရေး (Hydroponics) အကြောင်းကို (အထူးသဖြင့် ဆလတ်ပင် စိုက်ပျိုးခြင်း) စိုက်ပျိုးရေးတက္ကသိုလ် မကွေးနယ်မြေတွင်လည်းကောင်း၊ အီတလီနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်း INGO တစ်ခုဖြစ်သော TDH တွင်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းတွင်လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာမေးမြန်းနိုင်ပါသည်။

ထိုသို့ အိမ်မှာနေရင်း ဓာတုအဆိပ်အတောက်ဖြစ်စေနိုင်သည့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာလည်းကင်း မိမိကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုကိုလည်း ပေးစွမ်းနိုင်သည့် စိုက်ပျိုးမွေးမြူရေးကို ပြုလုပ်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေ

**သံတောင်ကြီး ဧပြီ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၉ နာရီတွင် သံတောင်ကြီးမြို့ အမှတ်(၄)လမ်းဆုံ၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် သံတောင်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများ အပြင်ထွက်သည့်အခါ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ အကြောင်းကိစ္စမရှိဘဲ အပြင်မထွက်ကြရန် စသည့် အသိပညာပေးခြင်းများကို အသံချဲ့စက်ဖြင့်လည်းကောင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်ဆေးနည်းများကို လည်းကောင်း ပြည်သူများ သိရှိစေရန်အတွက် ဌာနဆိုင်ရာအားလုံးနှင့် ကိုဗစ်-၁၉ရောဂါ ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေသွေးထံမှ သိရသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သံတောင်ကြီး အမျိုးသမီးအဖွဲ့များက ကိုယ်တိုင်ချုပ်လုပ်သော နှာခေါင်းစည်းအခု ၅၀၀ အား ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



နော်လော်မူ(ပြန်/ဆက်)

ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ မောင်တို့မယ်တို့ လက်ဆေးစို့

## ဂျယ်ဂျူကျွန်းမှာ ရုပ်သံအစီအစဉ်ရိုက်ကူးနေတဲ့ ဆောင်းဆန်ဟွန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်းကို လတ်တလော ဂျယ်ဂျူကျွန်းပေါ်မှာ ရုပ်သံအစီအစဉ်ရိုက်ကူးနေတာတွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ ဆောင်းဆန်ဟွန်းဟာ “I Live Alone ”လို့ အမည်ရတဲ့ ရုပ်သံအစီအစဉ်ကို ရိုက်ကူးနေတာဖြစ်ပြီး ဂျယ်ဂျူကျွန်းရဲ့ လှပတဲ့နေရာတွေကို သွားရောက်ကြည့်ရှုရင်း ငါးမျှားလည်း ထွက်ခဲ့ပါတယ်။ ဒ့ါအပြင် မင်းသားဟာ ကျွန်းပေါ်မှာ နေရာအနှံ့လျှောက်သွားရင်းက ဖြတ်သွားဖြတ်လာလူတွေကို အံ့အားသင့်အောင်လုပ်ခဲ့ရင်း သူတို့ရဲ့ အံ့အားသင့်တဲ့ အမူအရာတွေကိုလည်း ရိုက်ကူးထားတာတွေ့ရပါတယ်။

ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းက လက်ရှိအချိန်အထိ လှပခန့်ညားဆဲဖြစ်တဲ့ သူ့ရဲ့ ရုပ်ရည်နဲ့ ပတ်သက်ပြီး ထိန်းသိမ်းမှုကို မီဒီယာတွေက မေးမြန်းခဲ့ရာမှာတော့ သူက ဆေးလိပ်လုံးဝမသောက်တာကြောင့် ဖြစ်တယ်လို့ ဖြေကြားခဲ့ကြောင်းလည်း သိရပါတယ်။





## ပရိသတ်တစ်ဦးရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ ပရိသတ်တစ်ဦးရဲ့ ဘဝဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ဦးနှောက်အမြှေးရောင်ရောဂါခံစားနေရတဲ့ ပရိသတ်တစ်ဦးထံကို TWICE အဖွဲ့က သီးသန့်စာပို့ခဲ့ကာ အားပေးစကားပြောကြားခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၁၅ နှစ်အရွယ် ယောက်ျားလေးတစ်ဦးဟာ ဦးနှောက်အမြှေးရောင်တဲ့ ရောဂါခံစားနေရပြီး ကုသမှုတွေခံယူကာ အသက်ရှင်သန်ဖို့ ကြိုးပမ်းနေတဲ့အချိန်မှာ သူ့အတွက် အားအင်ဖြစ်စေဖို့ TWICE ရဲ့ တေးသီချင်းတွေကို နားဆင်သူလည်း ဖြစ်ပါတယ်။

သူ့ရဲ့ ဆန္ဒကတော့ ကိုယ်ပိုင်ကွန်ပျူတာတစ်လုံး ပိုင်ဆိုင်လိုကာ အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံလိုတာ ဖြစ်ပါတယ်။ သူ့ရဲ့ ဆန္ဒတွေကိုတော့ TWICE ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်က ဖြည့်ဆည်းပေးခဲ့ပါတယ်။

ဘဝရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးနေတဲ့ Make a Wish ဖောင်ဒေးရှင်းနဲ့ တွဲဖက်ကာ TWICE ရဲ့ ပရိသတ်တစ်ဦးရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးခဲ့တာပါ။ ဦးနှောက်အမြှေးရောင်နေတဲ့ အဆိုပါပရိသတ်အတွက် ကွန်ပျူတာတစ်လုံး ဝယ်ပေးခဲ့ပြီး အဖွဲ့ဝင်တွေကိုယ်တိုင် သူ့အတွက် သီးသန့်ပြောကြားထားတဲ့ အားပေးစကားတွေပါတဲ့ ဗီဒီယိုကိုလည်း ပေးပို့ပေးခဲ့ကြောင်း သိရပါတယ်။

## ဒိုမီနိုပီဇာရဲ့ မော်ဒယ်လ်ဖြစ်လာတဲ့ လီမင်ဟို

တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် The King: Eternal Monarch မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ လီမင်ဟိုဟာ ဒေသတွင်းမှာ ကျော်ကြားတဲ့ ပီဇာအမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ ဒိုမီနိုပီဇာရဲ့ ထုတ်ကုန်သစ်အတွက် မော်ဒယ်လ်အဖြစ် ရွေးချယ်ခံထားရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇာတ်လမ်းတွဲသစ်မှာ ထူးခြားတဲ့ ဇာတ်ကောင်အဖြစ် နှစ်ကိုယ်ခွဲသရုပ်ဆောင်ထားကာ မင်းကြီးအဖြစ်လည်း ပရိသတ်တွေရဲ့ အားပေးမှုကိုရရှိထားတဲ့ လီမင်ဟိုကို မော်ဒယ်လ်သစ်အဖြစ် ရွေးချယ်လိုက်ရတဲ့ အကြောင်းရင်းနဲ့ပတ်သက်ပြီး ဒိုမီနိုပီဇာက ကောင်းမွန်တဲ့ ပုံရိပ်တွေရှိပြီး ကိုရီးယားကိုကိုယ်စားပြုနိုင်တဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ ကောင်းမွန်တဲ့ ပါဝင်ပစ္စည်းတွေကို သုံးကာ ထုတ်လုပ်လိုတဲ့ ထုတ်ကုန်သစ်ရဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီတာကြောင့်ဖြစ်ကြောင်းလည်း ဆိုပါတယ်။

ဒိုမီနိုပီဇာရဲ့ ထုတ်ကုန်သစ်ဟာ အသက်နှစ်ဆယ်နဲ့ သုံးဆယ်အတွင်း စားသုံးသူတွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတာကြောင့် လီမင်ဟိုရဲ့ အသက်အရွယ်နဲ့ စားသုံးသူတွေရဲ့ အသက်အရွယ်ဟာလည်း နီးစပ်မှုရှိပါတယ်။



## အိုင်ယူ၊ ပ့ါခ်ဆိုးဂျွန်တို့နဲ့အတူ ရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် လီယန်ဝူး

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ လီယန်ဝူးဟာ သူနဲ့ရင်းနှီးတဲ့ သူငယ်ချင်းတွေလည်းဖြစ်တဲ့ အိုင်ယူနဲ့ ပ့ါခ်ဆိုးဂျွန်တို့ ခေါင်းဆောင်ပါဝင်သွားမယ့် ရုပ်ရှင်သစ်မှာ အတူတွဲဖက်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၃ ရက်မှာ လီယန်ဝူးရဲ့ ဖျော်ဖြေရေးအေဂျင်စီက အိုင်ယူနဲ့ ပ့ါခ်ဆိုးဂျွန်တို့ တွဲဖက်ပါဝင်သွားမယ့် “Dream” လို့ ယာယီအမည်ပေးထားတဲ့ ရုပ်ရှင်မှာ လီယန်ဝူးပါဝင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်မှာ အားကစားလောကအကြောင်းကို တွေ့မြင်ခံစားကြရမှာပါ။ ပ့ါခ်ဆိုးဂျွန်ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ အားကစားနည်းပြတစ်ဦးဖြစ်ပြီး သူ့ရဲ့အသင်းနဲ့အတူ အနိုင်ရရှိဖို့ ကြိုးပမ်းပုံတွေကို တွေ့မြင်ရမှာပါ။ အိုင်ယူရဲ့ ဇာတ်ကောင်စရိုက်နဲ့ပတ်သက်ပြီး လက်ရှိအချိန်အထိတော့ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိသေးဘူးလို့ သိရပါတယ်။ လီယန်ဝူးကတော့ ပ့ါခ်ဆိုးဂျွန်ရဲ့အသင်းမှ အသင်းသားတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



လီယန်ဝူး | အိုင်ယူ | ပ့ါခ်ဆိုးဂျွန်

## အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားဖို့ရာ ဆွေးနွေးနေတဲ့ ချာအွန်ဝူး

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ချာအွန်ဝူးဟာ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ ASTRO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လတ်တလောမှာတော့ သူဟာ ဇာတ်လမ်းတွဲတစ်ခုမှာ ခေါင်းဆောင်မင်းသားအဖြစ်ပါဝင်သွားဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချာအွန်ဝူးဟာ ယခင်က ဇာတ်လမ်းတွဲနှစ်ခုမှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တာကြောင့် အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်ဖြစ်မယ်ဆိုပါက သူ့အတွက် ခေါင်းဆောင်မင်းသားအဖြစ်



တတိယအကြိမ် ရိုက်ကူးခြင်းလည်း ဖြစ်လာမှာပါ။

ဧပြီ ၂၃ ရက်မှာ ဒေသတွင်း မီဒီယာတစ်ခုက ချာအွန်ဝူးအနေနဲ့ ဇာတ်လမ်းတွဲသစ်ကို လက်ခံရိုက်ကူးပေးဖို့ရာ စဉ်းစားနေကြောင်း ရေးသားဖော်ပြခဲ့တာပါ။ ဒီသတင်းအပေါ် ချာအွန်ဝူးရဲ့ ဖျော်ဖြေရေးအေဂျင်စီက လက်ရှိမှာ ချာအွန်ဝူးဟာ True Beauty လို့ အမည်ရတဲ့ ဇာတ်လမ်းတွဲမှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရပြီး မင်းသားကလည်း ဇာတ်ညွှန်းကို ဖတ်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲဟာ လူငယ်အချစ်ဇာတ်လမ်းအကြောင်းဖန်တီးထားတာ ဖြစ်ပါတယ်။ မိတ်ကပ်မလိမ်းထားတဲ့ မျက်နှာကို အခြားသူတွေကို မသိစေလိုတဲ့ မိန်းကလေးတစ်ဦးဟာ သူ့ရဲ့ ပင်ကိုအတိုင်းမလိမ်းခြယ်ထားတဲ့မျက်နှာကို တွေ့မြင်သွားခဲ့တဲ့ ကောင်လေးတစ်ယောက်ကို ချစ်မိသွားတဲ့အကြောင်း ရိုက်ကူးထားတဲ့ အဆိုပါဇာတ်လမ်းတွဲမှာ ချာအွန်ဝူးအတွက် ကမ်းလှမ်းထားတဲ့ ဇာတ်ကောင်ကတော့ ကျောင်းမှာ မိန်းကလေးတွေအကြား နာမည်ကျော်တဲ့ ကောင်လေးတစ်ယောက်ဖြစ်ပါတယ်။ သူဟာ မိန်းကလေးတွေကို စိတ်မဝင်စားခဲ့ပေမယ့် နောက်ဆုံးမှာတော့ တကယ်ချစ်မြတ်နိုးရတဲ့ ကောင်မလေးတစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲကို ယခုနှစ်နှစ်လယ်ပိုင်းမှာ စတင်ထုတ်လွှင့်ပြသသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## တေးသီချင်းသစ်တွေ ထုတ်လွှင့်ဖို့ ပြင်ဆင်နေတဲ့ ပ့ါခ်ဂျီဟွန်း

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ပ့ါခ်ဂျီဟွန်းဟာ လတ်တလောမှာ တေးသီချင်းသစ်တွေ ထုတ်လွှင့်ဖို့ရာ ပြင်ဆင်မှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**နောက်ဆုံးအဆင့်ရောက်ရှိ**

ပ့ါခ်ဂျီဟွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက ဧပြီ ၂၂ ရက်မှာ ပေ့ါပ်ကြယ်ပွင့်အနေနဲ့ တေးသီချင်းသစ် ဖန်တီးနေကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ လာမယ့်မေလနောက်ဆုံးပတ်မှာ သူ့ရဲ့ တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ပေးမှာဖြစ်ပြီး လက်ရှိမှာ ပြင်ဆင်မှုတွေ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

အဆိုပါ တေးသီချင်းသစ်တွေဟာ လွန်ခဲ့တဲ့ ငါးလခန့်က ပ့ါခ်ဂျီဟွန်းရဲ့ တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပြီးနောက် ပထမဆုံး ပြန်လည်ထုတ်လွှင့်မယ့် တေးသီချင်းတွေဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် – စုစည်းသည်

# အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေး ကျင်းပ

## စားနပ်ရိက္ခာ၊ ဆေးဘက်ဆိုင်ရာ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေး ဆွေးနွေး




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။

**နေပြည်တော် မေ ၂၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် အာဆီယံ-အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး လာအိုနိုင်ငံခြားရေးဝန်ကြီး Saleumxay Kommasith နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Michael Pompeo တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


စီးပွားရေးလုပ်ငန်းများ ကိုဗစ်-၁၉ ကို ရင်ဆိုင်ကျော်ဖြတ်ခြင်း
ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ
စာမျက်နှာ » ၈

နှောင့်ယှက်လာသည့် အီရန်တိုက်ရေယာဉ်များကို ပြန်လည်တိုက်ခိုက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ရေတပ်သို့ ညွှန်ကြား
စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅


## မကွေးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မကွေးမြို့ KS Rescue (Magway)မှ ကိုစည်ဖြိုးသူနှင့် ညီအစ်ကိုများ(မကွေး လူမှုကယ်ဆယ်ရေးအသင်း)၏ ဦးဆောင်ကူညီမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ ပြည်သူ့ဆေးရုံကြီးနှင့် အနီးပတ်ဝန်းကျင်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ မကွေးမြို့ပေါ် ရပ်ကွက်များနှင့် အထင်ကရနေရာများတွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး မေ ၂၂ ရက် နံနက်ပိုင်းမှ ညပိုင်းအထိ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**




ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။




ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၄၊ ၂၀၂၀ (သောကြာနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ချက်များ

**သူရဇော်၊ ဓာတ်ပုံ - ကျော်ဇေယျ၊ အေးသန်း**

**ပတ်ဝန်းကျင်တွင် ရေပတ်လည်ဝိုင်းရံလျက်ရှိပြီး ရွာ၏အရှေ့ဘက်တွင် အစွန်ကျေးရွာနှင့် ဆက်သွယ်ထားသော ရေပေါ်ဝါးတံတား၊ တောင်ဘက်တွင် စိမ်းစိုနေသော လယ်ကွင်းများ၊ ရွာ၏အနောက်ဘက်တွင် ကြည်ညိုဖွယ်ရာ ပြည်လုံးချမ်းသာ ရွာဦးစေတီနှင့် ရိုးချောင်းကမ်းနဖူးပေါ်တွင် မေးတင်နေ့သည့် ရွာတန်းရှည်ရွာလေးဖြစ်သည်။**

ကွေ့ဝိုက်နေသော ရိုးချောင်းအလှ၊ သေသပ်စွာတည်ဆောက်ထားသော ရေပေါ်ဝါးတံတား၊ စိမ်းလန်းစိုပြည်နေသော လယ်ကွင်းများ၊ အုံ့ဆိုင်းနေသော သစ်ပင်၊ ဝါးပင်များဖြင့် အလွန်လှပ၍ သာယာသောရွာလေးတစ်ရွာ ဖြစ်ပါသည်။

လှပ၍ သာသာယာယာရှိသော ရွာလေးသည် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် တောင်ဘက်အစွန်အဖျားကျသော ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် ရေလုပ်သားများ နေထိုင်ရာ **“ဗျင်းဘွဲ့ရွာလေး”** ဖြစ်သည်။

၎င်းဗျင်းဘွဲ့ကျေးရွာကို စာရေးဆရာကြီး “ကြယ်နီ”က ဗျင်းဘွဲ့ ရွာသူ/ရွာသား ရေလုပ်သားတို့၏ ဆင်းရဲနွမ်းပါးပုံ၊ အင်းချောင်းရိုးများအတွင်း ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားကြရပုံ၊ အင်းသားကြီးများ၏ လက်သပ်မွေးထားသော လူမိုက်များက နှိပ်စက်ကြပုံ၊ ကုန်သည်ပွဲစားများက တံငါသည် ရေလုပ်သားတို့ထံမှ ခေါင်းပုံဖြတ် အမြတ်ကြီးစားကြပုံ၊ ရေလုပ်သားတံငါသည်တို့၏ နေထိုင်ပုံ၊ စားသောက်ပုံ၊ ပြောဆိုပုံ၊ ဓလေ့ထုံးစံများ၊ တံငါလုပ်ငန်းများနှင့် တံငါဝေါဟာရများကို စိတ်ဝင်စားဖွယ် ရသများပေါ်လွင်အောင် ဗျင်းဘွဲ့ကျေးရွာရှိ ရေလုပ်သားများကို အခြေခံပြီး ကိုဒေါင်းစိန်၊ မယ်စိန်တို့ ဇနီးမောင်နှံကို ပင်တိုင်ထားကာ **“ကိုတံငါ”**ဝတ္ထုကို ရေးသားခဲ့သည်။

### ဖွံ့ဖြိုးရေးရန်ပုံငွေ

ရွာလေးသည် ယခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အရှည်ပေ ၂၀၀၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ်တံတား၊ ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်လျှပ်စစ်မီး၊ မြေသားသောက်ရေကန်၊ သောက်သုံးရေအတွက် ရေတုံကင် ကိုးလုံးရရှိပြီး ရေကြီးနစ်မြုပ်မှုမရှိစေရန်အတွက် အစွန်-နဲ့ကော တာတမံ၊ ရွာလယ်ကွန်ကရစ်လမ်း၊ သန့်ရှင်းသော သောက်သုံးရေအတွက် အုတ်ရေကန်ပါ ရေသန့်စက်၊ ဓမ္မာရုံ၊ စာကြည့်တိုက်တို့ကို မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ကျေးရွာကဲ့သို့ တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က **“ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ”** ကို ဥပဒေအမှတ်၊ ၃၉/၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ခဲ့သည်။

### ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာပေါင်း ၁၈၀၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ခြေပေါင်း ၃ ဒသမ ၅၉ သိန်းနှင့် လူဦးရေ ၁ ဒသမ ၈၃၃ သန်းခန့် အကျိုးခံစားရရှိခဲ့သည်။

ထို့ပြင် ဂျပန်အစိုးရ၏ ODA ချေးငွေဖြင့် မြို့နယ် ၂၂ ခုတွင် တိုးချဲ့ရေပေးရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စစ်တွေနှင့် မြစ်ကြီးနားမြို့တို့တွင် ၁၀၀ ရာခိုင်နှုန်း၊ မိတ္ထီလာနှင့် ပုသိမ်မြို့တို့တွင် ၅၀ ရာခိုင်နှုန်းနှင့် ကျန်မြို့နယ်များတွင် စာချုပ်ချုပ်ဆိုကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တစ်အိမ်သုံးဆိုလာစနစ် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ကျေးရွာ ၂၈၀၁ ရွာတွင် လုပ်ငန်းအိမ်ခြေပေါင်း ၁၁၅၅၈၃ အိမ်နှင့် အများပိုင်အဆောက်အဦ ၁၇၉၁၁ ခုတို့တွင် တပ်ဆင်ပေးနိုင်ခဲ့သဖြင့် လူဦးရေ သုည ဒသမ ၉၂ သန်းခန့်ကို အကျိုးပြုနိုင်ခဲ့သည်။ ထို့ပြင် အသေးစားဓာတ်အားပေးစနစ်လုပ်ငန်းများကို ကျေးရွာ ၄၁ ရွာတွင် လုပ်ငန်းပေါင်း ၃၉ ခုအား ဆောင်ရွက်နိုင်ခဲ့သဖြင့် အိမ်ခြေ သုည ဒသမ ၁၀၂၉၆ သိန်းနှင့် လူဦးရေ သုည ဒသမ ၀၃၉ သန်းခန့်ကို အကျိုးပြုနိုင်ခဲ့သည်။

ထို့အတူ ကျေးလက်နေပြည်သူများ၏ အဓိက လိုအပ်ချက်ဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း ၂၆၆ မိုင် ၆ ဖာလုံနှင့် ကျေးလက်ကုန်ထုတ်တံတား ၂၂၀ ကိုတည်ဆောက်ပေးနိုင်ခဲ့ပြီး စိုက်ဧက ၁၇၆၈၂၉ ဧကနှင့် လူဦးရေ သုည ဒသမ ၃၇ သန်းကို အကျိုးပြုခဲ့သည်။

ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းအဖြစ် ချင်းပြည်နယ်တွင် ကျေးလက်အိမ်ရာ ၂၀၀၊ ရခိုင်ပြည်နယ်တွင် ကျေးလက်အိမ်ရာ ၃၂၇ လုံး တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးဆုံးရှုံးသွားခဲ့သည့် အိမ်ထောင်စု ၅၂၇ စုကို အကျိုးပြုနိုင်ခဲ့သည်။

### ရန်ပုံငွေလည်ပတ်

လူထုဗဟိုပြုစီမံကိန်းအနေဖြင့် မြို့နယ် ၅၄ ခုရှိ ကျေးရွာပေါင်း ၈၀၇၀ ၌ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၉၀၈၄ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအနေဖြင့် စီမံကိန်းယူနစ် ၈၀၀ ကို အကျိုးပြုကျေးရွာ ၉၄၄ ရွာတွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် စီမံကိန်းကာလ (၅)နှစ်တာအတွင်း စီမံကိန်းယူနစ်ပေါင်း ၉၀၅၇ ယူနစ်နှင့် ကျေးရွာပေါင်း ၁၁၀၉၈ ရွာတွင် ရန်ပုံငွေလည်ပတ်လျက်ရှိသည်။

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာ ၂၉၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ပြည်သူ ၁ ဒသမ ၇၇၄ သိန်းကို အကျိုးပြုလျက်ရှိသည့်အပြင် ဌာနမှဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှ သင်တန်းသားအများစုသည် စက်ရုံ၊ အလုပ်ရုံများ၊ ကုမ္ပဏီများနှင့် တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်လုပ်ငန်းများတွင် ပြန်လည်အသုံးချသူ ၁၉၉၅၈ ဦးရှိသည်။

### စိုက်ပျိုးရေးဦးစီးဌာန

ထို့အတူ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ လယ်ယာကဏ္ဍ၏

အထူးကဏ္ဍ [ ခ ] သို့ »»



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ



နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးစိုက်ကွင်းတွင် ကျင်းပခဲ့သော နိုင်ငံတကာလယ်ယာသုံး စက်ကိရိယာပြပွဲကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိလျက်ရှိသည်။

လယ်ယာကဏ္ဍ တိုးတက်မှုနှုန်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လျာထားဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအနေဖြင့် ဆောင်ရွက်ဆဲ ၇၇ ခုနှင့် လုပ်ငန်းသစ် ၁၃ ခုကို ဘဏ္ဍာငွေကျပ်သန်း ၄၃၀၃၆၇ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံခြားအကူအညီ/အထောက်အပံ့ (Grant) ဖြင့် ဆောင်ရွက်ဆဲစီမံကိန်း ၆၈ ခု၊ ညှိနှိုင်းဆဲစီမံကိန်း ၃၉ ခုနှင့် အဆိုပြုစီမံကိန်း ၃၃ ခုရှိပြီး ချေးငွေ (Loan) ဖြင့် ဆောင်ရွက်ဆဲစီမံကိန်း ရှစ်ခု၊ ညှိနှိုင်းဆဲစီမံကိန်းတစ်ခုနှင့် အဆိုပြုစီမံကိန်းတစ်ခုရှိသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ အာဟာရချို့တဲ့မှုပြဿနာများကို ဖြေရှင်းနိုင်ရန် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ငါးနှစ်စီမံကိန်း(MS-NPAN)ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ကာ မူဝါဒရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံ အမျိုးသားအဆင့် ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် မူဝါဒကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်(UNEP)နှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(GEF)တို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် မူဝါဒ (စတုတ္ထမူကြမ်း)ပြင်ဆင်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ဖြစ်နိုင်ခြေရှိမှုဆိုင်ရာ သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ၊ အပြီးသတ်မူကြမ်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတို့ကို ကျင်းပခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ အဓိကကဏ္ဍကြီးတစ်ခုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "စတုတ္ထ (၁)နှစ်တာကာလအတွင်းမှာ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကို ပိုမိုကျယ်ပြန့်စွာဖြန့်ဝေနိုင်ရေးအတွက် စိုက်ပျိုးရေးသိပ္ပံ(ရွှေဘို)ရဲ့ ကျောင်းခွဲအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ဟုမ္မလင်းမြို့မှာ ယခုနှစ်အတွင်း ပထမနှစ်သင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(Agriculture Development Strategy- ADS) မူဘောင်နဲ့အညီ လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွေ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ လုပ်သားကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးအဖွဲ့ရဲ့ စိုက်ပျိုးရေးဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ချက်တွေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၁၁-၉-၂၀၁၉ ရက်နေ့က နေပြည်တော်၌ ကျင်းပသည့် မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။ ဓာတ်ပုံ-သတင်းစဉ်

အလားတူ ကမ္ဘာ့နိုင်ငံများအကြား လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည့် ကုန်စည်များကုန်သွယ်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့လာစေရေးအတွက် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(မူကြမ်း)ကို စိုက်ပျိုးရေးဦးစီးဌာန၏ အင်တာနက်စာမျက်နှာတွင် လွှင့်တင်နိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

ထို့ပြင် GAP အသိအမှတ်ပြုလက်မှတ်ကို Online Application System ဖြင့် လျှောက်ထားနိုင်ရေးအတွက် GIZ နှင့်ပူးပေါင်း၍ သတင်းအချက်အလက် နည်းပညာဆိုင်ရာ (Digitalization System) အသုံးချမှုသင်တန်း၊ မြန်မာ GAP လုပ်ငန်းစဉ်များကို နိုင်ငံတကာ အသိအမှတ်ပြုနိုင်ရေးအတွက် GAP စံချိန်စံညွှန်းများရေးဆွဲရာတွင် မြန်မာ GAP ဆိုင်ရာ နည်းပညာအဖွဲ့များနှင့် ဆွေးနွေးပွဲပြုလုပ်ပြီး တတိယမူကြမ်းကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် ဥပဒေကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့သည်။

ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးမြေများ၏ မြေဆီလွှာ အာဟာရဓာတ်ပါဝင်မှုများ၊ ရေနမူနာ၊ အပင်နမူနာများ ဓာတ်ခွဲစစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ရန်အတွက် ပုသိမ်မြို့၊ ပြည်မြို့နှင့် လှည်းကူးမြို့များတွင် ဓာတ်ခွဲခန်းများကို ဖွင့်လှစ်နိုင်ခဲ့သည်။

**မျိုးကောင်းမျိုးသန့်**

ထို့ပြင် ကျေးလက်နေတောင်သူများ၏ အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မျိုးစေ့ပြပွဲ (Seed Fair) ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပနိုင်ခဲ့ပြီး မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ရောင်းချပေးနိုင်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ၌ ပြည်ပပို့ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ပေးရသည့် ပဲမျိုးစုံသီးနှံ မျိုးကောင်းမျိုးသန့်ပွားများရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု၌ တောင်သူပညာပေး စံပြကွက် ၂၉၃၄ ဧကနှင့် Seed Grower Association၊ မျိုးစေ့ဘဏ်၊ အကျိုးဆောင်တောင်သူ၊ ပုဂ္ဂလိက/ ကုမ္ပဏီတို့ဖြင့် စုစုပေါင်းမျိုးစေ့ထုတ် ၂၅၉၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

အစေ့ထုတ်ပြောင်းသီးနှံကို မျိုးစေ့ထုတ်/မျိုးသန့်ပွား စိုက်ပျိုးမှုအနေဖြင့် Seed Grower Association၊ ကုမ္ပဏီ/ပုဂ္ဂလိက၊ အကျိုးဆောင်တောင်သူများနှင့်ပူးပေါင်း၍ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တောင်သူပညာပေး စံပြကွက်များ စိုက်ပျိုးပြသနိုင်ခဲ့သည်။

ထို့ပြင် ကြံစိုက်ပျိုးသကြားထုတ်လုပ်မှုနှင့် ဈေးကွက်ဟန်ချက်ညီ ထိန်းကျောင်းနိုင်ရန်အတွက် အဖြေရှာဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော မြန်မာ့ကြံသကြားလုပ်ငန်းဖြစ်ပေါ်စေရေးအတွက် မြန်မာ့ကြံသကြားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့သည်။

"ဝါ/လျှော်/ပိုးစာ၊ ပိုးချည်ဆိုင်ရာ Mobile Application နဲ့ သီးနှံအထွက်တိုး စိုက်ပျိုးနည်းစနစ်တွေ၊ သုတေသနလုပ်ငန်းတွေ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်တွေ၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်တွေ၊ စက်ရုံဆိုင်ရာ သတင်းအချက်အလက်တွေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာတွေကို ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်မှစတင်ကာ ဖြန့်ဝေနိုင်ခဲ့ပါတယ်"ဟု ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

ကော်ဖီသီးနှံနှင့်စပ်လျဉ်း၍ GAP Guideline စာအုပ်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်များထုတ်ဝေခြင်းနှင့် အရည်အသွေးမြင့် အထူးတန်းဝင်ကော်ဖီ (Speciality Coffee) ထုတ်လုပ်မှုသင်တန်းများ ဆောင်ရွက်ခဲ့ပြီး Coffee Board ဖွဲ့စည်းဖြစ်ပေါ်ရေး၊ ကော်ဖီအရည်အသွေးမြင့်မားရေး၊ ဈေးကွက်နှင့် ထိုက်သင့်သော ဈေးနှုန်းရရှိလာစေရေးနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်နေသူများအတွက် ချေးငွေနှင့် အရင်းအနှီးများ ရရှိနိုင်ရေးတို့အတွက် ကော်ဖီဖိုရမ်တစ်ခုကို ကျင်းပခဲ့သည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

လယ်ယာစိုက်ပျိုးသူ တောင်သူများအနေဖြင့် မိမိစိုက်ပျိုးထုတ်လုပ်မည့် လယ်ယာမြေသည် ကိုယ်ကိုယ်တိုင် အမှန်တကယ်ပိုင်ဆိုင်မှုရှိကြောင်း လယ်ယာမြေမှတ်ပုံတင် ပုံစံ(၇) ရရှိထားရန်ဖြစ်သည်။ အဆိုပါ ပုံစံ(၇)ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်စိုက်တောင်သူများ ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်အထိ တောင်သူပေါင်း ၆၀၇၂၄၈၉ ဦး၊ ဦးပိုင်ပေါင်း ၉၉၁၃၇၅၂ ခု၊ ဧရိယာပေါင်း ၂၅၄၃၁၁၉၀ ဧကကို ပုံစံ(၇)များ ထုတ်ပေးနိုင်ခဲ့သည်။

"လက်ရှိ နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာကာလအတွင်း တောင်သူပေါင်း ၂၆၈၂၁၀၊ ဦးပိုင်ပေါင်း ၄၃၈၃၅၅ ခု၊ ဧရိယာပေါင်း ၁၂၂၅၇၆၆ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် မတ်လအထိ ဆက်လက်ဆောင်ရွက်မှု လုပ်ငန်းစီမံချက်အရ တောင်သူပေါင်း ၆၅၆၂၁၈၀၊ ဦးပိုင်ပေါင်း ၁၀၅၅၄၃၂၆ ခု၊ ဧရိယာ ၂၈၁၅၇၃၅ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပြီးစီးအောင်၊ ထုတ်ပေးနိုင်အောင် လျာထား ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

လယ်ယာမြေဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပေးပို့ခဲ့သည့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဆွေးနွေးပြီးဖြစ်၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ယခင်လယ်ယာမြေဥပဒေ၏ ပြင်ဆင်ရန်လိုအပ်သော ပုဒ်မများကို ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူအနေဖြင့် လယ်ယာမြေ နည်းဥပဒေ ၂၄ (က) အရ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်တို့နှင့်ပတ်သက်၍ လည်းကောင်း၊ နည်းဥပဒေ ၄၇(ခ)အရ ငှားရမ်းခြင်းနှင့် နည်းဥပဒေ ၄၈ (ဂ) အရ ပေါင်နှံခြင်းတို့ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်အတည်ပြုထားသော လယ်ယာမြေများ၏ တစ်ဧက ဒေသပေါက်ဈေးနှုန်းထားများအရ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေ ဇယား (၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေပြီး ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုခြင်းကို ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာမြေ နည်းဥပဒေ ၂၄(ခ)အရ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း ကိစ္စရပ်တို့နှင့်ပတ်သက်၍ လည်းကောင်း၊ ၄၇(ဃ)အရ ငှားရမ်းခြင်းကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ ၄၈(င)အရ ပေါင်နှံခြင်း ကိစ္စရပ်နှင့်ပတ်သက်၍လည်းကောင်း ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုထားသော စာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်း သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများသို့ တင်ပြလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေ ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၆/၂၀၁၉ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ခနှုန်းထားများကို ပေးဆောင်စေ၍ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)(၃)တွင် "ခွင့်ပြုထားသည့်မြေကို စတင်ခွင့်ပြုသည့်နေ့မှ ၄ နှစ်ကျော်လွန်သည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိသော နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ပိုင်ခွင့်ရရှိထားသူ ၁၅၃၆ ဦး၏ ခွင့်ပြုထားသည့် ဧရိယာ ၁၅၄၉၉၈၀ ဒသမ ၂၇ ဧကကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သဖြင့် ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်များ ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်သည်။

စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ယခင်စနစ်ဟောင်းဖြစ်သည့် မှတ်ပုံတင်ပေးသော စာချုပ်စာတမ်းများကို မှတ်ပုံတင်စာအုပ်တွင် လက်ရေးဖြင့် ရေးကူးခြင်းကြောင့် ရက်ပေါင်း ၃၁ ရက် ကြာမြင့်ခဲ့သော်လည်း ယခုအသုံးပြုနေသော DDMS Software ကို ထပ်မံအဆင့်မြှင့်တင် အသုံးပြုသဖြင့် ကြာမြင့်ချိန် ၁၅ ရက်သို့ လျှော့ချနိုင်ခဲ့ပြီး အချက်အလက်များကို ပိုမိုကျစ်လျစ်လုံခြုံစွာ ထိန်းသိမ်းထားရှိနိုင်ခြင်း၊ ထိန်းသိမ်းထားရှိသော အချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေထုတ်ယူအသုံးပြုနိုင်ခြင်းနှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းကို အထက်ရုံးအဆင့်ဆင့်မှ ပိုမိုထိရောက်စွာ စီမံခန့်ခွဲကြီးကြပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိသည်။

"ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကမ္ဘာ့ဘဏ်ကနေ နှစ်စဉ်ထုတ်ပြန်တဲ့ မြန်မာနိုင်ငံအတွက် Ease of Doing Business အစီရင်ခံစာမှာ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းဆိုင်ရာ အညွှန်းကိန်း

အထူးကဏ္ဍ [ ဂ ] သို့ »»»

> လယ်ယာကဏ္ဍ တိုးတက်မှုနှုန်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက လျာထားဆောင်ရွက်လျက်ရှိ

»»» အထူးကဏ္ဍ [ ခ ] မှ

ဖြစ်တဲ့ (Registering Property Indicator) ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းလုပ်ငန်းတွင် လုပ်ငန်းစဉ်ကြာမြင့်ချိန်အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ၃၁ ရက်ရှိရာကနေ ၂၀၂၀ ပြည့်နှစ်မှာ ၁၅ ရက်အထိ လျှော့ချဆောင်ရွက်နိုင်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြေတိုင်းစီမံချက်အရ ကွင်းပေါင်း ၄၈၆၃ ကွင်းကို ဌာနပိုင် ခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် RTK GPS အစုံ ၇၀၀ နှင့် Total Station ၄၄၄ စုံကို အသုံးပြုပြီး ဒစ်ဂျစ်တယ်မြေပုံများအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ UTM စနစ်သုံး ဒစ်ဂျစ်တယ်ကွင်းမြေပုံများ တစ်နိုင်ငံလုံးချိတ်ဆက် အသုံးပြုနိုင်ရန် မြေပြင်ထိန်းမှတ် (GCP) မှတ်တိုင်ပေါင်း ၁၁၉၇ တိုင်ကို တိုင်းဒေသကြီး/ပြည်နယ်များမှာ စိုက်ထူခဲ့သည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေလုံလောက်စွာနှင့် အချိန်မှန်ရရှိရေးသည် တောင်သူလယ်သမားများအတွက် အဓိကအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ထိုသို့ တောင်သူများ၏ အောင်ရေရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေနှင့် နိုင်ငံတကာ အကူအညီများရယူ၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

“၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ငလိုက်ရေလှောင်တမံ၊ ဇီးတောရေလွှဲဆည်၊ ဘောနီရေလှောင်တမံနဲ့ သဲကောရေလှောင်တမံတို့ရဲ့ ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းရှစ်ခု အကောင်အထည်ဖော်ပြီးစီးပါက လယ်မြေဧက ရှစ်သောင်းကျော်ကို စိုက်ပျိုးရေလုံလောက်ပြည့်မီစွာ ပေးဝေနိုင်မှာဖြစ်ပါတယ်”ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်က ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်ခဲ့ပြီး ဆည်သက်တမ်း ၅၂ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ဝါရှောင်ရေလွှဲဆည်ကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အကြီးစားပြုပြင်ခြင်း လုပ်ငန်းများဖြစ်သည့် ရေဝပ်ဧရိယာအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးအဆောက်အဦပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မူလဆည်ရေသောက်ဧရိယာ ၁၁၄၄၆ ဧကကို ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန် ယခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည်။

သောက်သုံးရေရရှိရေးအနေဖြင့် ရေရှားပါးသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ပုလဲဒေသရှိ ရေလျှံဖုန်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် မြေအောက်ရေသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ပိုက်ထောင်၍ ဂိတ်ဘားတပ်ခြင်းကို ဆောင်ရွက်လျက်ရှိရာ တွင်းပေါင်း ၁၂၃၉ တွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ရေဘေးကာကွယ်ရေးနှင့် ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာရေးအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးသွားသော ဘီတွန်တာ၊ ရွှေးမြစ်နှင့် ပြာမလော့မြစ်တို့ရှိ ရေငန်တားတာများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လယ်ယာမြေဧက ၉၀၀၀၀ နီးပါးကို ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်သည်။

ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ချောင်း၊ မြောင်းတူးဖော်ခြင်းလုပ်ငန်း ၁၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အချိန်တိုအတွင်း သိသာထင်ရှားစွာ အကျိုးပြုနိုင်မည့် ရေနုတ်မြောင်း ၂၅ မြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ လယ်ယာမြေဧက ၂ သိန်းခန့်ကို ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ လျော့ပါးသက်သာစေမည်ဖြစ်သည်။



စက်မှုလယ်ယာသင်တန်းကျောင်း(ရေဆင်း)တွင် တောင်သူသင်တန်းသားများ စက်ဖြင့် ကောက်စိုက်ခြင်းကို လေ့ကျင့်သင်ကြားနေကြစဉ်။

“တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှာ စိုက်ပျိုးရေရရှိရေး လုပ်ငန်းပေါင်း ၁၀၈၃၃ ခု၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးနှင့် ရေဘေးကာကွယ်ရေးတာ လုပ်ငန်းပေါင်း ၃၅၇၃ ခုနဲ့ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၀၅၆ ခုတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ဒေသနေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

**စက်မှုလယ်ယာဦးစီးဌာန**

လယ်ယာကဏ္ဍ တိုးတက်ရေးကို ဆောင်ရွက်ရာတွင် ယနေ့ခေတ်၌ လယ်ယာလုပ်သားရှားပါးမှုသည် လယ်ယာစိုက်ပျိုးသူ တောင်သူများအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အဆိုပါ အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနက တောင်သူများအတွက် ဈေးနှုန်းမျှတပြီး အရည်အသွေးကောင်းမွန်၍ ထိရောက်အကျိုးရှိသော လယ်ယာသုံးစက်ကိရိယာများကို တီထွင်ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင် စက်ကိရိယာ ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားရေး၊ စက်မှုလယ်ယာစခန်းများ၌ ပြင်ဆင်ရေးအလုပ်ရုံများ အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် လယ်ယာသုံးစက်ကိရိယာ သရုပ်ပြပွဲများ ကျင်းပခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပုဂ္ဂလိကပိုင် စက်ကိရိယာများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ထွန်းကားလာရန်အတွက် စက်မှုလယ်ယာဦးစီးဌာနကသက်ဆိုင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရာ မြို့နယ်ပေါင်း ၉၇ ခုတွင် ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှု လုပ်ဆောင်နေသူ ၂၅၅၄ ဦးကို စုစည်း၍ပုဂ္ဂလိက စက်မှု လယ်ယာဝန်ဆောင်မှု အသင်းပေါင်း ၁၂၅ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ၎င်းတို့ပိုင်ဆိုင်သော ထွန်စက်ကြီး ၁၉၅၁ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက်အစီး ၅၂၀ တို့ဖြင့် ပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ (၄)နှစ်တာကာလအတွင်း ထွန်စက်ကြီး ၂၈၅၆ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၃၅၅ စီး အပါအဝင် လယ်ယာသုံးစက်ကိရိယာ စီးရေပေါင်း ၃၀၈၂၂ စီးကို တောင်သူများနှင့် ပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှု အသင်းများကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

“ဦးစီးဌာနမှာရှိတဲ့ စက်မှုလယ်ယာစခန်းတွေက ပြင်ဆင်ရေးအလုပ်ရုံတွေကို အဆင့်မြှင့်တင်ခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ (၄)နှစ်တာကာလအတွင်း စက်ကိရိယာစုစုပေါင်း ၄၀၄၉ စီးကို ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

နိုင်ငံတကာတွင် အသုံးပြုနေကြသော လယ်ယာသုံးစက်ကိရိယာ အမျိုးအစားများစွာကို တောင်သူများ သိရှိဗဟုသုတရရှိစေရန် ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့နယ်၌ AGRI TECHNICA ASIA Live Field Day နိုင်ငံတကာ လယ်ယာသုံးစက်ကိရိယာပြပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူလယ်သမား ၂၀၀၀ ကျော် တက်ရောက်လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့၍ (၄)နှစ်တာကာလအတွင်း သရုပ်ပြပွဲ ၉၆၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တောင်သူ ၁၆၅၉၂ ဦးကို လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

“ဒါ့အပြင် သမားရိုးကျလယ်ယာမြေတွေကို စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်တဲ့ လယ်ယာမြေ တွေအဖြစ် ပြောင်းလဲအဆင့်မြှင့်တင်ခြင်းနှင့် စနစ်ကျသော ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်းတို့ကို (၄)နှစ်တာကာလအတွင်း စနစ်ကျလယ်ယာမြေ ၂၃၈၆၄ ဧကနဲ့ ကုန်းမြင့်လယ်ယာမြေ ၄၈၉၅ ဧကကို ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်၌ ၂၀၁၉ ခုနှစ် မိုးရာသီတွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ကောက်စိုက်စက် စပါးပျိုးဗန်း ၄၁၈၀၀ ကို ရေမကျမီ ကြိုတင်ပျိုးထောင်ပေးခဲ့ပြီး ကောက်စိုက်စက်ဖြင့် ၂၂၄ ဒသမ ၇၀ ဧကကို စိုက်ပျိုးပေးခဲ့သည့်အပြင် ပျိုးထောင်ပြီး စပါးပျိုးဗန်း ၁၈၁၀၀ ကိုလည်း တောင်သူများသို့ ၎င်းတို့အစီအစဉ်ဖြင့် စိုက်ပျိုးနိုင်ရန် ဖြန့်ဝေပေးခဲ့သည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံပြီး အာဟာရဓာတ်ပြည့်ဝသော သုတေသနကို စွန့်ဦးတီထွင်ဆောင်ရွက်သွားရန်ဟူသော ရည်မှန်းချက်ဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သုတေသနပြုဆောင်ရွက်ခဲ့သဖြင့် မျိုးကူးစပ်မွေးမြူခြင်း သုတေသနလုပ်ငန်းမှ အထွက်နှုန်းကောင်းမွန်သော ပီလောပီနံမျိုးသစ် ၁ မျိုး (ရေဆင်းကလော-၁)၊ နည်းပညာအသစ်များ ဖော်ထုတ်ခြင်း သုတေသနလုပ်ငန်းမှ မျိုးစေ့သိုလှောင်ရာ၌ မျိုးစေ့အရည်အသွေးထိန်းသိမ်းနိုင်သော သိုလှောင်ရေးနည်းပညာ၊ အစေ့ထုတ်ပြောင်း၏ အာဖလာတောပ်ဆင်လ်မှိုဆိပ်ကျရောက်မှုကို လျှော့ချနိုင်သော နည်းပညာ၊ နေရောင်ခြည်စွမ်းအင်သုံး လေပူဖောင်း အခြောက်ခံစက် (Solar Bubble Dryer) ဖြင့် သီးနှံများအား အခြောက်ခံသော နည်းပညာ၊ ကောက်စိုက်စက်များအသုံးပြု၍ စပါးမျိုးစေ့ထုတ်ရာ၌ တွေ့ကြုံရမည့် အားနည်းချက်/အားသာချက်များစသည့် နည်းပညာ၊ အစားအစာ အာဟာရဓာတ်ပြည့်ဝစေရေး သုတေသနလုပ်ငန်းများမှ စားဖိုဆောင်သီးနှံများ တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းနိုင်သော အာဟာရရှည် အချိုးအစားဖော်ထုတ်ခြင်း နည်းပညာ၊ ရိတ်သိမ်းရန် စောင့်ဆိုင်းရမည့်အချိန်ကို ဖော်ထုတ်ခြင်းနည်းပညာ၊ အပင်ရောဂါသုတေသန လုပ်ငန်းများမှ ဓာတုမှိုသတ်ဆေး၊ ဇီဝမှိုသတ်ဆေးနှင့် ကြက်သွန်ဖြူစစ်ထုတ်ရည်တို့ဖြင့် ကာကွယ်နိုင်သော နည်းပညာနှင့် စပါး၊ ဆီထွက်၊ ပဲမျိုးစုံသီးနှံများ၌ ကျရောက်သော ပိုးများကို ကာကွယ်နိုင်သော နည်းပညာများကို ထူးခြားစွာသုတေသနပြုဖော်ထုတ်နိုင်ခဲ့သည်။

“မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို တောင်သူထံ ဖြန့်ဝေပေးနိုင်မှုအနေနဲ့ စုစုပေါင်း သီးနှံမျိုးစေ့ ၁၈၀၁၅ ဒသမ ၅၀ တင်းကို ဖြန့်ဖြူးနိုင်ခဲ့ပြီး သုတေသနတွေ့ရှိချက်တွေကို တောင်သူများ သိရှိနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲ ၁၄ ကြိမ်၊ နည်းပညာသင်တန်း ၁၂၃ ကြိမ်၊ လေ့လာရေး ၁၀၈ ကြိမ်နဲ့ ကွင်းသရုပ်ပြပွဲ ၆ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

ထို့ပြင် Lab to Farm အစီအစဉ်အရ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်၍ ISO 9001 – 2015 ရရှိအောင်ဆောင်ရွက်ခြင်း၊ အဆင့်မြင့် မျိုးကူးစပ်ရုံများ တည်ဆောက်ခြင်းနှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေအသစ် ရေးဆွဲပြဌာန်းခြင်းတို့ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည်။

**သမဝါယမဦးစီးဌာန**

“ကျေးလက်နဲ့ မြို့ပြနေ အခြေခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်နဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဆောင်ရွက်လျက်ရှိရာ သမဝါယမ အသင်းသစ် ၁၉၅၃ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

အသေးစား အရင်းအနှီး ချေးငွေလုပ်ငန်းကို ၆ လတစ်ကြိမ် ထုတ်ချေး၊ ပြန်ဆပ် စနစ်ဖြင့် ဆောင်ရွက်ခဲ့သည့်အပြင် အရစ်ကျ Hire Purchase စနစ်ဖြင့် သမဝါယမအသင်းသားတောင်သူများသို့ စက်ကိရိယာများ ရောင်းချပေးနိုင်ခဲ့သည်။

လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ခြင်းနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ လယ်ယာမြေပေါင်း ၈၈၁၄ ဒသမ ၈၇ ဧကပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။

လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများကို တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုရှိ မြို့နယ် ၁၁၄ မြို့နယ်မှ အသင်းပေါင်း ၆၀ နှင့် မြို့နယ်သမဝါယမအသင်းစု ဝန်ဆောင်မှုလုပ်ငန်းခွဲ ၇၇ ခုတို့တွင် မြေထယ်ထိုးထွန်ယက်ပြုပြင်ခြင်း၊ စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ စပါးသိုလှောင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) ၉၇ စီးနှင့် ထွန်စက်ကြီး ၇၃၉ စီးဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေး သမဝါယမအသင်းများကို ချေးငွေထုတ်ချေးပေးမှုအနေဖြင့် မျိုးစေ့ထုတ်ဧက ၁၂၃၀၈ ဧကအတွက် ချေးငွေကျပ် ၁၆၂၁ သန်းကို ပံ့ပိုးထုတ်ချေးပေးနိုင်ခဲ့သည့်အပြင် သမဝါယမအသင်းသား တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော သွင်းအား စုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် (၄)နှစ်တာကာလအတွင်း သမဝါယမ တက္ကသိုလ်/ကောလိပ် ၄ ခုမှ မဟာဘွဲ့၊ ဘွဲ့လွန် ဒီပလိုမာ၊ ဘွဲ့နှင့် ဒီပလိုမာရရှိသူ ၆၉၉၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန**

အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း ၁၀ မျိုး အပါအဝင် ရိုးရာလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ရန်ဟူသည့် ဌာန၏ မျှော်မှန်းချက်နှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်း ၃၉၃ ကြိမ်နှင့် သင်တန်းသား ၈၀၆၀ ကို မွေးထုတ်နိုင်ခဲ့ပြီး သင်တန်းဆင်းအများစုသည် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိသည်။

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်းမပြုနိုင်ခဲ့သည့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ ကိုရီးယားနိုင်ငံ အခြေစိုက် FLCM နှင့် Korea Vocational Training Center စီမံကိန်းကို နားလည်မှုစာချွန်လွှာရေးထိုး၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး၏ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်း (Training Course on Food Processing) စီမံကိန်းဖြင့် သင်တန်းသား ၂၀၀ ကို မွေးထုတ်ပေးနိုင်ခဲ့သည်။

"အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ မန္တလေးမြို့တွင် **အသေးစား စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ**၊ ရက်ကန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ **ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာ ကျောင်းဆင်းလက်ရာနဲ့ ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်တို့ကို** ကျင်းပနိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးဒေါက်တာ အောင်သူက ပြောသည်။

ဌာန၏ မျှော်မှန်းချက်နှင့်အညီ ရက်ကန်းလုပ်ငန်းများနှင့် ပန်း ၁၀ မျိုး အပါအဝင် ရိုးရာလက်မှု အနုပညာလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန် အားပေးမြှင့်တင်ခြင်း၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးခြင်းဖြင့် ဒေသခံပြည်သူများအတွက် ဝင်ငွေတိုးတက်မှု ရရှိလာခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ ပေါ်ပေါက်လာခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များရရှိလာခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုလျက်ရှိသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် ပြည်တွင်း၌ သီးနှံ၊ သားငါးရိက္ခာ ဖူလုံစေပြီး အကျိုးအမြတ်များသည့် ပြည်ပပို့ကုန်တိုးမြှင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကို အခြေခံ၍ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်း ၃၃ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။



မဲခေါင်-လန်ချန်းအထူးရန်ပုံငွေအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ပို့ချနေမှုကို တွေ့ရစဉ်။

ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အတွက် ကျွဲနွားများ သယ်ဆောင်၍ သားသတ်ခြင်း လုပ်ငန်းနှင့် ကျွဲနွားများကို စီးပွားဖြစ်မွေးမြူရန် ရွှေ့ပြောင်းသယ်ဆောင်မွေးမြူခြင်းဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်နှင့် ကျွဲ၊ နွားများသယ်ဆောင်ရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဌာနမှ ဆောင်ရွက်ရမည့် ဌာနတွင်းညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ကွတ်ခိုင်မြို့နယ်တွင် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ခဲ့ပြီး မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတား BCF ဇုန်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ Passenger Office နှင့် Cargo Office တစ်ခန်းစီထားရှိပြီး Import/Export လုပ်ငန်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ စီမံချက်ကို ပြန်လည်ဆန်းစစ်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး မွေးမြူရေးကဏ္ဍတွင် ပဋိဇီဝဆေးယဉ်ပါးမှုကို လျှော့ချနိုင်ရန် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများ၌ Growth Promoter အဖြစ် သုံးစွဲနေခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် မူဝါဒတစ်ခု၊ စည်းမျဉ်းစည်းကမ်းတစ်ခု ချမှတ်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ 1st Stakeholders Meeting ကိုလည်း ကျင်းပခဲ့သည်။

"၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကင်းစင်ရမည်" ဟူသော တစ်ကမ္ဘာလုံး ရည်မှန်းချက်ကို မြန်မာနိုင်ငံအနေဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် OIE တို့ပူးပေါင်း၍ **National Action Plan for Rabies Elimination in Dog** စီမံချက်ကို အပြီးသတ်ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ခွေးရူးရောဂါကာကွယ်ဆေး အဆတစ်သိန်းငါးသောင်းကျော်ကို ထိုးနှံပေးခဲ့သည်။

ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရေး အတွက် အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါထိန်းချုပ်သည့် အစီအစဉ်များ ရေးဆွဲခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေး ကျင့်စဉ်ရေးဆွဲခြင်းတွင် ဝက်မွေးမြူရေးနှင့် စပ်လျဉ်း၍ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝက်ခြံမှတ်ပုံတင်ခြင်း ရှေ့ပြေးစမ်းသပ်လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကောင်းမွန်သော မွေးမြူရေးလုပ်ငန်း ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ အသိအမှတ်ပြုခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအဆင့်နှင့် ညှိနှိုင်းသဘောတူညီမှုရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အထက်မြန်မာပြည် မျိုးရည်ခဲချောင်း ထုတ်လုပ်ရေးခတ်ခွဲခန်းနှင့် အောက်မြန်မာပြည်မျိုးရည်ခဲချောင်းထုတ်လုပ်ရေး ခတ်ခွဲခန်းတို့မှ ခိုင်းနွားနှင့် နို့စားနွား မျိုးရည်ခဲချောင်းများ ထုတ်လုပ်လျက်ရှိရာ ခိုင်းနွားမျိုးရည်ခဲချောင်း၊ အသားတိုးနွား မျိုးရည်ခဲချောင်း၊ နို့စားနွား မျိုးရည်ခဲချောင်းများကို ဖြန့်ဖြူးနိုင်ခဲ့သည်။

**ငါးလုပ်ငန်းဦးစီးဌာန**

ငါးမွေးမြူရေးထွက်ကုန်များ အီးယူနှင့် နိုင်ငံတကာဈေးကွက်သို့ အရည်အသွေး ပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် EU guidelines နှင့်အညီ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ စားသုံးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို မွေးမြူရေးလုပ်ငန်းရှင်များ သိရှိနားလည်စေရန်နှင့် GAqP စနစ်နှင့်အညီ မွေးမြူထုတ်လုပ်နိုင်ရန် ပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

"မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းတွေကို နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရေထွက်ပစ္စည်းတင်ပို့မှုအနေနဲ့ အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၀၈၉ သန်း တိုးတက်တင်ပို့နိုင်ခဲ့ပါတယ်"ဟုပြည်ထောင်စုဝန်ကြီးဒေါက်တာ အောင်သူက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒိန်းမတ် – မြန်မာ ရေရှည်တည်တံ့သော ကမ်းရိုးတန်းငါးလုပ်ငန်း စီမံကိန်း (SCF)နှင့် Myanmar – Norway ICC လက်မှတ်ရေးထိုးခြင်း၊ Myanmar–Korea (MoU)လက်မှတ်ရေးထိုးခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် EU–GIZ တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခဲ့ပြီး ငါး/ပုစွန်မွေးမြူရေး လုပ်သားများ၏ စံသတ်မှတ်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်ရှိနေစေရန်၊ ငါးထုတ်လုပ်မှု တိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ဒေသခံပြည်သူများ ငါးမွေးမြူခြင်းဖြင့် အသိပညာတိုးတက်လာစေရန်နှင့် လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ ငါးသားပေါက်ကောင်ရေ ၁၄၈၈ ဒသမ ၅၅ သိန်း မျိုးစိုက်ထည့်နိုင်ခဲ့သည်။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး၊ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် ငါးကုန်တက်အထိအမိကို သိရှိနိုင်ရေးတို့အတွက် ရေယာဉ်များကို စောင့်ကြည့်ထိန်းသည့်စနစ် (Vessel Monitoring System – VMS) တပ်ဆင်အသုံးပြုရန် ဆောင်ရွက်လျက်ရှိသည်။

"ဒေသခံဧရာဝတီလင်းပိုင် ရေလုပ်သားတွေနဲ့ ကျေးရွာလူထု အပိုဝင်ငွေရရှိစေနိုင်တဲ့ ဧရာဝတီ လင်းပိုင်ကြည့်ရှုခြင်းနှင့် ဧရာဝတီ လင်းပိုင်အခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မေ ၁၅ ရက်တွင် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇုန်ဧရိယာ–၁အတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာမှာ ခရီးသွားဧည့်သည်များ တည်းခိုနိုင်တဲ့ Dolphin Community Lodge ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။



တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာရှိ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

နော်ဝေနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် Bilateral meeting for fish development and High Level Conference "Our Ocean Conference–2019" တွင် တရားမဝင်ငါးဖမ်းဆီးမှုလျှော့ကျစေရေး၊ ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ ငါးသယံဇာတများ မွေးမြူဖမ်းဆီးထုတ်လုပ်မှုမှတစ်ဆင့် ပင်လယ်ပြင်ဂေဟစနစ်နှင့်အဏ္ဏဝါသယံဇာတအရင်းအမြစ်များ မပျက်စီးစေရေး၊ ရေရှည်တည်တံ့သော အဏ္ဏဝါစီးပွားရေးစနစ် ဖြစ်ပေါ်လာရေး၊ အနာဂတ်တွင် ဖြစ်နိုင်ခြေရှိသည့် ပဋိပက္ခများနှင့် နေရာဒေသအပိုင်းအခြားအလိုက် ကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်ရေးအတွက် မူဝါဒများချမှတ်ခြင်းနှင့်အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအနေဖြင့် ငါးလုပ်ငန်းပူးပေါင်းထိန်းသိမ်းရေးဧရိယာများနှင့် ထပ်မံတိုးချဲ့ဖော်ထုတ်ပြီး ဆောင်ရွက်ရန် ကြေညာခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နော်ဝေနိုင်ငံမှ Dr.Fridtjof Nansen ရေယာဉ်ဖြင့် သုတေသန လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် ထိုင်းနိုင်ငံရှိ ရေပြင်များအတွင်း ငါးသယံဇာတ တည်ရှိနေမှုနှင့် ငါးမျိုးစိတ်များပျံ့နှံ့တည်ရှိနေမှု၊ ရေဂေဟဂေဟဆိုင်ရာ အချက်အလက်များအလိုက် ငါးများပြောင်းလဲကျက်စားနေမှု အခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် ငါးများ၏ ဥနှင့်သားလောင်းများ၏ ပေါက်ဖွားကြီးပြင်းရာ အချိန်နှင့်ဒေသများ သိရှိနိုင်ရန်နှင့် ရေထုနှင့် ငါးများ၏ အသားအတွင်း Micro plastic ပါဝင်နေမှု အခြေအနေများ သိရှိနိုင်ရန်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ပိုင်နက်ပင်လယ်ပြင်ရှိ ငါး တည်ရှိမှုများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း Dr.Fridtjof Nansen ၏ သုတေသနရလဒ်များကို ထုတ်ပြန်နိုင်ခဲ့သည်။

**စိုက်ပျိုးရေးတက္ကသိုလ်**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် အဆင့်မြင့်စိုက်ပျိုးရေးပညာများကို သင်ကြားပေးသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်လိုအပ်နေသော စားဝတ်နေမှုကို ဖြည့်ဆည်းပေးရာတွင် လယ်ယာကဏ္ဍမှကျွမ်းကျင်စွာ ဆောင်ရွက်ပေးနိုင်မည့် စိုက်ပျိုးရေးပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးသည့် နေရာလည်း ဖြစ်သည်။

အဆင့်မြင့် စံပြစိုက်ပျိုးရေးနည်းပညာများကို သင်ကြားဖြန့်ဖြူးပေးခြင်းဖြင့် နိုင်ငံကိုကိုယ်စားပြု၍ နိုင်ငံတကာပညာရှင်များနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်သော စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ရိုးရိုးဘွဲ့ (B.Agr.Sc)၊ ဘွဲ့လွန်ဒီပလိုမာ၊ မဟာဒသနဘွဲ့ (MPhil)နှင့် ပါရဂူဘွဲ့(PhD)များ စုစုပေါင်း ၁၃၇၉၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အနေဖြင့် တက္ကသိုလ်၏ အဓိက တန်ဖိုးထားမှုများ (Core Values)ဖြစ်သော သင်ကြားရေး၊ သုတေသနဆောင်ရွက်ရေးနှင့် လူထုပညာပေးရေး တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်မည့် မွေးမြူရေးပညာရှင်များနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်ကောင်းများ ပေါ်ထွန်းလာရေး အတွက် လေ့ကျင့်သင်ကြားပေးရန် ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရိုးရိုးဘွဲ့(BASc)၊ ရိုးရိုးဘွဲ့(BVSc)၊ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(ပြည်တွင်း)(MVSc)၊ ပါရဂူဘွဲ့(ပြည်တွင်း)(PhD) များအတွက် စုစုပေါင်း ၆၈၄၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများကို ရေးသားတင်ပြလိုက်ရပါသည်။ ။